ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်၊ ကြာသပတေးနေ့၊ (20-8-2015) (၈၂၉၈)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဟန်ဂေရီနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာများပေးပို့

**နေပြည်တော် ဩဂုတ် ၂၀**

၂၀၁၅ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် ကျရောက်သော ဟန်ဂေရီနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဟန်ဂေရီနိုင်ငံသမ္မတ မစ္စတာ ယာနော့စ် အာဒါ ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၅ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် ကျရောက်သော ဟန်ဂေရီနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဟန်ဂေရီနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဗစ်တာ အော်ဘန်း ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# မူလလုပ်ငန်းများ ပြန်လည်ပုံမှန်လည်ပတ်နိုင်စေရေး ဦးစားပေးလုပ်ဆောင်ရမည်

**နေပြည်တော် ဩဂုတ် ၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၀ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိပြီး ကုသဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လူနာများအား အားပေးစကားပြောကြားသည်။

ထို့နောက် ရေနစ်မြုပ်ခဲ့သည့် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လတ်တလောလိုအပ်သည့် အခြေခံလိုအပ်ချက်များ၊ ဆေးရုံဆိုင်ရာလိုအပ်ချက်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မှာကြားကာ ဆေးသိုလှောင်ရုံအတွင်း ဆေးဝါးများ အစားထိုးသိုလှောင်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် ကလေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး နစ်မြုပ်ခဲ့သည့် ကျောင်းဆောင်များ၏ အခြေအနေနှင့် ရေကျခဲ့ပြီးနောက် ကျောင်းသားကျောင်းသူများ ပြန်လည်စာသင်ကြားနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဆရာ ဆရာမများနှင့် တွေ့ဆုံရာ ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှ တာဝန်ရှိသူများက ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုအခြေအနေနှင့် လတ်တလောလိုအပ်သည့် အဆောက်အအုံများ၊ သင်ကြားမှုအထောက်အကူပြုပစ္စည်းများ

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကလေးမြို့နယ် ကျောက္ကာကျေးရွာရှိ ရေဘေးသင့်ပြည်သူများကို အားပေးစကားပြောကြားစဉ်။** (သတင်းစဉ်)

# ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း စစ်အုပ်ချုပ်ရေးဒေသအဖြစ် ကြေညာထား

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**

**စစ်အုပ်ချုပ်ရေးအမိန့်အမှတ် (၃/၂၀၁၅)**

**၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း (၃)ရက်**
**၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၁၈)ရက်**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်အုပ်ချုပ်ရေးကြေညာချက်အမှတ်(၂)ကို ၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်၊ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက် ရက်စွဲဖြင့် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လောက်ကိုင်)၊ ဒေသကွပ်ကဲရေးမှူး ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၁၈၆၈ ဗိုလ်မှူးကြီး ဇော်ဇော်နိုင်အား စစ်အုပ်ချုပ်ရေးဒေသအဖြစ် ကြေညာထားသော ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း အုပ်ချုပ်ရေးဆိုင်ရာလုပ်ပိုင်ခွင့်များနှင့် တာဝန်များကိုလည်းကောင်း၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် သက်ဆိုင်သည့် တရားစီရင်ရေးဆိုင်ရာလုပ်ပိုင်ခွင့်တာဝန်များကိုလည်းကောင်း ကျင့်သုံးဆောင်ရွက်ရန် ထုတ်ပြန်ပြီးဖြစ်သည်။

၂။ စစ်အုပ်ချုပ်ရေးဒေသအတွင်းရှိ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့်တို့သည် ယင်းတို့နှင့်သက်ဆိုင်သည့် လုပ်ငန်းတာဝန်များကို ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၁၈၆၈ ဗိုလ်မှူးကြီးဇော်ဇော်နိုင်၊ ဒေသကွပ်ကဲရေးမှူး၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လောက်ကိုင်)၏ ကွပ်ကဲမှုအရ ဆောင်ရွက်ရမည်။

၃။ ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၁၈၆၈ ဗိုလ်မှူးကြီးဇော်ဇော်နိုင်၊ ဒေသကွပ်ကဲရေးမှူး၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လောက်ကိုင်)သည် စစ်အုပ်ချုပ်ရေးဒေသအတွင်း စစ်နယ်မြေများသတ်မှတ်၍ စစ်နယ်မြေမှူးများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သဘောတူညီချက်ဖြင့် စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ပြီး ခန့်ထားနိုင်သည်။

၄။ ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၁၈၆၈ ဗိုလ်မှူးကြီးဇော်ဇော်နိုင်၊ ဒေသကွပ်ကဲရေးမှူး၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လောက်ကိုင်)သည် စစ်အုပ်ချုပ်ရေးဒေသအတွင်း မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများဖြင့်သော်လည်းကောင်း၊ မိမိတာဝန်လွှဲအပ်သော ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့ဖြင့်သော်လည်းကောင်း အောက်ပါကိစ္စရပ်များကို ပြီးမြောက်အောင် ဆောင်ရွက်ရမည်-

**စာမျက်နှာ ၄ ကော်လံ ၁ သို့** ✻



ကြေးမုံစာတည်းရှုထောင့် ၂၀-၈-၂၀၁၅၊ ကြာသပတေးနေ့

# ယုံကြည်မှုဖြင့် ခိုင်မာစွာရပ်တည်

မြန်မာရာဇဝင်တွင် ကောလာဟလသတင်းများကြောင့် ပျက်စီးရသည့်အဖြစ်ရှိခဲ့ဖူးသည်။ မြန်မာသက္ကရာဇ် ၁၆ ခုနှစ် ပြည်သရေခေတ္တရာတွင် လေပွေလာသဖြင့် ဆန်ကောလွင့်လာသည်ကို ငစကောစစ်လာသည်ဟု ထင်မှတ်ပြီး ပျူ ကမ်ရမ်း၊ မြန်မာလူမျိုး သုံးမျိုးကွဲကာ တိုင်းပြည်ပျက်ခဲ့ရသည့် အဖြစ်ကြုံဖူးသည်။

ရိုမေဖွယ်သတင်းများ ကောလာဟလတစ်ခုပင်ဖြစ်သော်လည်း လူတို့၏ ဆင်ခြင်ဉာဏ်နည်းပါးမှုကြောင့် လူမျိုးပျက်၊ တိုင်းပြည်ပျက်ဖြစ်ခဲ့မှုသည် သင်ခန်းစာယူဖွယ်ဖြစ်သည်။ မျက်မှောက်ကာလတွင်လည်း မမှန်မကန် ကောလာဟလသတင်းများများကြောင့် ပျက်စီးဆုံးရှုံးမှုများ ရှိခဲ့ပြီးဖြစ်သည်။ အထူးသဖြင့် လူမျိုးရေး၊ ဘာသာရေးမမှန်သတင်း ကောလာဟလများမှာ ထိခိုက်ရှလွယ်မှုများသည်။

ထိုမျှသာမက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စများမှာလည်း ထိုနည်းနှင်နှင်ပင်။ ယခုတစ်လောတွင် လက်ရှိဖြစ်ပေါ်နေသော အခြေအနေများကိုအကြောင်းပြုကာ မမှန်ကန်သည့် ကောလာဟလသတင်းများ ထွက်ပေါ်ခဲ့သည်။ ယင်းသို့ထွက်ပေါ်မှုကြောင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝကို ထိခိုက်နစ်နာမှု အနည်းနှင့်အများဆိုသလို ဖြစ်ပေါ်ခဲ့သည်။

စီးပွားရေးတွင် ကုန်ဈေးနှုန်းမတည်ငြိမ်မှုဒဏ်ကို ပြည်သူတို့ခါးစည်းခံရသည်။ လတ်တလောတွင် ပြည်တွင်းရှိ ပုဂ္ဂလိကဘဏ်အချို့နှင့်ပတ်သက်ပြီး မမှန်ကန်သည့် ကောလာဟလသတင်းများပေါ်ထွက်လာသည်။ အချို့ဘဏ်များ ဖျက်သိမ်းတော့မည်ဟု မမှန်ကန်သည့် သတင်းထုတ်လွှင့်မှုများ ရှိလာခဲ့သည်။

ပြည်တွင်းရှိ ပုဂ္ဂလိကဘဏ်အချို့နှင့်ပတ်သက်ပြီး ထွက်ပေါ်လာသည့် သတင်းများမှာ ကောလာဟလသတင်းများသာဖြစ်သည်။ ဘဏ်များအားလုံးသည် ဗဟိုဘဏ်၏သတ်မှတ်ထားသော စည်းကမ်းဘောင်နှင့် အချိုးများအတွင်းသာရှိနေကြောင်းနှင့် ဘဏ်များတွင် ငွေကြေးအကျပ်အတည်း ဖြစ်ပေါ်ပါကလည်း လိုအပ်သောအကူအညီများကို ဥပဒေနှင့်အညီ အပြည့်အဝပံ့ပိုးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ယမန်နေ့က ထုတ်ပြန်ကြေညာထားသည်။

ထုတ်ပြန်ချက်အရ ဗဟိုဘဏ်အနေဖြင့် မည်သည့်ဘဏ်ကိုမျှ ပိတ်သိမ်းရန် အစီအစဉ်မရှိချေ။ ဘဏ်များအားလုံးသည်လည်း ဗဟိုဘဏ်၏ စိစစ်မှုအောက်တွင်ရှိနေသည်။ ပြည်တွင်းဘဏ်များအားလုံး ငွေကြေးအကျပ်အတည်းမဖြစ်အောင် နိုင်ငံတကာထုံးစံများနှင့်အညီ အချိုးများ၊ စည်းကမ်းသတ်မှတ်ချက်ဘောင်များအတိုင်း ငွေကြေးတည်ငြိမ်မှုရှိအောင် ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုကဲ့သို့ဖြစ်စဉ်များသည် စီးပွားရေးအရဖြစ်စေ၊ နိုင်ငံရေးအရဖြစ်စေ အခြေအနေတစ်ခုကို အခွင့်ကောင်းယူပြီး ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခြင်းမျိုးလည်းရှိသည်။ လူမှုကွန်ရက်မှ မသမာသောနည်းလမ်းဖြင့် ဖြန့်ဝေခြင်းမျိုးလည်းရှိသည်။ မသမာသူတစ်ဦးတစ်ယောက်၏ မမှန်မကန်ထုတ်လွှင့်မှုကြောင့် ထိခိုက်နစ်နာမည်မှာ နိုင်ငံနှင့်ပြည်သူပင်ဖြစ်သည်။ ထို့ကြောင့် မမှန်ကန်သော ကောလာဟလသတင်းများကို နားမယောင်မိဖို့ လိုမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့်လည်း အများပြည်သူထိခိုက်နစ်နာမှုမရှိစေရန် အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။ အဆိုပါကိစ္စရပ်များ ဖြစ်ပွားခြင်းမရှိနိုင်စေရန် ဗဟိုဘဏ်နှင့်သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်းကာ ထိရောက်စွာအရေးယူသွားမည်ဆိုလျှင် နောင်တွင်အဆိုပါကိစ္စများ ဖြစ်ပွားမှုနည်းပါးသွားမည်ဖြစ်ပြီး ပြည်သူများစိတ်ချလက်ချ ဘဏ်စနစ်ဖြင့် ငွေကြေးလှည့်ပတ်သုံးစွဲနိုင်မည်ဖြစ်သည်။

မြန်မာ့သမိုင်းရှိ လူမှုဘဝမှတ်တမ်းတွင် ကြောက်မက်ဖွယ်ကောင်းသည့် ကောလာဟလမုန်တိုင်းများနှင့်ကြုံတွေ့ခဲ့ရပြီးဖြစ်သည်။ ထိုမုန်တိုင်းဒဏ်ကြောင့် ပြည်သူများပင် ထိခိုက်နစ်နာခဲ့ရသည်။ မထင်မှတ်ဘဲ ဖြစ်ခဲ့ရသည့် မုန်တိုင်းနှင့် ရည်ရွယ်ချက်ရှိရှိဖန်တီးခဲ့သော မုန်တိုင်းများကို ပြည်သူများ ခွဲခြားသုံးသပ် နားလည်ထားနိုင်ရန်အတွက် သတင်းအမှန်များကို ရွေးချယ်သိတတ်ရမည်။

သို့မှသာ အေးချမ်းသာယာသော နိုင်ငံတော်အတွင်းဝယ် စိတ်ချလက်ချ နေထိုင်လုပ်ကိုင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ။

## ဆီထွက်သီးနှံ ဗဟိုသုတေသနစိုက်ပျိုးရေးခြံ၌ စိုက်ကွင်းသရုပ်ပြပွဲကျင်းပ

**မကွေး ဩဂုတ် ၁၉**

မကွေးမြို့နယ် ဆီထွက်သီးနှံဗဟိုသုတေသနစိုက်ပျိုးရေးခြံ၌ စိုက်ပျိုးရေး သုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ အပူပိုင်းဇုန်ဒေသအတွင်း ရေချွေတာသုံးစွဲစိုက်ပျိုးသည့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (WSAT) (JICA) ၏အစီအစဉ်ဖြင့် မကွေးမြို့နယ်ရှိ တောင်သူများသို့ မြေပဲ၊နှမ်း၊ ပဲတီစိမ်း၊ ပဲစင်းငုံ သုတေသနစမ်းသပ်စိုက်ကွင်းများ အလားအလာရှိသည့် မျိုးသစ်စိုက်ကွင်းများကို ဩဂုတ် ၁၈ ရက် နံနက် ၈ နာရီက တောင်သူပညာပေး သရုပ်ပြပွဲ ကျင်းပသည်။



ရှေးဦးစွာ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ဆီထွက်သီးနှံဗဟိုသုတေသနစိုက်ပျိုးရေးခြံ တာဝန်ခံ ဦးသိန်းငွေဦးက စီမံကိန်းအကြောင်းအရာ အကျဉ်းချုပ်နှင့် လုပ်ငန်းစဉ်များ၊ နှမ်းမျိုးသစ် မျိုးကောင်းများထုတ်လုပ်မှုအခြေအနေ၊ ရေငတ်ခံ အထွက်ကောင်းသည့် နှမ်း၊ မြေပဲမျိုးများနှင့် ပဲတီစိမ်းမျိုးများ ရေရှည်တည်တံ့သည့် စိုက်ပျိုးရေးနည်းစနစ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန မကွေးခရိုင်ဦးစီးမှူး ဦးသိန်းလွင်က အပူပိုင်းဒေသတောင်သူများ နွားစာရှားပါးမှုကိုဖြေရှင်းနိုင်ရန် နေပီယာမြက်မျိုးအကြောင်းနှင့် စိုက်စနစ်များအကြောင်းကို ပြောကြားကာ တက်ရောက်လာသည့်တောင်သူများနှင့်အပြန်အလှန်ဆွေးနွေးခဲ့ပြီး ဆီထွက်သီးနှံဗဟိုသုတေသန စိုက်ပျိုးရေးခြံ (မကွေး)မှ အလားအလာကောင်းသော ပဲမျိုးစုံသီးနှံများနှင့် နှမ်း၊ မြေပဲမျိုးများ၏ အရည်အသွေးလက္ခဏာများနှင့် စိုက်ပျိုးနည်းစနစ်များကို တောင်သူများသိရှိနိုင်ရန် ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် တောင်သူများက စိုက်ကွင်းအတွင်း လေ့လာကြရာ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူးနှင့် စိုက်ကွင်းတာဝန်ခံများက ရှင်းလင်းပြောကြားကြပြီး တောင်သူများနှင့် အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း
သတိချပ်စေလိုပါသည်။ မဲစာရင်းများယွင်းမှု
ရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။ မဲပေးပိုင်ခွင့်ရှိသူ
အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင်
ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု
လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ၅၀(ဂ)တွင်
အတိအလင်း ပြဋ္ဌာန်းထားပါသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဩဂုတ် ၁၉**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၅၉၅၀၀ | - | ၇၆၀၅၀၀ |
| မန္တလေး | ရွှေဈေး | ၇၅၉၅၀၀ | - | ၇၆၀၅၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၆၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၀၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၀၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၂၇၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၄၀၇. ၀ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၉၉. ၄၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၅. ၈၇၅ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၁၂. ၅၈ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၉. ၄၇၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၁၀၂၅. ၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၀၇. ၄၅ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၉၃၅. ၈၅ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၉၀၉. ၀၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်**
**သတ်မှတ်ရည်ညွှန်းနှုန်း**



## နေပြည်တော်နှင့် ရန်ကုန်မြို့ အနီးတစ်ဝိုက်

မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်

နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း (၆၀) ဖြစ်ပါသည်။

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းများ** - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
**အနုပညာစာတည်း** - ခင်ခင်သက်
**အားကစားစာတည်း** - မေလှဲ့သင်း
**ဆောင်းပါးစာတည်း** - စန္ဒာဝင်း
**အကြီးတန်းသတင်းထောက်များ** - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်
**အငယ်တန်းသတင်းထောက်များ** - သီသီမင်း၊ အောင်ကျော်ဦး၊ ခင်ဇာလီ၊ သန့်ဇင်ဝင်း၊ မေသကြန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
**အထူးသတင်းထောက်** - စုနှင်းလဲ့၊ သီရိ

## ပြည်တွင်းရေးရာ

☆ ရှေ့ဖုံးမှ
ဖြည့်ဆည်းပေးနိုင်ရေး ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် အမှတ်(၃)နှင့် အမှတ်(၁၀) အခြေခံပညာမူလတန်းလွန်ကျောင်းများသို့ သွားရောက်ပြီး ကျောင်းသား ကျောင်းသူများ ပြန်လည်ပညာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးကာ လတ်တလောလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ကလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ကလေးဒေသ ပြန်လည်ထူထောင်ရေး လူထုတွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ကလေးဒေသ ရေဘေးကျရောက်မှုနှင့် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက ပြောကြားရာတွင် ကလေးဒေသအတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ ယခုအခါ ကယ်ဆယ်ရေးလုပ်ငန်းများပြီးစီးပြီဖြစ်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ရေတိုဆောင်ရွက်ရမည့်လုပ်ငန်းများအဖြစ် မူလလုပ်ငန်းများ ပြန်လည်ပုံမှန်လည်ပတ်နိုင်စေရေး ဦးစားပေးလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းအဖြစ် ဌာနဆိုင်ရာလုပ်ငန်းများ၊ ဒေသခံများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာများ ပုံမှန်လည်ပတ်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ဘဏ္ဍာငွေ၊ ပြည်တွင်းလုပ်ငန်းရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်း၊ ကုလသမဂ္ဂအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းတို့၏ ပူးပေါင်းပါဝင်မှုနှင့် နှိုင်းယှဉ်ချိန်ဆ၍ ဆောင်ရွက်ရသည့်အတွက် တစ်နိုင်ငံလုံးအတိုင်းအတာနှင့်ဆောင်ရွက်ရမည့်အစီအမံများကို ပေါင်းစပ်ညှိနှိုင်းဆုံးဖြတ်ပြီး ဦးစားပေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

မိမိဒေသပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ဒေသခံများအနေဖြင့်လည်း သက်ဆိုင်ရာတာဝန်ရှိသူများနှင့်ပေါင်းစပ်၍ တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် မှာကြားသည်။



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးရှိ လူနာများအား လက်ဆောင်ပစ္စည်းများပေးအပ်စဉ်။ (သတင်းစဉ်)

ယင်းနောက် ဒုတိယသမ္မတက ကယ်ဆယ်ရေးပစ္စည်းများဖြစ်သော ဆန်အိတ်၊ အသင့်စားသောက်ကုန်များနှင့် အဝတ်အထည်များကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများက ကယ်ဆယ်ရေးပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး IGE ကုမ္ပဏီနှင့် ယူနိုက်တက်အမရာဘဏ်တို့က အလှူငွေကျပ်သိန်း ၁၉၀၀၊ ရွှေတောင်ကုမ္ပဏီက ငွေကျပ်သိန်း ၁၀၀၀ နှင့် မြတ်နိုးသူကုမ္ပဏီက ငွေကျပ်သိန်း ၄၅၀ တို့ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ကလေးမြို့နယ် ကျောက္ကာရွာ သာသနာ့ဗိမာန်ကျောင်းတိုက်သို့ရောက်ရှိပြီး ဆရာတော်ထံ လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကာ မြစ်သာမြစ်ကမ်းပါးရေတိုက်စားမှုအခြေအနေနှင့် ကျောက္ကာရွာသစ် ရွှေ့ပြောင်းမည့် မြေနေရာတို့ကို ကြည့်ရှုသည်။

ယင်းနောက် နတ်ကြီးကုန်းကျေးရွာ ဓမ္မပါလကျောင်းတိုက် ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ကွန်ပျူတာတက္ကသိုလ်(ကလေး)သို့ရောက်ရှိပြီး ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံရာ ကွန်ပျူတာတက္ကသိုလ်ကျောင်းအုပ်ကြီးက တက္ကသိုလ်ဆိုင်ရာအချက်အလက်များနှင့် တက္ကသိုလ်အတွင်း ရေကြီးရေလျှံမှုကြောင့် ပျက်စီးခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက နိုင်ငံတော်အနေဖြင့် တက္ကသိုလ်ပညာမြင့်မားစေရေးအတွက် တိုင်းဒေသကြီး နှင့်ပြည်နယ်များတွင် အဆင့်မြင့်တက္ကသိုလ်များကို ဖွင့်လှစ်ပေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရေကြီးရေလျှံမှုကြောင့် ကွန်ပျူတာတက္ကသိုလ်(ကလေး)၏ လိုအပ်ချက်များကို နိုင်ငံတော်အစိုးရနှင့်တိုင်းဒေသကြီးအစိုးရတို့ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မိမိတက္ကသိုလ် တိုးတက်ရေးအတွက် ဆရာဆရာမများသည် အရည်အချင်းပြည့်ဝနေရမည်ဖြစ်ကြောင်း၊ သို့မှသာ အရည်အချင်းပြည့်ဝသည့် မျိုးဆက်သစ်လူငယ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ သို့ပါ၍ မိမိဒေသ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆရာ ဆရာမများအနေဖြင့် တာဝန်ရှိသူများနှင့်အတူ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

(သတင်းစဉ်)



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကလေးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ ပြန်လည်စာသင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဟန်ဂေရီနိုင်ငံအမျိုးသားနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် ဩဂုတ် ၂၀**

၂၀၁၅ ခုနှစ် ဩဂုတ် ၂၀ရက်တွင် ကျရောက်သော ဟန်ဂေရီနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ထံမှ ဟန်ဂေရီနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီး မစ္စတာ ပီတာ ဇစ်ဂျာတို ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

## ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ ရက်ပေါင်း ၁၈၀ ထက်မနည်း မဲဆန္ဒနယ်ပြင်ပရောက်နေသည့် မဲဆန္ဒရှင်များ မဲစာရင်းပါရှိရေး ပုံစံ(၃-က)ဖြင့် လျှောက်ထားကြရန် အသိပေးနှိုးဆော်ခြင်း

(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်)

၁။ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၂(ဆ)နှင့် နည်းဥပဒေ ၁၀ တို့အရ အနည်းဆုံး ရက်ပေါင်း ၁၈၀ ထက်မနည်း မိမိတို့နေထိုင်ရာ မဲဆန္ဒနယ်၏ပြင်ပသို့ရောက်ရှိနေသော မဲဆန္ဒရှင်များအနေဖြင့် လက်ရှိရောက်ရှိနေသော မဲဆန္ဒနယ်တွင် မဲပေးလိုပါက နည်းဥပဒေပါ ပုံစံ (၃-က)ဖြင့် လျှောက်ထား၍ မဲစာရင်းထည့်သွင်းခွင့်ရှိပါသည်။ ယင်းသို့ လျှောက်ထားကြရန်လည်း ဤကော်မရှင်က ၁၀-၇-၂၀၁၅ ရက်စွဲပါ ကြေညာချက်အမှတ် (၃၄/၂၀၁၅)ဖြင့် ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။

၂။ နည်းဥပဒေ ပုံစံ (၃-က)များကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် တောင်းယူနိုင်ပါသည်။ သို့မဟုတ် နည်းဥပဒေပါ ပုံစံ(၃-က)အတိုင်း မိမိတို့အစီအစဉ်ဖြင့် ပြုစုဖြည့်သွင်း၍လည်း လျှောက်ထားနိုင်ပါသည်။

၃။ နည်းဥပဒေပုံစံ (၃-က)ဖြင့် လျှောက်ထားလာခြင်းသည် မဲစာရင်းထည့်သွင်းရန်အတွက်သာဖြစ်၍ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့အစည်းများကလည်း ထောက်ခံပေးရန် ညှိနှိုင်းဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ရက်ပေါင်း ၁၈၀ ထက်မနည်း မူလနေထိုင်ရာ မဲဆန္ဒနယ်ပြင်ပသို့ ရောက်ရှိနေကြသော မဲဆန္ဒရှင်များအနေဖြင့် နည်းဥပဒေ ၁၀ ပါ ပြဋ္ဌာန်းချက်များအတိုင်း ပုံစံ(၃-က)ဖြင့် မဲစာရင်းထည့်သွင်းပေးရန် လျှောက်ထားခြင်းကို ကော်မရှင်က ကြေညာထားသည့် ၁၀-၁၀-၂၀၁၅ ရက်နေ့ နောက်ဆုံးထားပြီး အချိန်မီလျှောက်ထားကြရန် ထပ်မံအသိပေးနှိုးဆော်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

# စစ်အုပ်ချုပ်ရေးအာဏာလွှဲအပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

**စစ်အုပ်ချုပ်ရေးကြေညာချက်အမှတ် (၂)**

**၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း (၃)ရက်**
**၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၁၈)ရက်**

**ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လောက်ကိုင်)၊ ဒေသကွပ်ကဲရေးမှူး၊ ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၁၈၆၈ ဗိုလ်မှူးကြီးဇော်ဇော်နိုင်အား စစ်အုပ်ချုပ်ရေးအာဏာလွှဲအပ်ခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၃၊ ပုဒ်မခွဲ (ခ)အရ ၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း(၃)ရက်၊ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၁၈)ရက်၊ အင်္ဂါနေ့ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သော ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အမှတ် (၆/၂၀၁၅)၏ အပိုဒ်(၁) နှင့် (၂)တို့အရ ကျွန်ုပ်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဆက်လက်အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်များနှင့် တာဝန်များကိုလည်းကောင်း၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် သက်ဆိုင်သည့် တရားစီရင်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်တာဝန်များကိုလည်းကောင်း၊ စစ်အုပ်ချုပ်ရေးဒေသအဖြစ် ကြေညာထားသော ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ကျင့်သုံးဆောင်ရွက်ရန် ဒေသကွပ်ကဲရေးမှူး၊ ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၁၈၆၈ ဗိုလ်မှူးကြီးဇော်ဇော်နိုင်၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လောက်ကိုင်) အား ၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း (၃)ရက်၊ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၁၈)ရက်၊ အင်္ဂါနေ့မှအစပြု၍ လွှဲအပ်လိုက်သည်။

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်**

☆ **စစ်ဘက်မှ**

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီးနှင့်အတူ စစ်သံမှူး Colonel Antony David Stem တို့ တက်ရောက်သည်။

တွေ့ဆုံစဉ် သံအမတ်ကြီးက ပြည်ပ အဖွဲ့အစည်းများနှင့် တပ်မတော်များက မြန်မာနိုင်ငံ၏ ရေဘေးနှင့် သဘာဝဘေးဒဏ် ကယ်ဆယ်ရေးလုပ်ငန်းများတွင် မြန်မာ့တပ်မတော်၏ ကူညီခဲ့မှုများအပေါ် ချီးကျူးဂုဏ်ပြုကြသည်ကို သိရှိရပါကြောင်း။

မြန်မာ့ ဒီမိုကရေစီအရေးတွင် တပ်မတော်၏အခန်းကဏ္ဍ လွန်စွာအရေးကြီးသည်ကို မိမိတို့အနေဖြင့် သဘောတူညီပါကြောင်း၊ သို့သော်လည်း ပြည်ပတွင်ရှိနေသူအချို့က ဒီမိုကရေစီအသွင်ကူးပြောင်းခြင်းဆိုသည်မှာ တပ်မတော်က လက်ရှိဒီမိုကရေစီဖြစ်စဉ် ဖြစ်ရပ်များမှ လုံးလုံးလျားလျား ထွက်ခွာသွားရန်ဟု ယူဆနေပါကြောင်း၊ ယင်းကို မိမိတို့အနေဖြင့် သဘောတူညီမှုမရှိပါကြောင်း၊ လက်ရှိ တပ်မတော်၏ ခိုင်မာစွာတည်ရှိနေမှုသည် ဆက်လက်ရှိနေရန်လိုအပ်ပါကြောင်း။

ရွေးကောက်ပွဲတွင် စစ်သည်များ မဲဆန္ဒပေးမှုနှင့် ပတ်သက်၍ တပ်မတော်နှင့် ရွေးကောက်ပွဲကော်မရှင်တို့၏ ပွင့်လင်းမြင်သာသည့်



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗြိတိန်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံစဉ်။** (မြဝတီ)

ဆောင်ရွက်ချက်များ၊ ရွေးကောက်ပွဲတွင် မည်သည့်ရလဒ်ဖြစ်စေ တပ်မတော်အနေဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အချက်များအပေါ် ဝမ်းမြောက်ရပါကြောင်း။

အပစ်အခတ်ရပ်စဲရေး စာချုပ်အပေါ် မိမိတို့ယုံကြည်မှုရှိပါကြောင်း၊ အပစ်အခတ်ရပ်စဲရေးကိစ္စ အောင်မြင်မည်ဟုယူဆပါကြောင်း ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သဘာဝဘေးအန္တရာယ် ကာကွယ်ရန်မှာ နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြောင်း၊ ဒုက္ခရောက်နေသူများကို ကူညီရန်အတွက် NGO အဖွဲ့အစည်းများ၊ မီးသတ်တပ်ဖွဲ့များနှင့် သဘာဝဘေးအန္တရာယ်ကူညီဆောင်ရွက်ရန် သီးသန့်ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိသော်လည်း ၎င်းတို့မှာ ပမာဏကြီးကြီးမားမားမရှိကြောင်း၊ ၎င်းတို့ထက်ပို၍ ခိုင်မာသည့် အဖွဲ့အစည်းမှာ တပ်မတော်သာဖြစ်၍ တပ်မတော်အနေဖြင့် တိုင်းပြည်ကိုကာကွယ်ရန်၊ ပြည်သူ့အကျိုးစီးပွားကို ကာကွယ်ရန် တာဝန်ရှိသဖြင့် သဘာဝဘေးဒဏ်ဖြစ်ပေါ်လျက်ရှိသည့် ဒေသများရှိ နယ်မြေခံတပ်များက သွားရောက်ကူညီဆောင်ရွက်ပေးနေခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များ၊ မြန်မာ့နိုင်ငံရေးတွင် တပ်မတော်၏ ခိုင်မာစွာရပ်တည်ဆောင်ရွက်နေမှုအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။ **(မြဝတီ)**

✱ **ရှေ့ဖုံးမှ**

**(က) အုပ်ချုပ်ရေး**

(၁) လုံခြုံရေးကိစ္စရပ်များ၊
(၂) လူမှုရေးကိစ္စရပ်များ၊
(၃) ကုန်သွယ်ရေးကိစ္စရပ်များ၊
(၄) သယ်ယူပို့ဆောင်ရေးကိစ္စရပ်များ။

**(ခ) တရားစီရင်ရေး**

(၁) **တရားရုံးများဖွဲ့စည်းခြင်း။** ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၁၈၆၈ ဗိုလ်မှူးကြီးဇော်ဇော်နိုင်၊ ဒေသကွပ်ကဲရေးမှူး၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လောက်ကိုင်) သည် စစ်အုပ်ချုပ်ရေးကာလအတွင်း ပြစ်မှုဆိုင်ရာမှုခင်းများကို တည်ဆဲဥပဒေအရ ဖွဲ့စည်းထားသော တရားရုံးများဖြင့်ဖြစ်စေ၊ စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ပြီး ဖွဲ့စည်းသည့် စစ်ခုံရုံးများဖြင့်ဖြစ်စေ စစ်ဆေးစီရင်နိုင်သည်။

(၂) **စစ်ခုံရုံးဖြင့်စစ်ဆေးခြင်း။** စစ်ခုံရုံးများသည် ပြစ်မှုဆိုင်ရာမှုခင်းများကို အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်နိုင်သည်။

(၃) **ပြစ်ဒဏ်ချမှတ်ခြင်း။** နောက်ဆက်တွဲဇယား(က)ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်သူအား စစ်ခုံရုံးက ပြစ်မှုထင်ရှားစီရင်ပါက တည်ဆဲဥပဒေများနှင့်အညီ အောက်ပါပြစ်ဒဏ်တစ်မျိုးမျိုးကို ချမှတ်ရမည်-
(ကက) သေဒဏ်၊
( ခခ ) နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်၊
( ဂဂ ) သက်ဆိုင်ရာပြစ်မှုအလိုက် သတ်မှတ်ထားသော အမြင့်ဆုံးပြစ်ဒဏ်။

(၄) **အတည်ပြုခြင်း။** စစ်ခုံရုံးများက ချမှတ်သော ဆုံးဖြတ်ချက်များနှင့် စီရင်ချက်များသည် အပြီးအပြတ်ဖြစ်စေရမည်၊ သို့ရာတွင် သေဒဏ်စီရင်ပါက ထိုသို့စီရင်ခြင်းသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။ နှစ်အကန့်အသတ်မရှိသော ထောင်ဒဏ်စီရင်ပါက ထိုသို့စီရင်ခြင်းသည် ပြန်တမ်းဝင်အမှတ် ကြည်း ၂၁၈၆၈ ဗိုလ်မှူးကြီးဇော်ဇော်နိုင်၊ ဒေသကွပ်ကဲရေးမှူး၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လောက်ကိုင်)၏ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။ အတည်ပြုခြင်းနှင့်ပတ်သက်သည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-
(ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း၊
( ခခ ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း၊
( ဂဂ ) ပြစ်ဒဏ်ကို ပို၍နိမ့်သော ပြစ်ဒဏ်အမျိုးအစားသို့ လျှော့ပေါ့ပြောင်းလဲခြင်း၊
(ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြုခြင်း။

(၅) **အယူခံခြင်း။** စစ်ခုံရုံးများက ချမှတ်သောဆုံးဖြတ်ချက်၊ ပြစ်ဒဏ်ချမှတ်ချက်များနှင့် စပ်လျဉ်း၍ အယူခံပိုင်ခွင့်မရှိစေရ။

(၆) **ပြင်ဆင်မှုလျှောက်ထားခြင်း။** စစ်ခုံရုံးများက သေဒဏ်စီရင်ပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ ၁၅ ရက်အတွင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့လည်းကောင်း၊ အခြားပြစ်ဒဏ်ချမှတ်ခြင်းခံရပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ ၁၅ ရက်အတွင်း ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၁၈၆၈ ဗိုလ်မှူးကြီးဇော်ဇော်နိုင်၊ ဒေသကွပ်ကဲရေးမှူး၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လောက်ကိုင်)ထံသို့လည်းကောင်း ပြင်ဆင်မှုလျှောက်ထားနိုင်သည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် သို့မဟုတ် ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၁၈၆၈ ဗိုလ်မှူးကြီးဇော်ဇော်နိုင်၊ ဒေသကွပ်ကဲရေးမှူး၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လောက်ကိုင်)သည် မိမိသဘောအလျောက်လည်း ပြင်ဆင်မှုဖွင့်၍ ဆောင်ရွက်နိုင်သည်။ ပြင်ဆင်မှုစီရင်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များရှိသည် -
(ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း၊
( ခခ ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း၊
( ဂဂ ) ပြစ်ဒဏ်ကို ပို၍နိမ့်သော ပြစ်ဒဏ်အမျိုးအစားသို့ လျှော့ပေါ့ပြောင်းလဲခြင်း၊
(ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြုခြင်း။

(၇) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် သို့မဟုတ် ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၁၈၆၈ ဗိုလ်မှူးကြီးဇော်ဇော်နိုင်၊ ဒေသကွပ်ကဲရေးမှူး၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လောက်ကိုင်)က မိမိသဘောအလျောက် ပြင်ဆင်မှုဖွင့်၍ ဆောင်ရွက်သည့်ကိစ္စတွင် အထက်အပိုဒ်ငယ်(၆)တွင် ပါရှိသော လုပ်ပိုင်ခွင့်များအပြင် ပြစ်ဒဏ်ကို တိုးမြှင့်နိုင်သည်။

၅။ ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၁၈၆၈ ဗိုလ်မှူးကြီးဇော်ဇော်နိုင်၊ ဒေသကွပ်ကဲရေးမှူး၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လောက်ကိုင်)သည် မိမိ၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် စစ်အုပ်ချုပ်ရေးအကြံပေးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

၆။ ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၁၈၆၈ ဗိုလ်မှူးကြီးဇော်ဇော်နိုင်၊ ဒေသကွပ်ကဲရေးမှူး၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လောက်ကိုင်)သည် စစ်အုပ်ချုပ်ရေးဒေသအတွင်း ဖြစ်ပေါ်နေသောအခြေအနေအရပ်ရပ်ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သို့ အစီရင်ခံရမည်။

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်**

**နောက်ဆက်တွဲဇယား (က)**

**စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုများ**

၁။ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု (ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၂)၊
၂။ အစိုးရကို အကြည်ညိုပျက်အောင်ပြုလုပ်မှု (ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၄-က)၊
၃။ မတရားအသင်းအက်ဥပဒေအရပြစ်မှုများ၊
၄။ လက်နက်အက်ဥပဒေအရပြစ်မှုများ၊
၅။ လူသတ်မှု၊
၆။ လူသေမှု၊
၇။ မုဒိမ်းမှု၊
၈။ လုယက်မှု၊
၉။ ဓားပြမှု၊
၁၀။ အဂတိလိုက်စားမှု၊
၁၁။ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရပြစ်မှုများ၊
၁၂။ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေအရ ပြစ်မှုများ၊
၁၃။ ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်းများကာကွယ်စောင့်ရှောက်ရေးဥပဒေအရ ပြစ်မှုများ၊
၁၄။ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေအရ ပြစ်မှုများ၊
၁၅။ သတင်းမီဒီယာဥပဒေအရ ပြစ်မှုများ၊
၁၆။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ပြစ်မှုများ၊
၁၇။ ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလော ပြဋ္ဌာန်းချက်များ) အက်ဥပဒေအရ ပြစ်မှုများ။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# မဟာမဲခေါင်ဒေသခွဲ အရှေ့အနောက် စီးပွားရေးစင်္ကြံလမ်းမကြီးပေါ် ရှိ အိန္ဒို-ကော့ကရိတ်လမ်းပိုင်းအဆင့်မြှင့်တင်ခြင်းစီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြ

**နေပြည်တော် ဩဂုတ် ၁၉**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၇) ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့အစည်းအဝေးတွင် ဥပဒေကြမ်းပူးပေါင်းကော်မတီမှ တာဝန်ရှိသူများက လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသော **လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်း**၊ နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်များဖြင့် ပြန်လည်ပေးပို့လာသော **နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေကြမ်း**တို့နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာများကို ဖတ်ကြားသည်။

**လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်း**နှင့်စပ်လျဉ်းသည့် အစီရင်ခံစာတွင် လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှုအပေါ် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်နိုင်ရန် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီက ဩဂုတ် ၁၈ ရက်တွင် နိုင်ငံရေးပါတီ ၁၉ ပါတီမှတာဝန်ရှိသူများနှင့်တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးပိုက်လင်းတို့ ညှိနှိုင်းဆွေးနွေးခဲ့ရာ တက်ရောက်ခဲ့သော နိုင်ငံရေးပါတီများအနက် ပါတီ ၆ ပါတီမှ တာဝန်ရှိသူများက လွှတ်တော်နှစ်ရပ် သဘောကွဲလွဲချက်များကို လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အလျင်အမြန် ဆောင်ရွက်သင့်ပါကြောင်း။

ကျန်နိုင်ငံရေးပါတီ (၁၃)ပါတီနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်တို့က ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်ဖြစ်သည့် တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုသော လွှတ်တော်ကိုယ်စားလှယ်နှင့် ပတ်သက်၍ တိုင်တန်းချက်ကို တင်ပြခွင့်ရှိသည့် သက်ဆိုင်ရာမဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံး တစ်ရာခိုင်နှုန်း သတ်မှတ်ချက်သည် လွန်စွာနည်းပါးသည့် ရာခိုင်နှုန်းဖြစ်ခြင်း၊ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် အစီရင်ခံစာတင်ပြခြင်းတို့တွင် သင့်လျော်သည့် လွှတ်တော်ကိုယ်စားလှယ် ပါဝင်ဆောင်ရွက်သင့်ခြင်း စသည့် အထူးအလေးထားသုံးသပ်ရမည့် အချက်များကြောင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးပြီးမှသာ အချိန်ယူဆောင်ရွက်သင့်ပါကြောင်း။

ယင်းဥပဒေကြမ်းကို အတည်ပြုနိုင်ရေးအတွက်ဆောင်ရွက်ရာတွင် နိုင်ငံရေးပါတီအများစုက ဆက်လက်ဆောင်ရွက်ရန် သင့်၊ မသင့် ချပြဆွေးနွေးပြီး လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူရန်၊ ဆက်လက်ဆောင်ရွက်ရန် မသင့်ကြောင်း လွှတ်တော်က ဆုံးဖြတ်ပါက ဥပဒေကြမ်းအတည်ပြုနိုင်ရေးကို ဆိုင်းငံ့ထားရန်နှင့် ဆက်လက်ဆောင်ရွက်သင့်ကြောင်း ဆုံးဖြတ်ပါက ၂၀၁၅ ခုနှစ် ဇူလိုင် ၂၃ ရက်က ကျင်းပခဲ့သည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ ဥပဒေကြမ်းပူးပေါင်းကော်မတီက တင်ပြခဲ့ပြီးဖြစ်သော လွှတ်တော်နှစ်ရပ် သဘောကွဲလွဲချက်များအခြေခံ၍ ထပ်မံပြင်ဆင် ဖြည့်စွက်သင့်သည့် အချက်များကိုပါ ကျယ်ကျယ်ပြန့်ပြန့် အသေးစိတ်ညှိနှိုင်းဆွေးနွေးပြီးမှ အတည်ပြု ဆောင်ရွက်ရန်တို့ ဖော်ပြပါရှိသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် နာယကက ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ အစီရင်ခံစာပါ အဆိုပြုချက်နှင့်အညီ ပထမအဆင့်အနေဖြင့် ဥပဒေကြမ်းအား အတည်ပြုပြဋ္ဌာန်းနိုင်ရေးနှင့်စပ်လျဉ်းပြီး ဆက်လက်ဆောင်ရွက်ရန် သင့်၊ မသင့် ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်းကို ၂၀၁၅ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်းနှင့် ဆွေးနွေးရရှိလာသည့် လွှတ်တော်၏ အဆုံးအဖြတ်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှပေးပို့သော စီမံကိန်းများဆောင်ရွက်ရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ်၊ အာဆီယံအခြေခံ အဆောက်အအုံဆိုင်ရာ ရန်ပုံငွေနှင့် ပြင်သစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တို့ထံမှ အမေရိကန်ဒေါ်လာသန်း(၂၆၀)နှင့် ယူရို သန်း (၄၀)ချေးယူခွင့်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများက လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များ ပါဝင်ပတ်သက်မှုတွင် ကလေးသူငယ်များ၏ အခွင့်အရေးဆိုင်ရာ နောက်ဆက်တွဲအခြေပြစာချုပ်အား မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်



ဒုတိယဝန်ကြီး
ဦးစိုးတင့်။



ဒုတိယဝန်ကြီး
ဦးမော်သာထွေး။

ရေးထိုးရန် ကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်က ယင်းအခြေပြ စာချုပ်သည် ကလေးသူငယ်များ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရာတွင် အရေးကြီးသည့် နိုင်ငံတကာစာချုပ်စာတမ်းတစ်ခုဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ပါဝင်လက်မှတ်ရေးထိုးပြီး တည်ဆဲဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ယင်းစာချုပ်နှင့် လျော်ညီအောင် ပြင်ဆင်ပြဋ္ဌာန်းခြင်း၊ လိုအပ်ပါက အသစ်ရေးဆွဲပြဋ္ဌာန်းခြင်း၊ စာချုပ်အရ တာဝန်ရှိသည့် အစီရင်ခံစာတင်သွင်းခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခြင်းဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က နှစ်စဉ်တင်သွင်းလျက်ရှိသည့် ကလေးသူငယ်နှင့် လက်နက်ကိုင်ပဋိပက္ခများဆိုင်ရာ အစီရင်ခံစာ၏ နောက်ဆက်တွဲစာရင်းတွင် မြန်မာနိုင်ငံပါဝင်နေခြင်းကို ပယ်ဖျက်ပေးရန်အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ယင်းသို့ လက်မှတ်ရေးထိုးနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများ သဘောတူညီမှုရရှိရန် ဝန်ကြီးဌာနများအကြား ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ဥပဒေပိုင်းဆိုင်ရာ အဖွဲ့အစည်းများ အားလုံးကလည်း သဘောတူညီပြီး ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိရာ လူ့အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ စာချုပ်များတွင် အရေးကြီးစာချုပ်တစ်ခုဖြစ်သည့် လက်နက်ကိုင်ပဋိပက္ခများအတွင်း ကလေးသူငယ်များဆိုင်ရာ နောက်ဆက်တွဲ အခြေပြစာချုပ်သို့ ပါဝင်လက်မှတ်ရေးထိုးသင့်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မဟာမဲခေါင်ဒေသခွဲ အရှေ့အနောက် စီးပွားရေးစင်္ကြံလမ်းမကြီးပေါ်ရှိ အိန္ဒို-ကော့ကရိတ်လမ်းပိုင်းအဆင့်မြှင့်တင်ခြင်းစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ သန်း ၁၂၀ ချေးယူခွင့်နှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က အဆိုပါစီမံကိန်း ဆောင်ရွက်မည့်နေရာသည် အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်းတွင် ဗီယက်နမ်၊ လာအိုနှင့်ထိုင်းနိုင်ငံအပိုင်းတွင် အာရှလမ်းအဆင့် (၄လမ်းသွား)နှင့် (၂လမ်းသွား) အဆင့်များအထိ ဆောင်ရွက်ပြီးဖြစ်ရာ မြန်မာနိုင်ငံကသာ ဆောင်ရွက်ရန်ကျန်ရှိနေကြောင်း။

ယင်းလမ်းပိုင်းသည် အိမ်နီးချင်းထိုင်းနိုင်ငံနှင့် ကုန်သွယ်မှုပမာဏအများဆုံးစီးဆင်းရာလမ်းဖြစ်၍ ကောင်းမွန်သော လမ်းပန်းဆက်သွယ်ရေးကြောင့် ကုန်စည်စီးဆင်းမှု လွယ်ကူမြန်ဆန်လာပြီး ဒေသတွင်းနှင့် နိုင်ငံတကာယာဉ်များအတွက် သယ်ယူပို့ဆောင်မှုစရိတ် လျော့ကျစေနိုင်မည်ဖြစ်ပါကြောင်း၊ ထို့အတူ ဒေသခံပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်းများ၊ ပညာရေးနှင့် ကျန်းမာရေး ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်စေ၍ ဆင်းရဲနွမ်းပါးမှုကို လျော့ကျစေနိုင်မည်ဖြစ်ပါကြောင်း။

ယခုစီမံကိန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် ကျုံဒိုး-ဆိပ်ကမ်း ပတ်လမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်မှုကြောင့် ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကုန်စည်များကို မော်လမြိုင်မြို့သို့ အချိန်တိုအတွင်း စရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်သည့် အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၃၀ ကေဗွီ ဓာတ်အားလိုင်း စီမံကိန်းများအတွက် အမေရိကန်ဒေါ်လာ သန်း ၈၀ ချေးယူခွင့်နှင့် စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမော်သာထွေးက ရန်ကုန်တိုင်းဒေသကြီးအတွင်း သီတာ-သာကေတ ၂၃၀ကေဗွီဓာတ်အားလိုင်း၊ သာကေတ-ကျိုက္ကဆံ ၂၃၀ ကေဗွီ ဓာတ်အားလိုင်း၊ ကျိုက္ကဆံ ၂၃၀/ ၆၆/၁၁ ကေဗွီဓာတ်အားခွဲရုံ၊ တောင်ဥက္ကလာပ ၂၃၀/ ၆၆/ ၁၁ ကေဗွီ ဓာတ်အားခွဲရုံ၊ အနောက်ပိုင်းတက္ကသိုလ် (လှိုင်သာယာ) ၂၃၀/၃၃/၁၁ ကေဗွီ ဓာတ်အားခွဲရုံနှင့် သာကေတဓာတ်အားခွဲရုံတို့ကို အဆင့်တိုးမြှင့် ဆောင်ရွက်နိုင်ခြင်းအားဖြင့် ဓာတ်အားပို့လွှတ်မှုနှင့် ဓာတ်အားဖြန့်ဖြူးမှုတို့တွင် ဗို့အားကျဆင်းခြင်းနှင့် ဓာတ်အားမကြာခဏပြတ်တောက်မှုများ လျော့နည်း၍ လျှပ်စစ်ဓာတ်အား အပြည့်အဝနှင့် စဉ်ဆက်မပြတ် လျှပ်စစ်ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနိုင်ခြင်း၊ တိုင်းဒေသကြီးအတွင်း ဓာတ်အားသုံးစွဲသူအရေအတွက်နှင့် ဓာတ်အားရောင်းရငွေများ ပိုမိုတိုးတက်ရရှိစေမည်ဖြစ်သည့်အတွက် အာရှဖွံ့ဖြိုးရေးဘဏ်မှ အတိုးနှုန်းသက်သာသောချေးငွေ အမေရိကန် ဒေါ်လာသန်း (၈၀)ချေးယူ၍ အဆိုပါစီမံကိန်းများအား ဆောင်ရွက်လိုပါကြောင်း ရှင်းလင်းတင်ပြသည်။

ယနေ့ အစည်းအဝေးတွင် ဥပဒေကြမ်းသုံးခုနှင့်စပ်လျဉ်း၍ အစီရင်ခံစာများ ဖတ်ကြားတင်ပြခြင်း၊ နိုင်ငံတော်သမ္မတထံမှ ပေးပို့သော စီမံကိန်းသုံးခု ဆောင်ရွက်ရန် ချေးငွေချေးယူခွင့်နှင့် အခြေပြစာချုပ်တစ်ခု ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများက ရှင်းလင်းတင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ **(သတင်းစဉ်)**

---

# တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၀)ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၄၆/၂၀၁၅)**
**၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်**
**(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်)**

**တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၀)ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၀)ဦးတို့ကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀-၁-၂၀၁၁ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၃/၂၀၁၁)နှင့် ၁၇-၆-၂၀၁၃ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၁၅/၂၀၁၃)တို့တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၁၀)ဦးတို့အား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

**ကချင်ပြည်နယ်လွှတ်တော်**

| | | |
|---|---|---|
| (၁) ကြည်း ၁၇၆၂၈<br>ဗိုလ်မှူးကြီး သန်းအောင် | (အစား) | ကြည်း ၂၀၀၈၁<br>ဗိုလ်မှူးကြီး သူရမျိုးတင် |

**ချင်းပြည်နယ်လွှတ်တော်**

| | | |
|---|---|---|
| (၂) ကြည်း ၁၇၆၁၆<br>ဗိုလ်မှူးကြီး ဇော်မင်းဦး | (အစား) | ကြည်း ၂၁၁၂၃<br>ဗိုလ်မှူးကြီး ကျော်ကျော် |

**စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်**

| | | |
|---|---|---|
| (၃) ကြည်း ၁၆၇၇၈<br>ဗိုလ်မှူးကြီး ကြည်နိုင် | (အစား) | ကြည်း ၁၆၆၆၇<br>ဗိုလ်မှူးကြီး ကျော်သန့်နိုင် |

**ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

| | | |
|---|---|---|
| (၄) ကြည်း ၁၅၉၄၆<br>ဗိုလ်မှူးကြီး သက်ထွန်း | (အစား) | ကြည်း ၁၆၄၃၈<br>ဗိုလ်မှူးကြီး ခင်မောင်ဌေး |

**မကွေးတိုင်းဒေသကြီးလွှတ်တော်**

| | | |
|---|---|---|
| (၅) ကြည်း ၂၁၉၀၄<br>ဗိုလ်မှူးကြီး ဇော်လင်းအောင် | (အစား) | ကြည်း ၂၀၅၉၅<br>ဗိုလ်မှူးကြီး နိုင်ဦး |

**မန္တလေးတိုင်းဒေသကြီးလွှတ်တော်**

| | | |
|---|---|---|
| (၆) ကြည်း ၁၈၇၉၉<br>ဗိုလ်မှူးကြီး အောင်ကျော်မိုး | (အစား) | ကြည်း ၂၁၆၅၈<br>ဗိုလ်မှူးကြီး မျိုးမင်းအောင် |

**မွန်ပြည်နယ်လွှတ်တော်**

| | | |
|---|---|---|
| (၇) ကြည်း ၁၉၃၂၇<br>ဗိုလ်မှူးကြီး ဌေးမြင့်အောင် | (အစား) | ကြည်း ၁၉၃၁၉<br>ဗိုလ်မှူးကြီး ဝင်းနိုင်ဦး |

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

| | | |
|---|---|---|
| (၈) ကြည်း ၁၉၄၈၄<br>ဗိုလ်မှူးကြီး တင်ဝင်း | (အစား) | ကြည်း ၂၀၆၈၂<br>ဗိုလ်မှူးကြီး တင်အောင်ထွန်း |

**ရှမ်းပြည်နယ်လွှတ်တော်**

| | | |
|---|---|---|
| (၉) ကြည်း ၁၇၄၆၀<br>ဗိုလ်မှူးကြီး အောင်သူ | (အစား) | ကြည်း ၁၉၇၂၉<br>ဗိုလ်မှူးကြီး စိုးမိုးအောင် |

**ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်**

| | | |
|---|---|---|
| (၁၀) ကြည်း ၁၈၈၇၂<br>ဗိုလ်မှူးကြီးမောင်မောင်ဝင်း | (အစား) | ကြည်း ၂၅၁၃၀<br>ဗိုလ်မှူးကြီး ကျော်စွာလှိုင် |

**အမိန့်အရ**
**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# နယ်စပ်ဒေသများရှိ နိုင်ငံခြားငွေလဲလှယ်ရေးကောင်တာများတွင် တစ်ဖက်နိုင်ငံရှိ ငွေအမျိုးအစားကိုပါ တရားဝင်ရောင်းဝယ်နိုင်ရန် စီစဉ်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၉**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၈၃) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးတွင် မယ်စဲ့မဲဆန္ဒနယ်မှ ဦးကျော်ခိုင်ဝင်း၏ "မြန်မာနိုင်ငံနှင့် ဆက်စပ်လျက်ရှိသည့် နယ်စပ်ဒေသများတွင် သက်ဆိုင်ရာနိုင်ငံရှိ ဗဟိုဘဏ်တို့နှင့် MOU ရေးထိုးဆောင်ရွက်ခြင်းမှ နိုင်ငံခြားငွေကြေးရောင်းဝယ်ရေးဘဏ်များ ဖွင့်လှစ်ပေးမည့် အစီအစဉ် ရှိ/ မရှိနှင့် နယ်စပ်ဒေသများတွင် Hundi လုပ်ငန်းများ လွယ်ကူစွာဆောင်ရွက်နိုင်ရန်နှင့် Physical Cash (USD) သယ်ဆောင်ရောင်းဝယ်ခြင်း လျော့ပါးစေရန် စီမံဆောင်ရွက်ထားခြင်း ရှိ/မရှိ သိလိုခြင်း" မေးခွန်းနှင့်စပ်လျဉ်း၍ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်က ပြည်တွင်းသုံးကျပ်ငွေ၏ အခန်းကဏ္ဍ တွင်ကျယ်လာစေရန်နှင့် နိုင်ငံခြားခရီးသွားဧည့်သည်များ မြန်မာကျပ်ငွေကို လွယ်လင့်တကူရောင်းဝယ်လဲလှယ်နိုင်ရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နိုင်ငံခြားငွေများဝယ်ယူလဲလှယ်ပေးခွင့်လိုင်စင်များကို ဘဏ်များသာမက ဘဏ်မဟုတ်သော ကုမ္ပဏီများကို ထုတ်ပေးထားပါကြောင်း၊ ယနေ့အထိ ငွေလဲကောင်တာပေါင်း ၇၂၇ ခုက လုပ်ငန်းဆောင်ရွက်ပေးလျက်ရှိရာ မြန်မာနိုင်ငံနှင့် ဆက်စပ်လျက်ရှိသည့် နယ်စပ်ဒေသများတွင် ငွေလဲကောင်တာများဖွင့်လှစ်၍ နိုင်ငံခြားငွေရောင်းဝယ်ရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိပါကြောင်း။

ယင်းနိုင်ငံခြားငွေလဲလှယ်ရေးကောင်တာများမှ အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာ၊ မလေးရှားရင်းဂစ်နှင့် ထိုင်းဘတ်ငွေများကို တရားဝင်ရောင်းဝယ်လဲလှယ်လျက်ရှိပါကြောင်း၊ ထို့ပြင် နယ်စပ်ဒေသများရှိ နိုင်ငံခြားငွေလဲလှယ်ရေးကောင်တာများတွင် တစ်ဖက်နိုင်ငံရှိ ငွေအမျိုးအစားကိုပါ တရားဝင်ရောင်းဝယ်နိုင်ရန် စီစဉ်လျက်ရှိပါကြောင်း။

ထို့ကြောင့် နယ်စပ်ဒေသများတွင် သက်ဆိုင်ရာငွေကြေးရောင်းဝယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာနိုင်ငံရှိ ဗဟိုဘဏ်များနှင့် သီးခြား MOU ရေးထိုးစရာမလိုသကဲ့သို့ နိုင်ငံခြားငွေကြေးရောင်းဝယ်ရေးဘဏ်များ ဖွင့်လှစ်ရန်လည်း မလိုအပ်ပါကြောင်း၊ နိုင်ငံခြားငွေလဲလှယ်ရေးကောင်တာများဖြင့် ပြုလုပ်နိုင်ပါကြောင်း။

Hundi လုပ်ငန်းများသည် တရားမဝင်ငွေလွှဲလုပ်ငန်းများဖြစ်သည့်အတွက် ယင်းလုပ်ငန်းများကို အားပေးခြင်းမပြုဘဲ ဘဏ်များမှတစ်ဆင့် တရားဝင် လွယ်ကူစွာ ငွေလွှဲနိုင်ရန် ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ဘဏ်များမှတစ်ဆင့် တရားဝင်လွယ်ကူစွာငွေလွှဲနိုင်ရန်အတွက် နယ်စပ်ဒေသများတွင် ပြည်တွင်းဘဏ်ခွဲများ ဖွင့်လှစ်နိုင်ရန်၊ ၎င်းဘဏ်ခွဲများနှင့် တစ်ဖက်နိုင်ငံရှိဘဏ်များအကြား အပြန်အလှန် Nostroနှင့် Vostro စာရင်းများဖွင့်လှစ်၍ အဆက်အသွယ်ထားရှိနိုင်ရန်နှင့် နယ်စပ်ဒေသများသို့ ငွေလွှဲပို့ရာတွင် တရားဝင်ဘဏ်များဖြင့်သာ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအချိန်အထိ ပြည်တွင်းဘဏ်ခွဲပေါင်း ၁၀၀ ကျော်အား နိုင်ငံတကာဘဏ်လုပ်ငန်းဆောင်ရွက်နိုင်ရန် ခွင့်ပြုထားပြီး ဘဏ်ခွဲ(၇)ခုမှ နယ်စပ်ဒေသများတွင် နိုင်ငံတကာဘဏ်လုပ်ငန်းဆောင်ရွက်လျက်ရှိပါကြောင်း။



ဒုတိယဥက္ကဋ္ဌ
ဦးဆက်အောင်။



မယ်စဲ့ မဲဆန္ဒနယ်မှ
ဦးကျော်ခိုင်ဝင်း။

နယ်စပ်ဒေသများတွင် တရားဝင်ကုန်သွယ်ရေးဆောင်ရွက်ပါက အမေရိကန်ဒေါ်လာကို သယ်ယူရန်မလိုဘဲ ပြည်တွင်းဘဏ်နှင့်သက်ဆိုင်ရာနိုင်ငံရှိ ဘဏ်နှစ်ခုအကြား LC ဖွင့်၍သော်လည်းကောင်း၊ TT ဖြင့်သော်လည်းကောင်း ဆောင်ရွက်နိုင်ပါကြောင်း၊ နယ်စပ်ဒေသအချို့၌ ပြည်တွင်းဘဏ်ခွဲအချို့က သက်ဆိုင်ရာနိုင်ငံမှ ဘဏ်ခွဲအချို့တွင် ယင်းနိုင်ငံ၏ငွေကြေးဖြင့် ငွေစာရင်းဖွင့်လှစ်၍ ၎င်းဘဏ်နှစ်ခုအကြား Online Banking စနစ်ဖြင့် ကုန်သွယ်မှုများအတွက် ငွေပေးချေခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့သော် တရားမဝင်ကုန်သွယ်ရေးများ ဆောင်ရွက်ရာတွင် ငွေပေးချေမှုများကို ဘဏ်များမှတစ်ဆင့် ဆောင်ရွက်ခြင်းမပြုဘဲ အမေရိကန်ဒေါ်လာဖြင့်သာ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း။

နိုင်ငံတကာငွေလွှဲမှုများကိုလည်း တရားဝင်ဘဏ်များမှတစ်ဆင့် ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတကာငွေလွှဲသည့်အဖွဲ့အစည်းများဖြစ်သည့် Western Union, Money Gram, Money Express စသည်တို့ဖြင့် ပြည်တွင်းဘဏ်များက ချိတ်ဆက်ဆောင်ရွက်လျက်ရှိရာ ၂၀၁၅ခုနှစ်ဇူလိုင် ၁၆ ရက်နေ့အထိ ပြည်တွင်းသို့ လွှဲပို့ငွေစုစုပေါင်း အမေရိကန်ဒေါ်လာ (၄၉၉ ဒသမ ၃၉၀)သန်းရှိနေပြီဖြစ်ပါကြောင်း။

ထို့ပြင် အိမ်နီးချင်းနိုင်ငံအချို့ရှိ ATM များမှတစ်ဆင့် မြန်မာနိုင်ငံသို့ ငွေလွှဲ၍ ရနေပြီဖြစ်ပြီး Cross – Border Mobile Money ဖြင့် ငွေလွှဲနိုင်ရန်လည်း စီစဉ်လျက်ရှိပါကြောင်းနှင့် အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုများကို တရားဝင်ဘဏ်များမှတစ်ဆင့် ပိုမိုဆောင်ရွက်နိုင်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးစိုင်းကျောက်၏ "ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ မြို့များ၏ ပိုလျှံနေသောလယ်ယာထွက်သီးနှံများဖြစ်သည့် စပါး၊ ဆန်၊ ပြောင်း၊ ရော်ဘာနှင့် အခြားသီးနှံများအား တရုတ်နယ်စပ်သို့ သွားရောက်ရောင်းချခွင့် ရ/မရ သိရှိလိုခြင်း" မေးခွန်းနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံခရိုင်၊ မိုင်းဆတ်ခရိုင်များမှ စိုက်ပျိုးထွက်ရှိသော ဆန်စပါးနှင့် ဒေသထွက်ကုန်များကို ဒေသစားသုံးမှုပိုလျှံ၍ ရှမ်းပြည်နယ် တာချီလိတ်၊ ကျိုင်းတုံ စခန်းများမှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ခွင့်ကို ခွင့်ပြုထားပြီးဖြစ်ကြောင်း၊ တာချီလိတ်ဒေသသည် ဆန်ပိုလျှံသော ဒေသမဟုတ်သည့်အပြင် ပြည်တွင်းမှဆန်များ ဝယ်ယူစားသုံးနေသောဒေသဖြစ်ပြီး ၂၀၁၅ခုနှစ် ဖေဖော်ဝါရီက တာချီလိတ်စခန်းမှ ဝမ်ကောင်းမူကျေးရွာသို့ သယ်ဆောင်ရန် အကြောင်းပြ၍ ဆန်တင်ယာဉ်များ ဝင်ရောက်မှုရှိနေခြင်း၊ တာချီလိတ်မှဆန်ကို အဆိုပါရွာများသို့ သယ်ဆောင်လေ့မရှိခြင်း၊ ယင်းဆန်များသည် ဝမ်ကောင်းမူမှ ကျိုင်းတုံ၊မိုင်းလားဒေသများသို့ သယ်ဆောင်မည်ဟု သတင်းရရှိပြီး လောက်ကိုင်ဒေသအတွက် ရိက္ခာစုဆောင်းသည်ဟု သံသယရှိခြင်း၊ ယာဉ်တန်းများဖြင့် စုဆောင်းသယ်ဆောင်လာသောဆန်များကို မဲခေါင်မြစ်ကြောင်းအတိုင်း ဆွပ်ပလွေ(မိုင်းလား)၊ မိုင်းဖြတ်၊ မိုင်းယောင်း၊ မိုင်းယုမှတစ်ဆင့် "ဝ"နယ်မြေနှင့် မြန်မာ-တရုတ်နယ်စပ်တစ်လျှောက်သို့ သယ်ဆောင်နိုင်သည့် အနေအထားများဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြခဲ့ပြီး မိုင်းလားမှတစ်ဆင့် ဆန်တင်ပို့မှုကို ရပ်ဆိုင်းထားခဲ့ကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်အမယ်အဖြစ် ဆန်ကိုမူအားဖြင့် တင်ပို့ခွင့်ပြုထားပြီးဖြစ်သော်လည်း ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံဒေသထွက်ဆန်များပြန်လည်တင်ပို့နိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးတို့က မြေပြင်လုံခြုံရေးအခြေအနေစိစစ်၍ သဘောတူပါက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ခွင့်ပြုပေးနိုင်ရေးအတွက် ကာကွယ်ရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးတို့သို့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက **"တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်း"**နှင့် **"ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း"** တို့အား လွှတ်တော်၏အဆုံးအဖြတ်ရယူအတည်ပြုပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၂ နည်းဥပဒေခွဲ (ဂ)နှင့် (ဃ)တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ယနေ့အစည်းအဝေးတွင် မေးခွန်းလေးခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းနှစ်ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ **(သတင်းစဉ်)**

---

အမျိုးသားလွှတ်တော်အစည်းအဝေး

# အရက်၊ ဘီယာ၊ စီးကရက်ကြော်ငြာအားလုံး အထူးကန့်သတ်လျှော့ချသွားရန် အဆိုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြား

**နေပြည်တော် ဩဂုတ် ၁၉**

ပထမအကြိမ် အမျိုးသား လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး(၇၅) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ **အမျိုးသားလွှတ်တော် အစည်းအဝေးရပ်နားပေးရန် အရေးကြီးအဆို**နှင့် စပ်လျဉ်း၍လွှတ်တော်ကိုယ်စား လှယ်တစ်ဦးက ဆွေးနွေးပြီးနောက် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ အဆိုကို ထောက်ခံမဲ (၁၂၈)မဲနှင့် ကန့်ကွက်မဲ (၃၄)မဲဖြင့် အဆိုကို အတည်ပြုသည်။

ဆက်လက်၍ **သွေးနှင့်သွေးပစ္စည်းဆိုင်ရာဥပဒေကြမ်း၊ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ဥပဒေကြမ်း၊ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေကြမ်း၊ ၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် မော်တော်ယာဉ် ဥပဒေကြမ်း**တို့ကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်က အတည်ပြုသည်။

ထို့အတူ ကိုးကွယ်ရာဘာသာ**ကူးပြောင်းခြင်းဆိုင်ရာဥပဒေကြမ်း**ကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲသဘောတူကြောင်း ဆုံးဖြတ်ချက်ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်သို့ အသိပေးတင်ပြသည်။



ဒုတိယဝန်ကြီး
ဦးကျော်ကျော်ဝင်း။



မဲဆန္ဒနယ်အမှတ်(၁၂)မှ
ဦးလှဆွေ။

ထို့နောက် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ၏ **အရက်၊ဘီယာ၊ စီးကရက် ကြော်ငြာအားလုံးအထူးကန့်သတ်လျှော့ချသွားရန်** ပြည်ထောင်စုအစိုးရကိုတိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းကအရက်၊ ယမကာသုံးစွဲမှု ထိန်းချုပ်ရေးနှင့် ပတ်သက်၍ ပြည်သူ့ကျန်းမာရေး ဖောင်ဒေးရှင်းကဲ့သို့ လူမှုရေးအသင်းအဖွဲ့အစည်းများက အရက်၊ယမကာနှင့် စီးကရက် သောက်သုံးမှုကို လျော့ကျအောင် အလွန်အကျွံ သောက်သုံးခြင်းကြောင့် ဖြစ်စေတတ်သည့် လေဖြတ်ရောဂါ၊ နှလုံးရောဂါ၊ဆီးချိုရောဂါနှင့် ကင်ဆာရောဂါများစသည့် ဆိုးကျိုးများကိုလည်းကောင်း၊ စီးကရက်နှင့် ဆေးလိပ်၊ ဆေးရွက်ကြီးများသောက်သုံးပါက အဆိပ်ဓာတ်ပေါင်း ၄၀၀၀ ကျော်မှ ကင်ဆာရောဂါအပါအဝင် နာတာရှည်ရောဂါများဖြစ်ပွားနိုင်သည့် ဆိုးကျိုးများကိုလည်းကောင်း ခံစားရမည်ဖြစ်ကြောင်းကို နေ့စဉ်ထုတ်သတင်းစာများ၊ တီဗွီနှင့် ရေဒီယိုတို့တွင် ကျန်းမာရေးပညာပေးဇာတ်လမ်းတိုများ၊ ဆွေးနွေးခန်းများနှင့် နှိုးဆော်ချက်များကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ စဉ်ဆက်မပြတ် ထုတ်လွှင့်ပေးလျက်ရှိပါကြောင်း။

ထို့ပြင် နှစ်စဉ် မေလ ၃၁ ရက်၌ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တို့တွင် **ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့** အခမ်းအနားများ ကျင်းပခြင်း၊ ပိုစတာနှင့် လက်ကမ်းစာစောင်များ ထုတ်လုပ်ဖြန့်ဝေ၍ အခြေခံကျန်းမာရေးဝန်ထမ်းများမှတစ်ဆင့် ပြည်သူများကိုကျန်းမာရေးပညာပေးခြင်း၊ မြို့နယ်များရှိ ကျောင်းကျန်းမာရေးအဖွဲ့များမှ တစ်ဆင့် အခြေခံပညာကျောင်းများတွင် ပညာပေး ဟောပြောခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူများအနေဖြင့် **ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေး ဥပဒေ**ပြဋ္ဌာန်းချက်များကို ပိုမိုသိရှိလိုက်နာကျင့်သုံးလာစေရန် ကျန်းမာရေးပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး သက်ဆိုင်ရာတာဝန်ခံပုဂ္ဂိုလ်များက ဥပဒေအတိုင်း ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောနည်းဥပဒေများကို ညှိနှိုင်းရေးဆွဲလျက်ရှိပါကြောင်း။

အဆိုတွင် တိုက်တွန်းထားသည့်အတိုင်း အရက်၊ ဘီယာ၊ စီးကရက်ကြော်ငြာများကို ထိန်းချုပ်ကန့်သတ်ခြင်း၊ လိုက်နာရန်ပျက်ကွက်သူများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ယင်းကုန်ပစ္စည်းများ ကြော်ငြာခြင်းကို ထိန်းချုပ်ကန့်သတ်ခြင်းကို တိုးမြှင့်ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားရာ လွှတ်တော်ကမှတ်တမ်းတင်ခဲ့သည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယနေ့အစည်းအဝေးတွင် အမျိုးသားလွှတ်တော်အစည်းအဝေး ရပ်နားပေးရန် အရေးကြီးအဆိုကို ဆွေးနွေးအတည်ပြုခြင်း၊ ဥပဒေကြမ်း ငါးခု အတည်ပြုခြင်းနှင့် ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို အသိပေးတင်ပြခြင်း၊ ကြော်ငြာအားလုံးအထူးကန့်သတ်လျှော့ချသွားရန် အဆိုတစ်ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ **(သတင်းစဉ်)**

ကူညီထောက်ပံ့မှုများ

# ကလေးမြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကြည့်ရှု



**နေပြည်တော် ဩဂုတ် ၁၉**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၁၈ ရက်တွင် ကလေးမြို့ လေဆိပ်မှ တမူးမြို့နယ် ဘုတ်ကန်ကျေးရွာသို့ ရဟတ်ယာဉ်ဖြင့် သွားရောက်၍ ကျေးရွာအတွင်း ရေကျပြီးနောက် နုန်းများတင်ကျန်နေမှုနှင့် ရွာပြောင်းရွှေ့မည့်နေရာကို ရှင်းလင်းနေမှုတို့ကို ကြည့်ရှုပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ ခမ္မရောင်ခြည်ဘုန်းကြီးကျောင်းကယ်ဆယ်ရေးစခန်း၌ ပြည်ထောင်စုအစိုးရအဖွဲ့က လှူဒါန်းသော ဘုရားဆင်းတု ၂၈၅ ဆူ၊ ပစ္စည်း ၃၆ မျိုးပါ ပလတ်စတစ်ပုံး ၂၈၅ ပုံး၊ ဓား ၂၈၅ လက်နှင့် မိုးကာစ ၂၈၅ ခုတို့ကို နိုင်ငံတော်ကိုယ်စားထောက်ပံ့ပေးပြီး ဝန်ကြီးဌာနအနေဖြင့် ပျက်စီးအိမ်ခြေ ၁၈၀ အတွက် ငွေကျပ် ၃၆ သိန်း၊ မိုးကာစအလိပ်ကြီး ငါးလိပ်နှင့် အဝတ်အထည်များအား ရေဘေးသင့်ပြည်သူများထံ ပေးအပ်၍ အားပေးစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ကလေးမြို့နယ် ကျောက္ကာကျေးရွာသို့ ကွင်းဆင်း၍ သာသနာ့ဗိမာန်ဘုန်းကြီးကျောင်းကယ်ဆယ်ရေးစခန်း၌ အိမ်ခြေ ၁၀၀ အတွက် ငွေကျပ် သိန်း ၂၀၊ မျက်နှာသုတ်ပဝါနှင့် ဆပ်ပြာ ၁၀၀ စီ တို့ကို ပေးအပ်ပြီး ရေဘေးသင့်ပြည်သူများကို အားပေးစကားပြောကြားကာ ကျီးကုန်းကျေးရွာသို့ရောက်ရှိ၍ အိမ်ခြေ ၃၆၅ အိမ်အတွက် ငွေကျပ် ၇၃ သိန်းနှင့် တီရှပ် ၃၆၅ ထည်တို့ကို ထောက်ပံ့ပေးသည်။

ယင်းနောက် ဒေသကွပ်ကဲရေးစစ်ဌာနချုပ် (ကလေး) ၌ ဖွင့်လှစ်ထားသော ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများလက်ခံရာဌာနနှင့် ကွပ်ကဲရေးရုံးသို့ သွားရောက်၍ အာဏာပိုင်များနှင့် တွေ့ဆုံပြီး အလှူငွေနှင့် ပစ္စည်းများ ကျေးရွာများသို့ ပြန်လည်ဖြန့်ဝေနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ကလေး-ဂန့်ဂေါ ကားလမ်းပေါ်ရှိ ချင်းဆိုင်ကျေးရွာ၌ ဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်းသို့ သွားရောက်၍ ပေါက်ခုံကျေးရွာ အိမ်ခြေ ၁၃၀ အတွက် ငွေကျပ် ၁၉ ဒသမ ၅ သိန်း၊ ရေလဲဦးကျေးရွာ အိမ်ခြေ ၂၀၁ အိမ်အတွက် ငွေကျပ် ၃၀ ဒသမ ၁၅ သိန်း၊ တီရှပ်များနှင့် ရေသန့်ဘူးတို့ကို ထောက်ပံ့ပေး၍ ရေဘေးသင့်ပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံပြီး အားပေးစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ဩဂုတ် ၁၉ ရက်တွင် ကလေးမြို့ မူလတန်းကြိုကျောင်းအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ နိုင်ငံတကာဆက်ဆံရေးကော်မတီသို့ နိုင်ငံ/အဖွဲ့အစည်းများမှ လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၉**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ နိုင်ငံတကာဆက်ဆံရေး ကော်မတီသို့ နိုင်ငံ/အဖွဲ့အစည်းများမှ အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ လှူဒါန်းလျက်ရှိရာ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းလျက်ရှိသည့် နယ်စည်းမခြားဆရာဝန်များအဖွဲ့(ဟော်လန်)မှ ယူရို ၅၁၀၀၃ ဒသမ ၂၃ သန်း တန်ဖိုးရှိ ဆေးဝါးများကိုလည်းကောင်း၊ Rotary International District 3490 (Taiwan)မှ ရေဘေးသင့်ပြည်သူများအတွက် ရေသန့်စက်များ တင်သွင်းရန်အတွက်လည်းကောင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြထားသည်။

တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ မြန်မာသံရုံးမှ တစ်ဆင့် မွန်ဂိုလီးယား Leah Energy Development(Hong Kong) Limited ၏ CEO Mr. Suyaletu က လှူဒါန်းသည့် ယွမ် ၅၀၀၀ အား နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ဩဂုတ် ၁၈ ရက်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လှူဒါန်းပြီးဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# စေတုတ္တရာမြို့နယ်အတွင်းရှိ ရေဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများအတွက် ထောက်ပံ့ငွေနှင့်ပစ္စည်းများပေးအပ်

**စေတုတ္တရာ ဩဂုတ် ၁၉**

မကွေးတိုင်းဒေသကြီးအတွင်းရှိ ဥပဒေချုပ်ရုံး၊ ခရိုင်နှင့် မြို့နယ်ဥပဒေရုံးများမှ အရာရှိ ဝန်ထမ်းများ၏ ထောက်ပံ့ငွေနှင့် လှူဒါန်းပစ္စည်းများကို ဩဂုတ် ၁၅ ရက်တွင် မင်းဘူးခရိုင်ဥပဒေအရာရှိ ဦးစောနှင်းနှင့်အဖွဲ့သည် စေတုတ္တရာမြို့နယ်ရှိ ရေဘေးသင့် ဥပဒေရုံးဝန်ထမ်းများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ဥပဒေရုံးဝန်ထမ်းများအား ထောက်ပံ့ငွေကျပ် ၂၅၀၀၀၀ ကို ပေးအပ်ခဲ့သည်။ ထို့နောက် စေတုတ္တရာမြို့နယ် အုပ်ချုပ်ရေးမှူးရုံးတွင် မြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေကျပ် ၃၀၀၀၀၀ နှင့် ငွေကျပ် ၃၇၂၇၈၅ ကျပ်တန်ဖိုးရှိ ထောက်ပံ့ပစ္စည်းများကို လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ဖဲ)**

# ကျောက်တော်နှင့်မြောက်ဦးမြို့နယ်များရှိ ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၉**

CB-KMA Foundation အဖွဲ့ဝင်များသည် ဩဂုတ် ၁၇ ရက်တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ အလိုတော်ပြည့်ကယ်ဆယ်ရေးအဖွဲ့၏ ရေဘေးသင့်ဒေသပြည်သူများအတွက် ကူညီထောက်ပံ့ရေးပစ္စည်းများ လှူဒါန်းပွဲ ပြုလုပ်ရာ Myanmar Music Network နှင့် Media 7 အဖွဲ့တို့နှင့်အတူ အနုပညာရှင်များက ပါဝင်လှူဒါန်းခဲ့ကြသည်။ CB-KMA Foundation သည် ရေဘေးသင့်ပြည်သူများအတွက် ပံ့ပိုးကူညီရေး၊ ပြန်လည်ထူထောင်ရေးနှင့် ဒေသဖွံ့ဖြိုးမှုလုပ်ငန်းများအတွက် ရခိုင်ပြည်နယ်ရှိ ကျောက်တော်နှင့် မြောက်ဦးမြို့နယ်များကို အထူးပြုဒေသအဖြစ် ပံ့ပိုးကူညီပေးသွားမည်ဖြစ်သည်။

ယင်း CB-KMA Foundation အနေဖြင့် ရေဘေးသင့်ပြည်သူများကို အကူအညီပေးနိုင်ရန် CB Bank KMA ကုမ္ပဏီလီမိတက်၊ Golden Myanmar Airlines နှင့် အခြားအလှူရှင်အသီးသီးက ငွေကျပ်သိန်းပေါင်း တစ်သောင်းတစ်ထောင်မတည်ကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ယခုအခါတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် အခြားလူမှုရေးအဖွဲ့အစည်းများ ပူးပေါင်းကာ အထိရောက်ဆုံးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ရခိုင်ပြည်နယ် ကျောက်တော်နှင့် မြောက်ဦးမြို့နယ်များရှိ ရေဘေးသင့်ပြည်သူများအတွက် CB-KMA Foundation နှင့် ပူးပေါင်းပါဝင်လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် CB Bank ဘဏ်ခွဲများနှင့် Golden Myanmar Airlines ရုံးများသို့လည်းကောင်း၊ ဖုန်းနံပါတ်-၀၉-၇၃၉၀၂၄၈၇၊ ၀၉-၇၉၅၉၃၇ ၄၉၇၊ ၀၉-၅၀၈၉၁၈၅၊ ၀၉-၅၁၅၄၉၆၃၊ CB Bank Donation Hotline Number - ၀၉-၂၆၂၁၀၈၇၀၈၊ ၀၉-၂၆၂၁၀၈၇၀၉ တို့သို့လည်း ကောင်း ဆက်သွယ်လှူဒါန်းနိုင်သည်။ **(ကြေးမုံ)**






# ရေဘေးသင့်ပြည်သူများအား အစားအစာနှင့် အဝတ်အထည်များလှူဒါန်း

**ဖျာပုံ ဩဂုတ် ၁၉**

ဖျာပုံမြို့ရှိ Save ပရဟိတလူမှုကူညီရေးအဖွဲ့မှ ကိုစိုးလွင်နှင့် ကိုလှဖုန်းဦးဆောင်သောအဖွဲ့သည် မိတ်ဆွေအလှူရှင်လုပ်အားဒါနရှင်များနှင့်ပူးပေါင်း၍ ဩဂုတ် ၁၇ ရက် နံနက်ပိုင်းတွင် မအူပင်ခရိုင် ညောင်တုန်းမြို့နယ်အတွင်းရှိ ဂေါ်ဒူရွာနှင့် ကရင်ပြာသာရွာတို့ရှိ ရေဘေးသင့်အိမ်ထောင်စု ၂၃၂ စုတို့အား လိုအပ်သော ဆန်၊ မုန့်၊ မုန့်ဖက်ထုပ်၊ ခေါက်ဆွဲခြောက်၊ ငံပြာရည်ချက်၊ ရေသန့်နှင့် အဝတ်အထည်များ ကိုယ်တိုင်ကိုယ်ကျ လက်ဝယ်အရောက် သွားရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် ယင်းကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများသို့လည်း ဆွမ်းဆန်တော်နှင့် အခြားလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ပြီး ကျေးရွာတွင်းရှိ ရေနစ်မြုပ်/ပျက်စီးခဲ့သည့် လူနေအိမ်နှင့် အခြားအဆောက်အအုံများ၊ ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်း၊ လမ်း၊ တံတားများနှင့် ဒေသအခြေအနေများအား လေ့လာခဲ့ကြကြောင်းသိရသည်။

**(သပြေထွန်း)**

# ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်း ဆက်လက်ပို့ဆောင်

**နေပြည်တော် ဩဂုတ် ၁၉**

သဘာဝဘေးအန္တရာယ် ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသများသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရန် ပြည်တွင်းလေကြောင်းလိုင်းများမှ လေယာဉ်များဖြင့် ဆက်လက်ပေးပို့လျက်ရှိသည်။

ထိုသို့ပေးပို့ရာတွင် မြန်မာအမျိုးသားလေကြောင်းနှင့် ကမ္ဘောဇလေကြောင်းတို့မှ လေယာဉ် သုံးခေါက်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ပစ္စည်းများဖြစ်သည့် ခြင်ထောင်၊ ဆေးပစ္စည်းမျိုးစုံ၊ စားသောက်ကုန်၊ အဝတ်အထည်၊ ဆေးစိမ်ခြင်ထောင်၊ ဘောင်းဘီအစုံ၊ ဆန်၊ ရေသန့်ဆေးနှင့် ခေါင်းအုံးများ ယနေ့တွင် ပေးပို့ခဲ့ကြောင်း သိရသည်။ **(ပို့ဆောင်ရေးဝန်ကြီးဌာန)**

## ကူညီထောက်ပံ့မှုများ

# ရေဘေးသင့်ဒေသများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၉**

ကျန်းမာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံတစ်ဝန်း ရေဘေးသင့်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ခြင်း၊ ဆေးနှင့်ဆေးပစ္စည်းများ ထောက်ပံ့ပို့ဆောင်ခြင်း၊ အရေးပေါ်တုံ့ပြန်မှု ဗဟိုဌာနဖွင့်လှစ်၍ ကြီးကြပ်ခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် ဩဂုတ်လအတွင်း စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၌ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ ကန်ကြီးကုန်းနှင့် ကျောက္ကာကျေးရွာများတွင်လည်းကောင်း၊ MERCY (Malaysia) အဖွဲ့နှင့်ပူးပေါင်း၍ ဆည်တော်ဦး၊ သဖန်းအိုင်ကျေးရွာများတွင်လည်းကောင်း၊ MSI အဖွဲ့နှင့် ပူးပေါင်း၍ ကင်ပွန်းခြုံကျေးရွာတွင် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ၊ ရောဂါကာကွယ်တားဆီး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ၊ ကလိုရင်းဆေးခတ်ခြင်း လုပ်ငန်းများ၊ ပိုးလောက်လမ်းနှိမ်နင်းခြင်းလုပ်ငန်းများ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများနှင့် အခြားပြည်သူ့ကျန်းမာရေးဆိုင်ရာလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်တွင်လည်း အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ ကယ်ဆယ်ရေးစခန်းများနှင့် ရပ်ကွက်ကျေးရွာများတွင် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ရောဂါကာကွယ်တားဆီးစောင့်ကြပ်ခြင်းလုပ်ငန်းများ၊ ကလိုရင်းဆေးခတ်ခြင်းနှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ထို့အတူ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်၌ ယာယီဆေးခန်းဖွင့်လှစ်၍ ဆေးကုသမှုပေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှုရှိရန်၊ အစားအစာသန့်ရှင်းမှုရှိရန်နှင့် ရေကျိုချက်သောက်ရန် ကျန်းမာရေးပညာပေးခြင်း၊ ရေတွင်းရေကန်နှင့် လက်နှိပ်တုံကင်များကို ကလိုရင်းဆေးခတ်ခြင်းစသည့် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများနှင့် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့်လည်း ချင်းပြည်နယ်တွင် ဟားခါးမြို့ ကာစင်ခရစ်ယာန်ကျောင်းကယ်ဆယ်ရေးစခန်းနှင့် တီးတိန်မြို့ အမှတ်(၁)ကယ်ဆယ်ရေးစခန်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ အူဒူကျေးရွာ၊ ဥယျာဉ်ရွာ၊ လက်ပံချောင်းရွာ၊ ရာဇဗြိုလ်ရွာ ကယ်ဆယ်ရေးစခန်းများ၌လည်းကောင်း၊ မကွေးတိုင်းဒေသကြီး၌ ပွင့်ဖြူမြို့ ညောင်ပင်ရွာ၊ မင်းဘူးမြို့ ဖလံရိုးရွာ၊ သရက်မြို့ သီးကုန်းရွာ၊ ပခုက္ကူမြို့ ပန်းတိုင်းခြံရွာ၊ ချောက်မြို့ လက်ပံကျွန်းရွာသစ်ကယ်ဆယ်ရေးစခန်းများ၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး၌ ပန်းတောင်းမြို့ ထုံးဘိုရွာ၊ ကျီးသဲတိုက်နယ် ကယ်ဆယ်ရေးစခန်းများ၌လည်းကောင်း၊ ရခိုင်ပြည်နယ်၌ ပုဏ္ဏားကျွန်းမြို့ ကြံခင်းရွာ၊ ကျောက်တော်မြို့ ကွမ်းအုံချောင်းရွာ၊ မြောက်ဦးမြို့ မြောက်ဦးကယ်ဆယ်ရေးစခန်း၊ မင်းပြားမြို့ သပြေညိုရပ်ကွက်၊ မောင်တောမြို့ သုံးမိုင်ရွာကယ်ဆယ်ရေးစခန်းများ၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး၌ ပုသိမ်မြို့ ရေကြည်ဦးဘုရား၊ ကန်ကြီးထောင့်မြို့ မင်္ဂလာရာမဘုန်းတော်ကြီးကျောင်း၊ သာပေါင်းမြို့ ငဝန်ဒေါင့်ကြီးရွာနှင့် ဘုရားငူကျေးရွာကယ်ဆယ်ရေးစခန်း၊ ဟင်္သာတမြို့ ကြာသာကျေးရွာ၊ ကြံခင်းမြို့ ထန်းတပင်ကျေးရွာ၊ အင်္ဂပူမြို့ ရွှေစံတော်ဘုရား၊ မြန်အောင်မြို့ မြေနုကျွန်းနှင့် ရေလယ်ကျွန်း ကယ်ဆယ်ရေးစခန်းတို့တွင် ရေဘေးသင့်ပြည်သူများအား တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ရောဂါကာကွယ်နှိမ်နင်းရေးနှင့် ကျန်းမာရေး အသိပညာပေးလုပ်ငန်းဆောင်ရွက်မှုများကို ဩဂုတ် ၁၈ ရက်အထိ ယာယီဆေးခန်း ၁၀၈၄ ခန်း၊ ရွေ့လျားဆေးခန်း ၃၆၆ ခန်း ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ ရေတွင်း ရေကန်ပေါင်း ၇၅၁၀၀ ကို ကလိုရင်းဆေးခတ်ပေးခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ၂၆၃၈ ကြိမ်ဆောင်ရွက်ခြင်း၊ ခြင်၊ ယင် နှိမ်နင်းခြင်း ၁၅၆၀ ကြိမ်ဆောင်ရွက်ခြင်း၊ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို ၁၂၅၈ ကြိမ် ဆောင်ရွက်ပေးခြင်း၊ ကိုယ်ဝန်ဆောင် စောင့်ရှောက်မှု ၃၀၇၂ ကြိမ် ဆောင်ရွက်ခြင်းနှင့် အခြားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိပြီး တိုင်းဒေသကြီး/ပြည်နယ်များရှိ ရေဘေးသင့်ဒေသများသို့ ကလိုရင်းရေသန့်စင်ဆေးမှုန့် ၅၀ ကီလိုဂရမ်ပုံး ၂၆၇ ပုံး၊ ဆေးစိမ်ခြင်ထောင် ၃၄၃၀၊ ရေသန့်ဆေးထုပ် ၁၈၉၀၀၊ ကလိုရင်းဆေးပြား ၂၈၈၀၀၊ DHF Test Kit ၃၀ နှင့် အိမ်သာခွက် ၁၄၇၀၀ တို့ကို ထောက်ပံ့ပေးခဲ့ကြောင်းသိရသည်။

**(သတင်းစဉ်)**

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် ထောက်ပံ့မှုအခြေအနေဇယားချုပ် (၁၉–၈–၂၀၁၅)

**နေပြည်တော် ဩဂုတ် ၁၉**

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန်၂၄ ရက်မှ ၂၈ ရက်အထိ တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်နှစ်ခုတွင်လည်းကောင်း၊ ဇူလိုင် ၁၆ ရက်မှ ဩဂုတ် ၁၉ ရက်အထိ တိုင်းဒေသကြီးခြောက်ခုနှင့်ပြည်နယ်ခြောက်ခုတို့တွင်လည်းကောင်း သဘာဝဘေးအန္တရာယ်များကြောင့် အိမ်ထောင်စု ၄၀၄၃၅ စုမှ လူဦးရေ ၁၆၂၅၃၇၂ ဦး ရေဘေးသင့်ခဲ့ပြီး ၁၁၇ ဦးသေဆုံးခဲ့မှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်ရိက္ခာ တန်ဖိုး ငွေကျပ် ၁၀၄၀၃၇၅၀၀၊ အရေးပေါ်အစားအစာတန်ဖိုးငွေကျပ်၁၅၂၄၄၂၃၀၊ အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် ၂၀၃၁၉၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်းတန်ဖိုးငွေကျပ် ၃၂၇၈၆၅၅၅၀ နှင့် သေဆုံးမှုထောက်ပံ့ကြေး ငွေကျပ် ၁၀၁၀၀၀၀၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၆၆၀၄၃၇၂၈၀ ကို ပေးပို့ထောက်ပံ့ခဲ့သည်။

| စဉ် | ဘေးဖြစ်ပွားသည့် တိုင်းဒေသကြီး/ပြည်နယ် | ဘေးသင့်အိမ်ထောင်စု | | ဘေးသင့်လူဦးရေ | သေဆုံး | ထောက်ပံ့မှု (ကျပ်) | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မျောပါ/ပျက်စီး | ပြောင်းရွှေ့ | | | ဆန်ရိက္ခာ | အရေးပေါ် အစားအစာ | အိမ်ဆောက် ပစ္စည်း | ကဆရ ပစ္စည်း | သေဆုံး | စုစုပေါင်း | |
| **ဇွန်လ (၂၄) ရက်နေ့မှ (၂၈) ရက်နေ့အထိ** | | | | | | | | | | | | |
| ၁။ | ရခိုင်ပြည်နယ် | ၃၈၉ | ၁၈၆၇ | ၁၃၅၄၂ | ၆ | ၂၈၃၅၀၀၀ | ၂၈၃၅၈၄၀ | ၄၀၃၀၀၀၀၀ | ၁၃၆၆၉၆၁၄ | ၆၀၀၀၀၀ | ၆၀၂၄၀၄၅၄ | |
| ၂။ | တနင်္သာရီတိုင်းဒေသကြီး | - | ၅၆ | ၂၆၄ | - | ၁၇၄၆၀၀ | - | - | ၄၅၅၂၈၀ | - | ၆၂၉၈၈၀ | |
| ၃။ | ကရင်ပြည်နယ် | - | ၇၂ | ၃၈၉ | - | - | ၉၅၆၉၄၀ | - | - | - | ၉၅၆၉၄၀ | |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | ၄ | ၁၄၉ | ၇၁၆ | ၁ | ၅၃၇၇၅၀ | - | - | ၁၂၉၉၆၃၄ | ၁၀၀၀၀၀ | ၁၉၃၇၃၈၄ | |
| ၅။ | ပဲခူးတိုင်းဒေသကြီး | ၁၂ | ၂ | - | - | - | - | - | ၂၈၁၀၅၂ | - | ၂၈၁၀၅၂ | |
| | **စုစုပေါင်း** | **၄၀၅** | **၂၁၄၆** | **၁၄၉၁၁** | **၇** | **၃၅၄၇၃၅၀** | **၃၇၉၂၇၈၀** | **၄၀၃၀၀၀၀၀** | **၁၅၇၀၅၅၈၀** | **၇၀၀၀၀၀** | **၆၄၀၄၅၇၁၀** | |
| **ဇူလိုင်လ (၁၆) ရက်နေ့မှ ဩဂုတ်လ (၁၉)ရက်နေ့အထိ** | | | | | | | | | | | | |
| ၁။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၆၀၆ | ၆၅၆၈၃ | ၃၉၉၅၆၇ | ၁၉ | ၅၀၀၅၃၀၀၀ | - | ၁၇၅၀၀၀၀ | ၅၅၂၇၄၀၆၀ | ၁၃၀၀၀၀၀ | ၁၀၈၃၇၇၀၆၀ | |
| ၂။ | ကချင်ပြည်နယ် | ၅၃ | ၁၁၄၅ | ၆၂၁၉ | ၁ | ၁၂၉၅၀၃၀၀ | - | ၂၅၀၀၀၀၀ | ၂၉၁၀၅၄၀ | ၁၀၀၀၀၀ | ၁၈၄၆၀၈၄၀ | |
| ၃။ | ရှမ်းပြည်နယ် | ၁၂၇ | ၁၄၈၆ | ၇၆၁၁ | ၉ | ၈၉၁၀၀ | - | ၁၀၀၀၀၀၀ | ၅၀၉၉၇၂၂ | ၉၀၀၀၀၀ | ၇၀၈၈၈၂၂ | |
| ၄။ | မန္တလေးတိုင်းဒေသကြီး | ၁၈၈ | ၃၇၅၅ | ၁၅၆၁၂ | ၁၂ | ၉၄၃၆၅၀၀ | - | ၄၉၀၀၀၀၀ | ၃၀၅၂၅၆၁၀ | ၁၁၀၀၀၀၀ | ၄၅၉၆၂၁၁၀ | |
| ၅။ | ချင်းပြည်နယ် | ၂၇၈၉ | ၄၀၄၂ | ၂၀၄၄၉ | ၅ | - | - | ၅၂၃၄၀၀၀၀ | ၄၁၇၉၉၆၈ | ၅၀၀၀၀၀ | ၅၇၀၁၉၉၆၈ | |
| ၆။ | ရခိုင်ပြည်နယ် | ၁၀၄၈၅ | ၁၆၇၂၈ | ၉၈၀၂၆ | ၅၆ | - | - | - | ၇၂၃၀၁၃၇၀ | ၅၅၀၀၀၀၀ | ၇၇၈၀၁၃၇၀ | |
| ၇။ | ကရင်ပြည်နယ် | - | ၁၃၉၉ | ၇၃၂၅ | - | ၆၅၂၄၄၀၀ | ၇၂၉၃၄၅၀ | - | - | - | ၁၃၈၁၇၈၅၀ | |
| ၈။ | မွန်ပြည်နယ် | - | ၁၅၁၅ | ၆၆၃၂ | - | - | ၄၁၅၈၀၀၀ | - | ၂၃၄၉၅၇၀ | - | ၆၅၀၇၅၇၀ | |
| ၉။ | ပဲခူးတိုင်းဒေသကြီး | ၂၁၃ | ၈၇၉၅၅ | ၁၇၇၃၁၅ | ၂ | - | - | - | ၃၀၄၁၂၃၂၀ | - | ၃၀၄၁၂၃၂၀ | |
| ၁၀။ | မကွေးတိုင်းဒေသကြီး | ၄၆၄ | ၆၃၂၂၃ | ၃၀၈၀၄၆ | ၂ | ၅၇၆၀၀၀၀ | - | ၁၀၀၀၀၀၀၀၀ | ၅၇၃၅၂၆၅၀ | - | ၁၆၃၁၁၂၆၅၀ | |
| ၁၁။ | ဧရာဝတီတိုင်းဒေသကြီး | ၁၈၆၀ | ၁၂၀၉၃၀ | ၅၀၀၂၅၈ | ၃ | ၁၅၆၆၀၂၀၀ | - | ၄၀၀၀၀၀ | ၄၁၂၀၁၄၂၀ | - | ၅၇၂၆၁၆၂၀ | |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၂၇ | ၁၆၂၁၁ | ၆၃၄၀၁ | ၁ | ၁၆၆၅၀ | - | - | ၁၀၅၅၂၇၄၀ | - | ၁၀၅၆၉၃၉၀ | |
| | **စုစုပေါင်း** | **၁၇၈၁၂** | **၃၈၄၀၇၂** | **၁၆၁၀၄၆၁** | **၁၁၀** | **၁၀၀၄၉၀၁၅၀** | **၁၁၄၅၁၄၅၀** | **၁၆၂၈၉၀၀၀၀** | **၃၁၂၁၅၉၉၇၀** | **၉၄၀၀၀၀၀** | **၅၉၆၃၉၁၅၇၀** | |
| | **ဇွန်လ၊ ဇူလိုင်လနှင့်ဩဂုတ်လ စုစုပေါင်း** | **၁၈၂၁၇** | **၃၈၆၂၁၈** | **၁၆၂၅၃၇၂** | **၁၁၇** | **၁၀၄၀၃၇၅၀၀** | **၁၅၂၄၄၂၃၀** | **၂၀၃၁၉၀၀၀၀** | **၃၂၇၈၆၅၅၅၀** | **၁၀၁၀၀၀၀၀** | **၆၆၀၄၃၇၂၈၀** | |

# ကြံခင်းမြို့ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်း

**ကြံခင်း ဩဂုတ် ၁၉**

ထူးဖောင်ဒေးရှင်းမှ ကြံခင်းမြို့ရှိ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၁၄ ရက်က ကြံခင်းမြို့ ဧရာဦးခန်းမတွင်ကျင်းပရာ ထူးကုမ္ပဏီရုံးချုပ် ဒုမန်နေဂျင်းဒါရိုက်တာ ဦးတင်မောင်တိုးက ထူးဖောင်ဒေးရှင်းမှ ကြံခင်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့လှူဒါန်းသည့် ပစ္စည်းများနှင့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ထောက်ပံ့ပစ္စည်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များက လက်ခံရယူကြသည်။

ထူးဖောင်ဒေးရှင်းမှ ကြံခင်းမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် လယ်ယာသုံးလက်တွန်းထွန်စက် ငါးစီး၊ မျိုးစပါး တင်း ၅၀၀၊ ဆန်အိတ် ၅၀၀၊ ပုဆိုး၊ လုံချည်၊ အဝတ်အထည်မျိုးစုံ၊ ရေသန့်ဘူးကတ်နှင့် ခေါက်ဆွဲခြောက်ထုပ်များ၊ ရွက်ဖျင်တဲများပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဝင်းဗိုလ်(မြန်/ဆက်)**

# ရေကြီးနစ်မြုပ်ဒဏ်ခံရသည့် ဒေသများတွင် နိုင်ငံတော်အစိုးရ၏ လယ်ယာကဏ္ဍနှင့် လူမှုရေးဆိုင်ရာ ဆောင်ရွက်ချက်များ

**လယ်ယာကဏ္ဍတွင် အဓိကဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ**

- ရေကျသည့် လယ်မြေများအား တစ်ကွက်ပေါ် တစ်ကွက်ထွန်စနစ်ဖြင့် ထွန်ယက်ပေးခြင်း၊
- ထွန်စက်ရှေ့ဂေါ်များဖြင့် သဲနုန်းများ ဖယ်ရှားပေးခြင်း၊
- ရေနစ်မြုပ်သွားသော တောင်သူပိုင် လယ်ယာသုံး စက်ကိရိယာများ ပြုပြင်ပေးခြင်း၊

**လူမှုရေးဆိုင်ရာ ဆောင်ရွက်မှုများ**

- ဆေးရုံ၊ ကျောင်းများတွင် ရွှံ့ညွန်များ ဖယ်ရှားပြီး သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊
- လမ်းပေါ်တွင် တင်ကျန်နေသည့် ရွှံ့ညွန်များကို ရှင်းလင်းဖယ်ရှားပေးခြင်း၊
- ရေ၊ မီးလိုင်းများ ပြန်လည်ပြုပြင်ပေးခြင်း၊
- အမှိုက်များ ဖယ်ရှားရှင်းလင်းပေးခြင်း၊
- ရေနုတ်မြောင်းများ ပြုပြင်မွမ်းမံခြင်း၊



ကလေးမြို့နယ် ရေနစ်မြုပ်လယ်မြေများအား ထွန်ယက်ရေး ဆောင်ရွက်ပေးမည့် ထွန်စက်များကို တွေ့ရစဉ်။



ကလေးမြို့နယ် လက်ပံချောင်းလမ်းပေါ်ရှိ နုန်းများအား ဖယ်ရှားရှင်းလင်းနေစဉ်။



ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် နတ်မော်ကျေးရွာတွင် ထွန်စက်များဖြင့် ထွန်ယက်နေစဉ်။



စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ရေနစ်မြုပ်လယ်မြေများအား ထွန်ယက်ပေးနေစဉ်။



မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ရေနစ်မြုပ်လယ်မြေများအား ထွန်ယက်ပေးနေစဉ်။

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၉**

မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၃၆ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှရေထုတ်လွှတ်လျက်ရှိပြီး တာတမံများကျိုးပေါက်မှုမရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

## သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၄. ၃၀' |
| ၂။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၄. ၃၀' |
| ၃။ | ပေါင်းလောင်းရေလှောင်တမံ | ၅၄၉၄၂၀ | ၁. ၉၆' |
| ၄။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၂. ၀၀' |
| ၅။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၀. ၈၀' |
| ၆။ | ကင်းတပ်ရေထိန်းတမံ | ၃၈၂၉၅ | ၅. ၂၀' |
| ၇။ | လင်ပန်းရေလှောင်တမံ | ၁၀၁၈၀ | ၀. ၇၀' |
| ၈။ | ရာဇဂြိုလ်ရေလှောင်တမံ | ၅၂၀၀၀ | ၁. ၅၀' |
| ၉။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၁. ၆၀' |
| ၁၀။ | ကျေးပင်အက်ရေလှောင်တမံ | ၄၄၀၀၀ | ၀. ၄၀' |
| ၁၁။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၂. ၀၀' |
| ၁၂။ | မြောက်ယမား ရေကူရေလှောင်တမံ | ၁၂၂၉၀၀ | ၁. ၅၀' |
| ၁၃။ | ဆွာချောင်းရေလှောင်တမံ | ၂၁၆၃၅၀ | ၁. ၃၀' |
| ၁၄။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၀. ၉၀' |
| ၁၅။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၀. ၈၀' |
| ၁၆။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၃၀' |
| ၁၇။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၀. ၅၀' |
| ၁၈။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၁. ၁၅' |
| ၁၉။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၂၀' |
| ၂၀။ | ဇလပ်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၀. ၁၀' |
| ၂၁။ | ရွှေပြည်(၃)ရေလှောင်တမံ | ၃၇၀၀ | ၀. ၁၀' |
| ၂၂။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၀. ၉၈ |
| ၂၃။ | စဥ့်ကူးချောင်းဂေါင်း ရေလှောင်တမံ | ၂၂၂၉ | ၀. ၂၀' |
| ၂၄။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၁. ၆၀' |
| ၂၅။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၀. ၇၀' |
| ၂၆။ | တောင်ညိုရေလှောင်တမံ | ၂၁၀၀၀၀ | ၀. ၈၀' |
| ၂၇။ | ဘော်ဘင်ရေလှောင်တမံ(၁) | ၉၇၆၄၆ | ၀. ၂၅' |
| ၂၈။ | ဘော်ဘင်ရေလှောင်တမံ(၂) | ၂၆၅၈၈ | ၀. ၃၅' |
| ၂၉။ | စလင်းရေလှောင်တမံ | ၁၃၃၀၀၀ | ၀. ၇၀' |
| ၃၀။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၀. ၆၀' |
| ၃၁။ | မာလဲနတ်တောင် ရေလှောင်တမံ | ၅၀၉၇၀ | ၁. ၆၀' |
| ၃၂။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၀. ၈၀' |
| ၃၃။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၁. ၄၀' |
| ၃၄။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ၁၇၃၅ | ၀. ၆၀' |
| ၃၅။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၀. ၄၅' |
| ၃၆။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၀. ၆၀' |

(သတင်းစဉ်)

# ရေကြီးရေလျှံမှုကြောင့် အောင်မြင်သာကျေးရွာ ရွှံ့ညွန်အောက်သို့ရောက်ရှိ



**ကလေး ဩဂုတ် ၁၉**

ကလေးမြို့တွင် မကြုံစဖူးရေကြီးရေလျှံမှုဖြစ်ပွားပြီး ရေကျသွားပြီးနောက် ကလေးမြို့နယ် ပျဉ်းခုံကြီးကျေးရွာအုပ်စုရှိ အောင်မြင်သာကျေးရွာသည် ရွာလုံးကျွတ်နီးပါး ရွှံ့ညွန်အောက်သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

အောင်မြင်သာကျေးရွာတွင် အိမ်ခြေ ၂၀၃ အိမ်ရှိသည့်အနက် အိမ်ခြေ ၄၀ သည် အိမ်အောက်ထပ်အထိ ရွှံ့ညွန်များဖြင့် ပြည့်နှက်နေပြီး အိမ်ခြေ ၁၆၃ အိမ် ရွှံ့ညွန်အောက်သို့ နစ်မြုပ်ခဲ့သည့်အပြင် လယ်ဧက ၁၅၀၀၊ စိုက်ပျိုးခြံ ဧက ၇၀၀၊ မျိုးစပါးတင်း ၁၀၀၀၀၊ ပဲမျိုးစုံတင်း ၅၀၊ နေကြာမျိုးတင်း ၁၀၀၊ ထွန်စက် အစီး ၃၀၊ သုံးဘီး ခုနစ်စီးနှင့် ဆိုင်ကယ်အစီး ၁၀၀ တို့လည်း ရွှံ့ညွန်ထဲသို့ နစ်မြုပ်ခဲ့ကြောင်း သိရသည်။

"ဒီလိုမျိုးရေကြီးတာနဲ့ အဆိုးဆုံးကတော့ လူနေအိမ်တချို့ဆိုရင် အိမ်အောက်ထပ်အထိ ရွှံ့ညွန်တွေမြုပ်ပြီး တချို့အိမ်တွေဆိုရင် တစ်အိမ်လုံး နစ်မြုပ်နေပါတယ်။ ဒါ့အပြင် လယ်ထွန်စက်တွေ၊ သုံးဘီးဆိုင်ကယ်တွေ၊ ဆိုင်ကယ်တွေ၊ နွားလှည်းတွေရော ရွှံ့ညွန်ထဲ ဝင်ကုန်တော့တယ်။ လယ်မြေတွေလည်း ဒူးလောက်ကနေ ခါးလောက်အထိ ရွှံ့ညွန်ဖုံးအုပ်ပြီးတော့ သူ့လယ်ကိုယ့်လယ် ခွဲခြားလို့ မရတော့ဘူး။ ရွာထဲမှာရော အိမ်ထဲမှာပါ ရွှံ့ညွန်တွေ ပြည့်နှက်နေတော့ သန့်ရှင်းရေး မလုပ်နိုင်တော့ဘူး"ဟု ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါ အောင်မြင်သာကျေးရွာ ပြန်လည်ထူထောင်နိုင်ရေးနှင့် ရွှံ့ညွန်များ ဖယ်ထုတ်နိုင်ရေးတို့အတွက် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးကိုယ်တိုင် ဩဂုတ် ၁၈ ရက်က လက်တွေ့ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုစာရင်း ၂၀၁၅ ခုနှစ် ဩဂုတ်(၁၉)ရက်

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | သီးနှံစုစုပေါင်း (ဧက) | | | | |
|---|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - |
| ၂။ | ကချင်ပြည်နယ် | ၃၂၁၂၇ | ၂၇၅၉၉ | ၁၅၆၆၃ | ၁၂၇၉၁ | ၅၂၂၈ |
| ၃။ | ကယားပြည်နယ် | ၁၄၆ | ၁၄၆ | ၁၀၄ | ၆၇ | - |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၆၄၈ | ၁၀၆ | ၇၄ |
| ၅။ | ချင်းပြည်နယ် | ၅၀၃၁ | ၅၀၃၁ | ၅၀၃၁ | ၂၉၀၉ | - |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၈၇၉၅၇ | ၁၇၆၇၄၀ | ၁၄၄၈၉၄ | ၁၁၄၇၅၁ | ၂၄၁၂၆ |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၃၇၅၉၂၅ | ၃၇၅၉၂၅ | ၂၂၉၉၈၉ | ၁၅၂၈၄၇ | ၈၃၁၄ |
| ၈။ | မကွေးတိုင်းဒေသကြီး | ၉၆၈၄၆ | ၉၅၃၇၀ | ၉၆၈၄၆ | ၆၅၈၅၈ | ၆၁၄၉ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၃၅၈၃ | ၃၅၈၃ | ၂၆၂ | ၂၈ | ၅ |
| ၁၀။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၃၀၁၀ | ၂၂၉၄ | - | - |
| ၁၁။ | ရခိုင်ပြည်နယ် | ၂၉၁၂၁၉ | ၂၉၁၂၁၉ | ၂၇၃၁၅၄ | ၂၁၇၂၄၆ | ၁၆၀၈၆၅ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၁၀၇၈၄၅ | ၅၆၇၆၃ | ၆၆၅၄၈ | ၁၀၀၆၉ | ၁၀၁၆ |
| ၁၃။ | ရှမ်းပြည်နယ် | ၁၃၃၄၉ | ၁၃၃၄၉ | ၃၈၂၉ | ၂၆၁၉ | ၃၀၅ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၃၁၅၆၁၅ | ၁၃၃၃၆၁ | ၁၂၄၆၃၇ | ၇၄၃၈၉ | ၅၆၅၈ |
| | စုစုပေါင်း | ၁၄၄၃၈၃၈ | ၁၁၉၃၂၈၁ | ၉၆၃၈၉၉ | ၆၅၃၆၈၀ | ၂၁၁၇၄၀ |

# သာပေါင်းမြို့နယ် ရေကြီးရေလျှံမှုကြောင့် ရေကာတာများ တောင့်တင်းခိုင်မာအောင် ပြင်ဆင်

**သာပေါင်း ဩဂုတ် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်တွင် ရေကြီးရေလျှံမှုကြောင့် ရေကာတာများ ယိုစိမ့်ပေါက်ထွက်မှု မဖြစ်ပေါ်စေရေးအတွက် ထပ်ပိုးမြှင့်တင်ခြင်း ပြုပြင်ဆောင်ရွက်မှုအခြေအနေကို ခရိုင်နှင့် မြို့နယ်တို့မှ တာဝန်ရှိသူများက ဩဂုတ် ၁၈ ရက်တွင် သွားရောက်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် လိမ်ကုန်းတာ၊ ရေလဲကြီးတာ၊ ရှမ်းကွင်းတာနှင့် သစ်ပုတ်ကုန်းရေကာတာများကို စစ်ဆေးခဲ့ခြင်းဖြစ်ပြီး ရေဘေးသင့်ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားသော ဆပ်သွားကျေးရွာအုပ်စုနှင့် ကျုံဒဒွန်းကျေးရွာအုပ်စုများသို့ ဆက်လက်သွားရောက်၍ ရေဘေးသင့်အိမ်ထောင်စုများအား ဆန် ၅၅ အိတ်၊ ရေသန့်ကတ် ၁၅၀၊ အဝတ်မျိုးစုံ ၁၀ ထုပ်၊ မာမား နှစ်ဖာ၊ ခြင်ဆေး နှစ်ဖာနှင့် မုန့်မျိုးစုံတို့ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။


မြို့နယ်(ပြန်/ဆက်)

# ငါးသိုင်းချောင်းမြို့နယ်တွင် ရေကျသော်လည်း စိုးရိမ်ရေမှတ် ကျော်လွန်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၉**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ငါးသိုင်းချောင်းမြို့နယ်၏ ငဝန်မြစ်စိုးရိမ်ရေမှတ်သည် ဇူလိုင်လကုန်ခန့်မှစ၍ နေ့စဉ်ကျော်လွန်မြင့်တက်ခဲ့ရာ ဩဂုတ် ၈ ရက်မှစ၍ နေ့စဉ်လျော့နည်း ကျဆင်းလျက်ရှိသော်လည်း သတ်မှတ်စိုးရိမ်ရေမှတ်အထက်တွင် ရှိနေသေးကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

(သတင်းစဉ်)





# နယ်စပ်ပြဿနာများအား ပူးပေါင်းဖြေရှင်းရေးဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၉**

လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာသွန်ဆင်း သမာဗောင်အား ဩဂုတ် ၁၈ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် လာအိုအစိုးရဝန်ကြီးများအဖွဲ့ရုံးသို့ သွားရောက်တွေ့ဆုံသည်။ **(ဓါတ်ပုံ)**

တွေ့ဆုံပွဲသို့ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဇော်အေးနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာစစ်သံမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးကြီးတင်ထွန်းအောင်တို့ တက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ်နှင့်အတူ Major General Souvone Leuangboummy၊ နိုင်ငံခြားဆက်ဆံရေးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် သံတမန်ဆက်ဆံရေး၊ စစ်ဘက်ဆက်ဆံရေး၊ အာဆီယံဆက်ဆံရေးနှင့် တပ်မတော်ချင်း၊ အာဆီယံနိုင်ငံချင်း၊ အိမ်နီးချင်းကောင်းဆက်ဆံရေးစသည့် ထူးခြားသောဆက်ဆံရေး (၄)ရပ်ဖြင့် မူးယစ်ဆေးဝါး၊ လက်နက်မှောင်ခို၊ နယ်စပ်ပြဿနာများအား ပူးပေါင်းဖြေရှင်းရေးနှင့် သတင်းဖလှယ်ရေး၊ နယ်စပ်ဒေသလုံခြုံရေး၊ နှစ်နိုင်ငံနယ်စပ်နေပြည်သူများ လွတ်လပ်အေးချမ်းစွာ ကူးလူးဆက်ဆံ၍ စီးပွားရေးလုပ်ငန်းကောင်းများ ဆောင်ရွက်နိုင်ရေးဆိုင်ရာများ ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် ဗီယင်ကျန်းမြို့အနီးရှိ လာအိုနှင့် ထိုင်းချစ်ကြည်ရေးတံတားသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

**(မြဝတီ)**

# တပ်မတော်နှစ်ရပ်အကြား ခိုင်မာသော ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေး ပိုမိုမြှင့်တင်ရေးဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၉**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းအား လာအို ဒုတိယကာကွယ်ရေးဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲ Major General Souvone Leuangboummy က ဂုဏ်ပြုကြိုဆိုသည့်အခမ်းအနားကို ဩဂုတ် ၁၈ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် လာအိုကာကွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး လာအိုဒုတိယကာကွယ်ရေးဝန်ကြီးနှင့် စစ်ဦးစီးဌာန အကြီးအကဲနှင့်အတူ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် လာအို ဒုတိယကာကွယ်ရေးဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲတို့သည် လာအိုနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ဒေသစံတော်ချိန် နံနက် ၉ နာရီ ၁၀ မိနစ်တွင် တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံပွဲတွင် တပ်မတော်နှစ်ရပ်အကြား ခိုင်မာသော ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးပိုမိုမြှင့်တင်ရေး၊ စစ်ဘက်သင်တန်းသားများ အပြန်အလှန်စေလွှတ်ရေး၊ အပြန်အလှန်သတင်းဖလှယ်ရေး၊ မူးယစ်ဆေးဝါး၊ လက်နက်မှောင်ခိုနှင့် နယ်စပ်ပြဿနာများ ပူးပေါင်းဖြေရှင်းရေး၊ နယ်စပ်ဒေသလုံခြုံရေး၊ တပ်မတော်အားကစားနှင့် ယဉ်ကျေးမှုအဖွဲ့များ အပြန်အလှန်စေလွှတ်ရေး၊ ဆေးပညာဖလှယ်ရေးအပြင် တပ်မတော်နှစ်ရပ်တွင် ရိုးသားမှုနှင့် ယုံကြည်မှုကိုအခြေခံ၍ ဆက်ဆံရေးကောင်းများ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆက်လက်ဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် ဗီယင်ကျန်းမြို့ရှိ အညတရ စစ်သည်ဗိမာန်သို့ သွားရောက်၍ လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။ **(ယာပုံ)**

ညပိုင်းတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းအား လာအိုဒုတိယကာကွယ်ရေးဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲ Major General Souvone Leuangboummy က Land Mark Mekong Riverside Hotel ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**(မြဝတီ)**



# စိုက်ပျိုးရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု မြန်မာနှင့် အစ္စရေးအတွက် အရေးကြီး

ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၌ ကျင်းပသော စိုက်ပျိုးရေးပြပွဲတွင် Greenforest Consulting Ltd မှ အစ္စရေးစိုက်ပျိုးရေးပညာရှင် Mr. Nir Atzmon နှင့် မြန်မာ့သတင်းစဉ် (နိုင်ငံခြား)အဖွဲ့က တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**မေး ။ ။ စိုက်ပျိုးရေးကဏ္ဍမှာ ပူးပေါင်းဆောင်ရွက်မှုက မြန်မာနဲ့ အစ္စရေး နှစ်နိုင်ငံစလုံးအတွက် အလွန်အရေးပါပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီး အမြင်လေးသိပါရစေ။**

ဖြေ ။ ။ ပူးပေါင်းဆောင်ရွက်မှု အရေးပါတယ်ဆိုတဲ့ အချက်ကို ကျွန်တော် သဘောတူပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းဟာ အဓိကအရေးကြီးတဲ့ လုပ်ငန်းဖြစ်ပါတယ်။ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ဖို့အတွက်လည်း အကြောင်းရင်းကောင်းတစ်ခုဖြစ်ပါတယ်။

**မေး ။ ။ မြန်မာနိုင်ငံက ရေလွှမ်းမိုးမှုဒဏ်ခံခဲ့ရတဲ့ လယ်ယာမြေတွေ ပြန်လည်ဖော်ထုတ်ရေးကိစ္စမှာ အစ္စရေးနိုင်ငံက ဘယ်လိုအကူအညီမျိုးတွေ ပေးမလဲဆိုတာ သိချင်ပါတယ်။**

ဖြေ။ ။ ကျွန်တော်နားလည်တာကတော့ ရေလွှမ်းမိုးတာက မြန်မာနိုင်ငံအနှံ့အပြားမှာ အဓိကပြဿနာတစ်ရပ် ဖြစ်နေပါတယ်။ ဒီကိစ္စကိုဖြေရှင်းဖို့ နှစ်နိုင်ငံစလုံးက မိုးလေဝသပညာရှင်တွေ၊ ဘူမိဗေဒပညာရှင်တွေ လက်တွဲပြီး လုပ်ဆောင်ရပါမယ်။ ဒီအချက်က ရေလွှမ်းမိုးမှုပြဿနာကို ဖြေရှင်းဖို့ တစ်ခုတည်းသောနည်းလမ်းဖြစ်ပါတယ်။

**မေး ။ ။ အခုကျင်းပနေတဲ့ ပြပွဲကနေ ဘာတွေမျှော်လင့်ထားပါသလဲ။**

ဖြေ ။ ။ ကျွန်တော့်အနေနဲ့ ဒီပြပွဲကို လုံးဝအကောင်းမြင်ပါတယ်။ နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်နိုင်ဖို့ အခြေခံအုတ်မြစ်တွေ ချနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ နှစ်နိုင်ငံစလုံးရဲ့ ပြင်းပြတဲ့ဆန္ဒတွေကြောင့် ဒီကိစ္စပြီးမြောက်သွားပါလိမ့်မယ်။

**မေး ။ ။ အစားအစာတွေ ဘေးကင်းဖို့အတွက် ဘာတွေဆောင်ရွက်ဖို့ လိုအပ်ပါသလဲ။**

ဖြေ ။ ။ အစားအစာတွေ ဘေးကင်းဖို့ သုတေသနလုပ်ရပါမယ်။ ကျွန်တော်တို့ အစားအစာ ဘေးကင်းလုံခြုံရေးကို တစ်ကမ္ဘာလုံးက သတိထားနေကြပါတယ်။ တကယ်လို့ သတိမထားမိရင် အရွယ်မတိုင်မီ သေဆုံးမယ့်ဘေးနဲ့ ရင်ဆိုင်ကြရပါမယ်။ စားသုံးသူပညာပေးရေးလုပ်ငန်းတွေကိုလည်း ဈေးကွက်အတွင်း ဆောင်ရွက်ရပါမယ်။ စိုက်ပျိုးရေးတက္ကသိုလ်က ကျောင်းသား ကျောင်းသူတွေကိုလည်း ဒီပညာရပ်တွေကို သေချာသင်ကြားပေးရပါမယ်။ ကျွန်တော်တို့ အစားအစာတွေ စစ်ဆေးတဲ့နေရာမှာ ဓာတုဆေးကြွင်းတွေ မပါဝင်အောင် စစ်ဆေးပါတယ်။ ဓာတုဆေးကင်းတဲ့ အစားအသောက်တွေ လိုပါတယ်။

**မေး ။ ။ စိုက်ပျိုးရေးလုပ်ငန်းတိုးတက်ဖို့ ဘယ်လိုဆောင်ရွက်သင့်ပါသလဲ။**

ဖြေ ။ ။ စိုက်ပျိုးရေးလုပ်ငန်းတိုးတက်ဖို့ လမ်းညွှန်မှုတွေ၊ ပူးပေါင်းဆောင်ရွက်မှုတွေ၊ တောင်သူတွေကို ပညာပေးမှုတွေ လိုအပ်ပါတယ်။ အစ္စရေးနိုင်ငံက စိုက်ပျိုးရေးနည်းပညာတွေကို မြန်မာနိုင်ငံမှာ အသုံးချမယ်ဆိုရင် အကျိုးကျေးဇူးဖြစ်ထွန်းမယ်လို့ မျှော်လင့်ပါတယ်။

**ကျေးဇူးတင်ပါတယ်။**



တွေ့ဆုံမေးမြန်း-ဒေါက်တာသာစိန်-
စိုးသူရ/ဓာတ်ပုံ-ကျော်သဲအိမ်

# ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပို့ဆောင်

**နေပြည်တော် ဩဂုတ် ၁၉**

ပဲခူးတိုင်းဒေသကြီး ရေဘေးသင့်ပြည်သူများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အစိုးရမှ လှူဒါန်းသည့် ဆန်အိတ် ၂၀၀၀ အပါအဝင် ပြည်တွင်းပြည်ပ အလှူရှင်များက လှူဒါန်းသည့် ဆန်နှင့် လူသုံးကုန်ပစ္စည်း၊ ထောက်ပံ့ပစ္စည်း တန် ၇၀ ခန့်အား ဩဂုတ် ၁၉ ရက်တွင် ရေဘေးသင့်ဒေသများဖြစ်သည့် သာယာဝတီမြို့၊ မိုးညိုမြို့၊ လက်ပံတန်းမြို့၊ ပြည်မြို့၊ ရွှေတောင်မြို့နှင့် ပန်းတောင်းမြို့နယ်များသို့ ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေးဆပ်ကော်မတီမှ ပုဂ္ဂလိကမော်တော်ယာဉ်တစ်စီးနှင့် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးတပ်မှ မော်တော်ယာဉ် လေးစီး စုစုပေါင်း ငါးစီးဖြင့် စီစဉ်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး ရေဘေးသင့်ပြည်သူများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တက်ဟုန်ပြည်နယ်ခွဲ ပြည်သူ့အစိုးရက လှူဒါန်းသည့် ဆန်နှင့် အလှူပစ္စည်း ၂၂ မျိုး၊ ၃၅ တန်ခန့်အား ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေးဆပ်ကော်မတီ၏ စီစဉ်မှုဖြင့် မန္တလေးမြို့မှ မကွေးမြို့သို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးယာဉ် ခြောက်စီးဖြင့် ပို့ဆောင်ခဲ့ရာ မကွေးမြို့သို့ ဩဂုတ် ၁၈ ရက် ည ၁၁ နာရီခွဲတွင် ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြင်ဆင်ဖတ်ရှုပါရန်

(၁၈-၈-၂၀၁၅) ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၆)တွင် ဖော်ပြပါရှိသော "မိတ်ဆွေစစ်ဖြင့် တရားစစ်မည်" ဆောင်းပါး၏ စာရေးသူအမည်ကို "ကိုတရား(ထီးတန်း)"ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(စာတည်း)**

# သဘာဝဘေးအန္တရာယ်ကြောင့် ဒုက္ခသည်များအပေါ် လူကုန်ကူးမှုများမဖြစ်စေရေး ကာကွယ်စောင့်ရှောက်သွားကြရန် လိုအပ်

**နေပြည်တော် ဩဂုတ် ၁၉**

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို က ၂၀၁၄ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၁၅ ခုနှစ် မေလများအတွင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့တွင် အဖွဲ့ဝင်သစ်အဖြစ် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်တစ်ဦးတို့ကို ထည့်သွင်းဖွဲ့စည်းနိုင်ခဲ့သည့်အတွက် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းများကို ပိုမိုထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ၂၀၁၅ ခုနှစ် မတ်လအတွင်း AP သတင်းဌာန၏ စုံစမ်းဖော်ထုတ်မှုသတင်းအရ ထိုင်းငါးဖမ်းလှေပေါ်တွင် လူကုန်ကူးခံရပြီးနောက် အင်ဒိုနီးရှားနိုင်ငံ အန်ဘွန်ကျွန်း၊ ဘင်ဂျီနားကျွန်းများပေါ်သို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံသားရေလုပ်သား ၅၃၅ ဦးကို ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများနှင့် INGO အဖွဲ့အစည်းများ၏ပူးပေါင်းပါဝင်မှုဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ပါကြောင်း၊ ၂၀၁၅ ခုနှစ်အတွင်း ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးများတွင် ဘင်္ဂါလီလူကုန်ကူးမှုများမှ တရားခံများကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ **မူဝါဒနှင့် ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ၊ ကြိုတင်ကာကွယ်ရေးကဏ္ဍ၊ တရားစွဲဆိုရေးကဏ္ဍ၊ လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ရေးကဏ္ဍ၊ စွမ်းရည်မြှင့်တင်ရေးကဏ္ဍ** စသည်ဖြင့် ကဏ္ဍအလိုက် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့အပြင် ယခုအစည်းအဝေး၌လုပ်ငန်းအဖွဲ့ သုံးဖွဲ့ကလည်း အထူးစီမံချက် ၄ လအတွင်း မိမိတို့လုပ်ငန်းအဖွဲ့အလိုက် အမှန်တကယ် အကောင်အထည်ဖော် ဆောင်ရွက်ကြမည့်လုပ်ငန်းစဉ်များကို ဆွေးနွေးပေးကြရန်၊ ဌာနဆိုင်ရာများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များကလည်း အကြံဉာဏ်များပေးကြရန်နှင့် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့် ဒုက္ခသည်များအပေါ် လူကုန်ကူးမှုများ မဖြစ်စေရေး ကာကွယ်စောင့်ရှောက်သွားကြရန်၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၊ အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အဖွဲ့ဝင်များအား မှာကြားသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးတို့က လုပ်ငန်းအဖွဲ့အလိုက် ဆောင်ရွက်ချက်များကို လည်းကောင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ဇော်ဝင်းက လူကုန်ကူးမှုတိုက်ဖျက်ရေး ဆောင်ရွက်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို လည်းကောင်း တင်ပြကြသည်။ Human Trafficking Working Group မှ တာဝန်ရှိသူများက လူကုန်ကူးမှုတိုက်ဖျက်ရေး ဆောင်ရွက်မှုများကို ဆွေးနွေးတင်ပြရာ ဆွေးနွေးတင်ပြချက်များအပေါ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဝင်များဖြစ်သည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းပြောကြား၍ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**(သတင်းစဉ်)**




**❖ ပစိဖိတ်သမုဒ္ဒရာမှ**

ရှိနေပြီး မုန်တိုင်းအမျိုးအစားမှာ အဆင့် ၃ အနေအထားဖြစ်သည်။ တိုင်ဖုန်း အက်ဆနီ၏ ဗဟိုလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၁၂၀ ခန့်ရှိနေပြီး မုန်တိုင်းအမျိုးအစားမှာ အဆင့် ၄ အနေအထား ဖြစ်သည်။

အဆိုပါ တိုင်ဖုန်းမုန်တိုင်း ဂိုနီနှင့် အက်ဆနီတို့သည် မြန်မာနိုင်ငံဘက်သို့ ဝင်ရောက်နိုင်မှု အခြေအနေနည်းပါးကြောင်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာနက ယနေ့မွန်းလွဲပိုင်းတွင် ထုတ်ပြန်ထားကြောင်း သိရသည်။

**(သတင်းစဉ်)**




**မုန်တိုင်းနှစ်ခု၏ လေထုလေစိုင်အလိုက်ဖြစ်ပေါ်ရွေ့လျားနေမှုကို တွေ့ရစဉ်။**

# AFF U-19 Championships 2015
# ဘောလုံးပြိုင်ပွဲများ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဩဂုတ် ၁၉**

AFF U-19 Championships 2015 ဘောလုံးပြိုင်ပွဲများကို လာအိုနိုင်ငံတွင် ဩဂုတ် ၂၂ ရက်မှ စက်တင်ဘာ ၄ ရက်အထိ ကျင်းပမည်ဖြစ်ရာ မြန်မာ U-19 လက်ရွေးစင်အသင်းသည် ဩဂုတ် ၂၃ ရက်တွင် စင်ကာပူအသင်းနှင့်လည်းကောင်း၊ ဩဂုတ် ၂၇ ရက်တွင် တီမောလက်စတေအသင်းနှင့်လည်းကောင်း၊ ဩဂုတ် ၂၉ ရက်တွင် မလေးရှားအသင်းနှင့် လည်းကောင်း၊ ဩဂုတ် ၃၀ ရက်တွင် ဗီယက်နမ်အသင်းနှင့် လည်းကောင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

AFF U-19 Championships ပြိုင်ပွဲ၏ Semi-final ပွဲစဉ်များကို စက်တင်ဘာ ၂ ရက်တွင် ကျင်းပမည်ဖြစ်ပြီး တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို စက်တင်ဘာ ၄ ရက်တွင် ကျင်းပသွားမည်ဖြစ်ရာ အုပ်စုပွဲစဉ်များကို MRTV Entertainment Channel မှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ပြီး MRTV News Channel တွင် AFF U-19 Championships ပြိုင်ပွဲ၏ Semifinal ၊ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

**❂ ကျောဖုံးမှ**

စမ်းချောင်းကလေးမနီးမဝေးမှာ သူတို့မိသားစုသုံးစု တဲထိုး၍ နေခဲ့ကြသည်မှာ ဆယ်စုနှစ်ထက်ဝက်ကျော်ခဲ့ပေပြီ။ ယခုအချိန်တွင်တော့ ဤတောင်ကြီး၏ အရိပ်အောက်တွင် မိသားစုဝမ်းရေးအတွက် စိတ်အေးခဲ့ရပြီ။ သို့သော် အဆက်မပြတ်အလုပ်လုပ်မှ ရမည်ဖြစ်သည်။ မပျင်းရိလျှင်တော့ ဤတောင်ကြီးများတစ်လျှောက် အလုပ်က အမြဲရှိနေသည်။ ကျောက်ခွဲစက်များတွင် ကျောက်သယ်မလား။ ကျပ် ၂၅၀၀ မှ ကျပ်၄၀၀၀ အထိ ရမည်ဖြစ်သည်။ ပိုလိုချင်လျှင် ချိန်းလွှသမားများရှိရာ တောင်တွေပေါ်မှာ သစ်သွားထမ်းမည်။ ကျပ် ၅၀၀၀ မှ ၇၀၀၀ အထိ ရနိုင်သည်။ အပြန်တွင် ဆိုင်ကယ်တစ်နိုင် တုံးများတင်လာပေးလျှင်လည်း ပိုရနိုင်သေးသည်။

နွေရာသီတွင် တောမီးရှို့ရင်း မီးသွေးလည်း ရနိုင်သေးသည်။ အခုမျှစ်ရာသီရောက်ပြီမို့ မျှစ်ရှာထွက်လာခဲ့ခြင်းဖြစ်သည်။ "မျှစ်ရှာတဲ့သူတွေကလည်း များတယ်လေ။ ဒီတော့ တစ်နှစ်ထက်တစ်နှစ်ပိုပြီးဝေးတဲ့နေရာတွေဆီကို သွားရှာရတယ်။ ပြီးတော့ အနည်းဆုံး မိုင် ၂၀၊ ၃၀ ခရီးကနေ မိုင် ၄၀၊ ၅၀ လောက်အထိတောင် သွားရှာရတယ်။ ပြီးရင် တောတိုးပြီး တောင်နှစ်လုံးသုံးလုံးကျော်အောင်သွားရတာပဲ။ မရတဲ့သူတွေဆိုရင် ပိဿာချိန် ၃၀၊ ၄၀ ပေ့ါ။ ရတဲ့သူကျတော့ အချိန် ၁၅၀၊ ၂၀၀ ရအောင်တူးနိုင်တယ်။ ဆိုင်ကယ်ပေါ်မှာ မျှစ်ကုန်ချိန် ၁၀၀ ကျော် ၂၀၀ တင်ပြီး တောင်ကုန်းပေါ်မှာ သွားရတာမလွယ်ပါဘူး။ ဒါပေမယ့်လည်း -------အင်း" ဟု သက်ပြင်းချငေးမောနေတော့ သည်။

မိုးစက်များ၊ ရွှံ့ညွန်များ၊ မှက်၊ ခူကောင်၊ ပေါက်ဖက်၊ ကင်း၊ မြွေ မှအစရှိသည့် အဆိပ်ရှိသတ္တဝါများကို ရှောင်ကွင်း၍ ရင်ဆိုင်၍ သူတို့ရှာဖွေလာသည့်မျှစ်များကို အတန်းအစားအလိုက် ဈေးနှုန်းတစ်ပိဿာလျှင် ၁၅၀ မှ ၂၅၀ ကျပ်အထိ အောက်ကျင်းဒိုင်များတွင် သွားရောင်းပါက ကျပ် ၂၀၀ မှ ၃၀၀ ဈေးရသည်ဟု ဆိုသည်။ တောင်ပေါ်ရွာတစ် ရွာတွင် မျှစ်ဒိုင် တစ်ဒိုင်မှ သုံးဒိုင်အထိရှိကြကြောင်း၊ အောက်ကျင်းရွာများတွင်လည်း ထိုကဲ့သို့ပင်ဖြစ်သည်။ ဝယ်လက်တစ်ဦးလျှင် ကုန်ချိန်ပိဿာ ၅၀၀၀၊ ၆၀၀၀ မှ ၂၀၀၀၀၊ ၃၀၀၀၀ အထိ လှောင်ထားကြောင်း၊ ကုန်ချောဖြစ်ပြီး တစ်ပိဿာ ၇၀၀ ခန့်ဖြင့် ပြန်ရောင်းကြပြီး မြို့ပေါ်မှ လှပသော ပါကင်ဘူးလေးများဖြင့် ဆိုပါက ၁၀၀၀ နှင့်အထက် လက်လီရောင်းချကြသည်ဟု ပြောပြသည်။

"သူတို့ဘဝကလည်း ပင်ပန်းကြမ်းတမ်းပါတယ်။ အဆက်မပြတ်အလုပ်လုပ်နေမှ မိသားစုဝမ်းရေးအဆင်ပြေမယ်။ ဒီထက်တော့ မပိုဘူး။ ပစ္စည်းလှောင်နိုင်တဲ့ကုန်သည်၊ သစ်သမား၊ မျှစ်သမားတွေ၊ ကျောက်ကျင်းပိုင်တွေ အဆင်ပြေမှုရရှိသွားကြလိမ့်မယ်။ သူတို့မှာကတော့ နှစ်တိုင်း ဒီပုံဒီအတိုင်းပဲ၊ ကလေးတွေတောင် ကျောင်းမလွှတ်နိုင်ဘူး။ ဒါပေမယ့် အနာကျင်ရဆုံးကတော့ ဒီတောင်ကြီးတွေပါပဲ။ သူ့ရဲ့ဦးသျှောင်နဲ့တူတဲ့သစ်ပင်ကြီးတွေ တစ်ပင်မှမကျန် ခုတ်ယူခံရတယ်။ ဝါးရုံပင်ကြီးတွေ မရှိတော့ဘူး။ ဝါးချုံတွေသာ ရှိတော့ပြီး မျှစ်စို့ဘဝမှာပင် အပြောင်တူးယူလိုက်တော့ တစ်တောင်ပြီးတစ်တောင်ဝါးလည်းပြုန်းသွားတယ်။ သစ်လည်းပြန်မစိုက်တော့ ပြန်မပေါက်တော့ဘူး။ ဦးသျှောင်နဲ့တူတဲ့သစ်ဝါးကြီးတွေမရှိတော့တဲ့အပြင် အရေခွံနဲ့တူတဲ့ ချုံပင်လတ်တွေကိုတော့ တောမီးရှို့တောင်ယာလုပ်နေတော့ ဒီတောင်တန်းကြီး အရေခွံခွာခံနေရတယ်လို့ ကျုပ်မြင်မိတယ်။ အရေခွံခွာပြီးပြီဆိုတော့ ပြီးပြီလား။ မပြီးသေးဘူး။ တောင်ကြီးရဲ့ အရိုးနဲ့တူတဲ့ ကျောက်တွေကော ဒိုင်းနမိုက်သံတွေ၊ အဲကွန်ပရက်ဆာသံတွေနဲ့အတူ နေ့စဉ်ပျက်စီးနေတဲ့ အရုပ်ဆိုးလှတဲ့ ဒဏ်ရာကြီးတွေနဲ့ ဒီတောင်တန်းကြီးတွေပေ့ါဗျာ"ဟု ထိုဒေသ၏ စေတနာကျောင်းဆရာ၊ ကဗျာဆရာ ကိုနိုင်လင်းက ပြောပြခဲ့သည်။

ယခုရက်အတွင်း မိုးကသည်းထန်လွန်းလှသည်။ ချင်းပြည်နယ်တွင် ဖြစ်ပေါ်ခဲ့သည့် ကြီးမားသော တောင်ပြိုမြေပြိုမှုများကဲ့သို့ မဟုတ်သော်လည်း အသေးစားတောင်ပြိုမှုများကတော့ ဤဒေသတွင် ဖြစ်ခဲ့သည်။ သစ်သယ်၊ ကျောက်သယ်၊ မျှစ်တူးသော မိတ်ဆွေမိသားစုများ၏ တဲအိမ်သုံးလုံးမြေပြိုကျသဖြင့် ပျက်စီးကြောင်း၊ လူမထိခိုက်ကြောင်း မိတ်ဆွေကျောင်းဆရာက သတင်းပေးလာသည်။ ပင်ပန်းစွာအလုပ်လုပ်ပြီး နားခိုရာတဲအိမ်များ ပျက်စီးခဲ့ရသဖြင့် မိတ်ဆွေမိသားစုများ ပူဆွေးသောကရောက်ကြရပေလိမ့်မည်။ ထို့အတူပင် အထိန်းအသိမ်းအကာအကွယ်မဲ့စွာ မိုးရေတိုက်စားမှုနှင့် ရောပါလျက် မြစ်ချောင်းများအတွင်း စီးဝင်မျောပါသွားသော တောင်ပေါ်မှ မြေဆီနှစ်များသို့မဟုတ် တောင်တန်းကြီး၏ သွေးများကိုလည်း မြင်မိပါကြောင်းနှင့်--------။ ။

**◯ ရှု/ထွက်မှ**

ပထမအကျော့က ဂိုးပြတ်အနိုင်ရထားသည့် ရတနာပုံအသင်းမှာ ပွဲထွက်လူစာရင်းမှ အောင်သူ၊ မာတူနာ နှင့် ရှိုင်းသူရတို့မှလွဲ၍ လူစုံအသုံးပြုခဲ့ပြီး မကွေးအသင်းမှာလည်း ဒဏ်ရာရနေသည့် အသင်းခေါင်းဆောင် စိုးမင်းနိုင်၊ ပွဲပယ်ခံထားရသည့် တိုက်စစ်မှူး ဆယ်လာတို့မှလွဲ၍ လူစုံအသုံးပြုခဲ့သည်။ မကွေးအသင်းမှာ လက်ကျန်မျှော်လင့်ချက် အနည်းငယ်အတွက် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သော်လည်း အမာခံနှစ်ဦး မပါသည့် တိုက်စစ်ပိုင်းက အားပျော့နေခဲ့သည်။ ဒုတိယပိုင်းတွင် ရတနာပုံအသင်းက ရှိုင်းသူရကိုထည့်ကာ တိုက်စစ်အားမြှင့်ခဲ့ပြီး ၅၃ မိနစ်တွင် ဂိုးစရခဲ့သည်။ ရတနာပုံအတွက် အဖွင့်ဂိုးကို တောင်ကိုရီးယားကစားသမား ယွန်ဂျီဆောင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းဂိုးမှာ မကွေး၏မျှော်လင့်ချက်ကို အဆုံးသတ်စေခဲ့ပြီး ရတနာပုံအတွက် ဒုတိယအနိုင်ဂိုးကို ၇၇ မိနစ်တွင် စည်သူအောင်က သွင်းယူပေးခဲ့သည်။ ယခုပွဲကို ထိုင်းနိုင်ငံမှ ကွင်းလယ်ဒိုင်လူကြီး ကိုင်တွယ်ခဲ့သည်။

**(ယနေ့ပွဲ)**
**ဆီမီးဖိုင်နယ် - ဒုတိယအကျော့**
**(အောင်ဆန်းကွင်း) ရခိုင် - ရောဝတီ**

နိုင်ငံတကာ

# ဘန်ကောက်မြို့ ဗုံးဖောက်ခဲ့သူ၏ သတင်းပေးနိုင်လျှင် ဘတ် တစ်သန်း ဆုချီးမြှင့်မည်

ဘန်ကောက် ဩဂုတ် ၁၉

**ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ဖြစ်ပွားခဲ့သည့် ဗုံးဖောက်ခဲ့သူဟု သံသယရှိသူနှင့် ပတ်သက်သည့် သတင်းအချက်အလက် တစ်စုံတစ်ရာပေးနိုင်မည်ဆိုပါက ထိုင်းဘတ်ငွေ တစ်သန်း (အမေရိကန် ဒေါ်လာ ၂၈၁၀၀) ဆုကြေးငွေအဖြစ်ချီးမြှင့်ပေးမည်ဖြစ်ကြောင်း ထိုင်းရဲဌာနက ယနေ့ ထုတ်ပြန်ကြေညာထားသည်။**





အဆိုပါဗုံးပေါက်ကွဲမှုတွင် လူ ၂၂ ဦးသေဆုံးခဲ့ပြီး ၁၀၀ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

လုံခြုံရေးကင်မရာဖြင့် ရိုက်ကူးခဲ့သည့် သံသယရှိသူ၏ ပုံကြမ်းကို ထိုင်းနိုင်ငံရဲတပ်ဖွဲ့က ထုတ်ပြန်ထားသည်။ ယင်းပုံကြမ်းအရ သံသယရှိသူသည် အနောက်နိုင်ငံသား အသွင်ရှိပြီး လူငယ်တစ်ဦးဖြစ်သည်ဟု ထင်မြင်ယူဆရသည်။ အကျႌအဝါရောင်ဝတ်ဆင်ထားပြီး မျက်မှန်တပ်ဆင်ထားသူဖြစ်သည်။ ဗုံးပေါက်ကွဲမှု မဖြစ်ပွားမီအချိန်တွင် ၎င်းက ပေါက်ကွဲစေသည့် ပစ္စည်းများထည့်ထားသည့် ကျောပိုးအိတ်တစ်လုံးကို လေးမျက်နှာဘုရားဝင်း အနီးတွင်ချထားခဲ့သည်ကို လုံခြုံရေးကင်မရာ၏ မှတ်တမ်းတွင် ပြန်လည်တွေ့ရှိရသည်။

ဩဂုတ် ၁၉ ရက် နံနက်ပိုင်းတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် နေရာကို သွားလာဖြတ်သန်းခွင့် ပြန်လည်ခွင့်ပြုခဲ့သည်။

ဗုံးဖောက်ခဲ့သူအား ရဲဌာနတွင် ကိုယ်တိုင်အဖမ်းခံရန်နှင့် အဖမ်းမခံပါက အသက်အန္တရာယ် စိုးရိမ်ရကြောင်း ထိုင်းဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာက သတိပေးပြောကြားထားသည်။

အဆိုပါဗုံးဖောက်ခွဲမှုဖြစ်စဉ်သည် တစ်ဦးတည်း လုပ်ဆောင်နိုင်သည့် ဖြစ်ရပ်မဟုတ်ဘဲ အစုအဖွဲ့လိုက်ဆောင်ရွက်သည့် ဖြစ်စဉ်ဖြစ်ကြောင်း ရဲချုပ် ဆွမ်ယွတ် ပွန်မ်ပန်မွန်က ၎င်း၏ ထင်မြင်ယူဆချက်ကို ပြောသည်။ ယင်းသံသယရှိသူသည် မည်သည့်နိုင်ငံသားဖြစ်သည်နှင့် ယခုအချိန်တွင် နိုင်ငံအတွင်း၌ ရှိမရှိ ဆိုသည်ကိုမူ စုံစမ်းစစ်ဆေးရေးအဖွဲ့များက သေချာစွာ စုံစမ်းမှုမပြုရသေးကြောင်း ၎င်းက ဆက်လက်ပြောသည်။

ဩဂုတ် ၁၉ ရက်တွင် ထိုင်းနိုင်ငံရှိ တရုတ်သံရုံး၏ ထုတ်ပြန်ကြေညာချက်အရ ဗုံးပေါက်ကွဲမှုတွင် တရုတ်လူမျိုး ခြောက်ဦးသေဆုံးခဲ့ကြောင်းသိရသည်။ **ဆင်ဟွာ။**

## အာဖဂန်နစ္စတန်နိုင်ငံ၏ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ကဘူး ဩဂုတ် ၁၉**

ပြည်တွင်းစစ်နှင့်ရင်ဆိုင်နေရသည့် အာဖဂန်နစ္စတန်နိုင်ငံတွင် ၎င်းနိုင်ငံ၏ (၉၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဩဂုတ် ၁၉ ရက်တွင် ကျင်းပခဲ့ကြောင်း၊ ယင်းလွတ်လပ်ရေးနေ့ အခမ်းအနားမှာ အာဖဂန်နစ္စတန်နိုင်ငံအား ဗြိတိသျှအင်ပါယာ၏ သိမ်းပိုက်မှုမှ လွတ်မြောက်ခဲ့သည့် အထိမ်းအမှတ် အခမ်းအနားဖြစ်ကြောင်း ယနေ့ ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ကဘူးမြို့တော်ရှိ အာဖဂန်နစ္စတန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ရုံးဝင်းအတွင်း၌ ကျင်းပသော အဆိုပါအခမ်းအနားသို့ အာဖဂန်နစ္စတန်နိုင်ငံ သမ္မတ မိုဟာမက်အရှက်ဖ်ဂါနီ တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ အာဖဂန်နစ္စတန် အစိုးရအဖွဲ့ အတွင်းဝန်ချုပ် အဗ္ဗဒလာ အဗ္ဗဒုလာ၊ ယာယီကာကွယ်ရေးဝန်ကြီး မိုဟာမက် မက်ဆိုအမ်ခနာနီကာဂိုင်း၊ အာဖဂန် လွှတ်တော်ဥက္ကဋ္ဌ ဒဗ္ဗဒဲလ် ရာဟက်ဖ် အီဘရာဟီမီနှင့် အာဖဂန် အမျိုးသားလုံခြုံရေးအဖွဲ့ အကြံပေးအရာရှိ မိုဟာမက် အနစ်ဖ်အတ်မာနှင့် အာဖဂန်နစ္စတန်နိုင်ငံ သမ္မတဟောင်း ဟာမစ်ကာဇိုင်းတို့ တက်ရောက်ကြသည်။

အာဖဂန်နစ္စတန်နိုင်ငံ သမ္မတ အရှက်ဂါနီသည် အဆိုပါ အခမ်းအနား၌ အာဖဂန် လုံခြုံရေးတပ်ဖွဲ့များ၏ ချီတက် အလေးပြုမှုကို ခံယူခဲ့သည်။ **ဆင်ဟွာ။**

## အိုင်အက်စ်တို့က ပါလ်မိုင်ရာမြို့ ရှေးဟောင်းသုတေသနပညာရှင်ကို သတ်ဖြတ်

**ပါလ်မိုင်ရာ ဩဂုတ် ၁၉**

အစ္စလာမ့်စ်နိုင်ငံထူထောင်ရေး( အိုင်အက်စ်)တို့က ဆီးရီးယားနာမည်ကျော် ရှေးဟောင်းသုတေသနပညာရှင် တစ်ဦးကို သတ်ဖြတ်ခဲ့သည်။ အဆိုပါ ရှေးဟောင်းသုတေသနပညာရှင်သည် ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်ဒေသတစ်ခုဖြစ်သည့် ပါလ်မိုင်ရာရှေးဟောင်းမြို့အပျက်အစီးများကို လေ့လာသုတေသနပြုနေသည်မှာ နှစ်ပေါင်း ၅၀ ကျော်ရှိနေပြီဖြစ်သည်။

ပါလ်မိုင်ရာမြို့ရင်ပြင်တွင် အသက်(၈၂)နှစ်ရှိခါလက်ဒ်အယ်လ် အာဆတ်အသတ်ခံခဲ့ရသည်ကို လူအများအပြားမြင်တွေ့ခဲ့ကြောင်း ဗြိတိန်နိုင်ငံအခြေစိုက် ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့က ပြောကြားသည်။ ခါလက်ဒ်မှာ လွန်ခဲ့သည့်တစ်လခန့်ကတည်းက အိုင်အက်စ်စစ်သွေးကြွတို့၏ ဖမ်းဆီးခြင်းခံခဲ့ရသူဖြစ်သည်။

ပါလ်မိုင်ရာမြို့သည် လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀၀ ခန့်က ရောမခေတ်အနုပညာလက်ရာများနှင့် ဘုရားကျောင်းများကြောင့် ထင်ရှားသည့် ရှေးဟောင်းမြို့ဖြစ်သည်။ အိုင်အက်စ်တို့သည် ဆီးရီးယားအစိုးရတပ်များကို တိုက်ခိုက်ပြီး မေလကတည်းက ပါလ်မိုင်ရာမြို့ကို ထိန်းချုပ်ထားသည်။

**အင်န်အိတ်ချ်ကေ။**

## ရှေးဟောင်းပစ္စည်းများအား အိုင်အက်စ်တို့ဖျက်ဆီးမှုဘေးမှ ဆီးရီးယား ကာကွယ်စောင့်ရှောက်ထား

**ဒမတ်စကတ် ဩဂုတ် ၁၉**

အိုင်အက်စ်စစ်သွေးကြွများ၏ ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းများအား ဖျက်ဆီးမှုအန္တရာယ်ကို ကာကွယ်စောင့်ရှောက်ရန် ဆီးရီးယားအစိုးရက ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ ကျောက်ဆစ်ရုပ်များနှင့် အထိမ်းအမှတ်အဆောက်အအုံများအပါအဝင် တိုင်းပြည်တစ်ဝန်းရှိ ပြတိုက်များမှ ထောင်ပေါင်းများစွာသော ရှေးဟောင်းပစ္စည်းများကို မြို့တော်ဒမတ်စကတ်သို့ ပြောင်းရွှေ့ခဲ့သည်။

ဆီးရီးယားနိုင်ငံသည် ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းများ ပေါကြွယ်ဝသည့်နိုင်ငံတစ်နိုင်ငံအဖြစ် ကျော်ကြားသည်။ ဆီးရီးယားနိုင်ငံ၌ မက်ဆိုပိုတေးမီးရန်းမြို့ပျက်အပါအဝင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် နယ်မြေ ခြောက်ခုရှိသည်။ အိုင်အက်စ်စစ်သွေးကြွများက ပြီးခဲ့သည့်မေလတွင် ဆီးရီးယားနိုင်ငံအလယ်ပိုင်းရှိပါလ်မိုင်ရာမြို့တော်ကို ထိန်းချုပ်ပြီးနောက် ၎င်းတို့က အဆိုပါမြို့တော်ရှိရှေးဟောင်းကျောက်ဆစ်ရုပ်များကို ရိုက်ချိုးဖျက်ဆီးခဲ့သည်ဟု ဆိုသည်။

ရှေးဟောင်းပစ္စည်းများနှင့် ပြတိုက်များညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများက ပျက်စီးသွားသော ရှေးဟောင်းပစ္စည်းများကို ပြန်လည်ထိန်းသိမ်းလျက်ရှိပြီး မှတ်တမ်းတင်ရန် ဓာတ်ပုံများ ရိုက်ကူးထားကြောင်း သိရသည်။

ရှေးဟောင်းယဉ်ကျေးမှုပစ္စည်း အများအပြားကို ပြန်လည်ရရှိခဲ့ပြီး ယခုအခါ အိုင်အက်စ်စစ်သွေးကြွများ၏ ဖျက်ဆီးမှု သို့မဟုတ် ရောင်းချမည့်အန္တရာယ်များမှ ကြိုတင်ကာကွယ်ရန် လုံခြုံစိတ်ချသည့်နေရာများတွင် သိမ်းဆည်းထားကြောင်း အဆိုပါဌာနမှညွှန်ကြားရေးမှူးချုပ် မာမွမ်အဘ်ဒူကာရင်မ်က ပြောကြားသည်။

အိုင်အက်စ်စစ်သွေးကြွများ၏ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များအားဖျက်ဆီးမှုကို ရှုတ်ချသော ဆုံးဖြတ်ချက်တစ်ရပ်ကို ပြီးခဲ့သည့်မေလတွင် ကုလသမဂ္ဂအထွေထွေညီလာခံကချမှတ်ခဲ့သည်။ အဆိုပါ ဆုံးဖြတ်ချက်က ရှေးဟောင်းတန်ဖိုးကြီးပစ္စည်းများအားမှောင်ခိုဈေးကွက်အတွင်း ရောင်းချခြင်းမှ ကြိုတင်ကာကွယ်ရန် မှောင်ခိုကူးခြင်းအပေါ် ဟန့်တားဖြို့ခွင်းမှုများ အရှိန်မြှင့်တင်ရန် ကမ္ဘာ့နိုင်ငံများအား မေတ္တာရပ်ခံထားသည်။

**အန်အိတ်ချ်ကေ။**



## အက်စ်-၃၀၀ ဒုံးလက်နက်များ ဝယ်ယူရန် ရုရှားနှင့် ကန်ထရိုက်စာချုပ်ချုပ်ဆိုမည်ဟု အီရန်ပြော

**ဒူဘိုင်း ဩဂုတ် ၁၉**

အီရန်နိုင်ငံသည် အက်စ်-၃၀၀ အမျိုးအစား မြေပြင်မှဝေဟင်ပစ် ဒုံးလက်နက် လေးစင်းကို ဝယ်ယူရန် ရုရှားနိုင်ငံနှင့် လာမည့်ရက်သတ္တပတ်တွင် ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း အီရန်ကာကွယ်ရေးဝန်ကြီး ဟူစိန်ဒက်ဂမ်က ပြောကြားကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

အီရန်နိုင်ငံသည် ရုရှားလုပ်ဒုံးလက်နက်စနစ်များကို ဝယ်ယူခွင့်ရရှိခြင်းဖြင့် ယင်းနိုင်ငံအနေဖြင့် အဆင့်မြင့် နည်းပညာသုံး လေကြောင်းရန်ကာကွယ်ရေး စွမ်းပကားကို မြှင့်တင်နိုင်မည်ဖြစ်ကြောင်း အီရန်နိုင်ငံရှိ ဖားစ်သတင်း အေဂျင်စီက ကာကွယ်ရေးဝန်ကြီး၏ ပြောကြားချက်ကို ကိုးကားလျက် သတင်းထုတ်ပြန်သည်။

ဒုံးလက်နက် ဝယ်ယူရေးဆိုင်ရာ ကန်ထရိုက်စာချုပ်ကို ရေးသားထားပြီးဖြစ်ကြောင်း၊ လာမည့်ရက်သတ္တပတ်တွင် အီရန်ကိုယ်စားလှယ်အဖွဲ့ ရုရှားသို့ သွားရောက်ကာ လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အနောက်အုပ်စု၏ ဖိအားပေးချက်အရ ၂၀၁၀ ပြည့်နှစ်တွင် အီရန်နိုင်ငံအား အက်စ်-၃၀၀ အမျိုးအစား ဒုံးလက်နက်များ ရောင်းချပေးမည့် ကန်ထရိုက်စာချုပ်တစ်ရပ်ကို ရုရှားဘက်မှ ဖျက်သိမ်းပေးခဲ့ရသည် ဆို၏။

သို့ရာတွင် ရုရှားသမ္မတ ဗလာဒီမာပူတင်က အီရန်နိုင်ငံအား လက်နက်ရောင်းချမှု ပိတ်ပင်ချက်ကို ဧပြီလတွင် ပြန်လည်ဖျက်သိမ်းပေးခဲ့သည်။ အီရန်နှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများအကြား နျူကလီးယားဆိုင်ရာ ကြားဖြတ် သဘောတူညီချက်ရရှိခဲ့ပြီးနောက် ယင်းပိတ်ပင်ချက်ကို ပြန်လည်ဖျက်သိမ်းပေးခဲ့ခြင်းဖြစ်သည်။

**ရိုက်တာ။**

## အီဂျစ်တွင် အပူလှိုင်းကြောင့် ၁၀၉ ဦးသေ

**ကိုင်ရို ဩဂုတ် ၁၉**

အီဂျစ်နိုင်ငံတစ်ဝန်းတွင် လွန်ခဲ့သည့်သီတင်းပတ်များကတည်းက အပူလှိုင်းကျရောက်မှုကြောင့် လူ ၁၀၉ ဦးသေဆုံးပြီး လူရာပေါင်းများစွာ ဖျားနာဝေဒနာများခံစားခဲ့ရကြောင်း တာဝန်ရှိသူများက မီနာသတင်းဌာနသို့ ပြောကြားသည်။

အီဂျစ်ကျန်းမာရေးဝန်ကြီးဌာနက အပူလှိုင်းကြောင့် နိုင်ငံတစ်ဝန်းလုံးတွင် ဖြစ်ပွားခဲ့သည့် ကျန်းမာရေးအခြေအနေများကို အင်္ဂါနေ့က ထုတ်ပြန်ကြေညာရာတွင် လူ ၁၀၉ ဦးသေဆုံးပြီး ၁၉၁ ဦး အပူရှပ်ဝေဒနာခံစားခဲ့ရသည်ဟု ဆိုသည်။ သေဆုံးသူအများစုမှာ သက်ကြီးရွယ်အိုများဖြစ်သည်။

အီဂျစ်နိုင်ငံတွင် ဩဂုတ်လအတွင်း အမြင့်ဆုံးအပူချိန်မှာ ၅၀ ဒီဂရီဆဲလ်စီးယက် (၁၂၂ ဒီဂရီဖာရင်ဟိုက်) ဖြစ်သည်။ အပူချိန်မှာ နောက်ထပ်ရက်အနည်းငယ်ထိ ဆက်လက်မြင့်တက်နေဖွယ်ရှိသည်ဟု ကျွမ်းကျင်သူများက ခန့်မှန်းထားသည်။

အီဂျစ်ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက လူသေဆုံးမှုအများဆုံးဖြစ်သည့် ကိုင်ရိုမြို့တော်တွင် လွန်ခဲ့သည့်သီတင်းပတ်မှစ၍ သေဆုံးသူ ၆၁ ဦးအထိတိုးလာပြီး ဂါဇာပြည်နယ်နှင့် အီဂျစ်နိုင်ငံအထက်ပိုင်းမြို့များတွင်လည်း လူသေဆုံးမှု အများအပြားရှိခဲ့သည်။ **ဆင်ဟွာ။**

## လုယက်မှုကျူးလွန်သူအား စစ်ဆေးရာမှ ဖုန်းခိုးမှုပေါ်

**နေပြည်တော် ဩဂုတ် ၁၉**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် အမှတ်(၁၁)နယ်မြေ ရဲစခန်းမှတပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁၇ ရက် နံနက် ၁၁ နာရီခွဲက ၎င်းရဲစခန်း ပြစ်မှုပုဒ်မ ၃၈၂ အမှုမှ ပြစ်မှုကျူးလွန်သူ မုံရွာမြို့ အင်းရွာသစ်ရပ်ကွက်နေ ငြိမ်းချမ်းစိုး(၃၁)နှစ်အား စစ်ဆေးရာ လွန်ခဲ့သောတစ်လခန့်က ချမ်းမြသာစည်မြို့နယ် မြို့သစ်(၁)ရပ်ကွက် နေအိမ်မှ i-phone 5ဖုန်းတစ်လုံး၊ လွန်ခဲ့သော ၁၀ ရက်ခန့်က သိပ္ပံလမ်းနှင့် သဇင်လမ်းကြားရှိ နေအိမ်မှ HTC လက်ကိုင်ဖုန်းတစ်လုံးတို့အား ခိုးယူခဲ့ကြောင်းသိရ၍ ထပ်မံအမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

## လဲနေသည့်ဓာတ်တိုင်မှ သွပ်နန်းကြိုးအားတိုက်မိ၍ ဓာတ်လိုက်သေဆုံး

**နေပြည်တော် ဩဂုတ် ၁၉**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ချောင်းမကြီးကျေးရွာ အရှေ့မြောက်ဘက်၌ ဩဂုတ် ၁၆ ရက်က ဓာတ်လိုက်၍လူတစ်ဦးသေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ ည ၁၁ နာရီ ၃၀ မိနစ်က ဆိပ်ဖြူမြို့နယ် ဝါဇီလေးကျေးရွာနေ ဟန်ဇော်ထွန်း(၂၅)နှစ်သည် ဆိပ်ဖြူမြို့မှ ဝါဇီလေးကျေးရွာသို့ လမ်းလျှောက်လာစဉ် ချောင်းမကြီးကျေးရွာ အရှေ့မြောက်ဘက် သဲပုံစေတီနားအရောက် လဲကျနေသော သစ်သားဓာတ်တိုင်အဖျားရှိ သွပ်နန်းကြိုးအား ခြေထောက်ဖြင့်တိုက်မိရာမှ ဓာတ်လိုက်သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

## ဆိုင်ကယ်နှစ်စီးတိုက်မိ၍ ဒဏ်ရာများရရှိ

**နေပြည်တော် ဩဂုတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ အောင်သစ္စာရပ်ကွက် နတ်ချောင်းလမ်းမ၌ ဩဂုတ် ၁၇ ရက်က ဆိုင်ကယ်တိုက်မိ၍ ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ညနေ ၅ နာရီခွဲက နတ်ချောင်းကားလမ်းအတိုင်း မကေခိုင်ဦး(၂၂)နှစ် မောင်းနှင်လာသော ဂျာလင်းစူပါကပ်ဆိုင်ကယ်အား ကလေးမြို့နယ် နတ်ချောင်းကျေးရွာနေ ဝင်းစိုး(၃၅) နှစ်မောင်းနှင်လာသည့် KENBO 125 ဆိုင်ကယ်က နောက်မှတိုက်မိ၍ မကေခိုင်ဦးနှင့် ဝင်းစိုးတို့တွင် ဒဏ်ရာများအသီးသီးရရှိခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# ဘားအံမြို့နယ် အိန္ဒဲကျေးရွာ၌ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် လက်နက်ခဲယမ်းများသိမ်းဆည်းရမိ

**ဘားအံ ဩဂုတ် ၁၉**

ကရင်ပြည်နယ် ဘားအံမြို့နယ် အိန္ဒူနယ်မြေရဲစခန်းပိုင်နယ်မြေရှိ အိန္ဒဲကျေးရွာတွင် ဩဂုတ် ၁၃ရက်က စိတ်ကြွဆေးပြားများနှင့် တရားမဝင်ကိုင်ဆောင်သော လက်နက်ခဲယမ်းများအား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။



အိန္ဒူနယ်မြေရဲစခန်းမှူး ရဲအုပ်ဇော်နိုင်အောင်နှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များသည် ယင်းနေ့ နံနက် ၈နာရီတွင် ဘားအံမြို့နယ် အိန္ဒဲကျေးရွာနေ ဦးမူးနိမ်(ခ)ဦးဝင်းကြိုင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား နှစ်ပြား၊ ပွိုင့် ၂၂ သေနတ် တစ်လက်၊ SIEVEMARI-RIFLE AUTOMATIC တံဆိပ်ပါလေ သေနတ်တစ်လက်၊ US CARRBINE C 30 M-22 တံဆိပ်ပါ ကျည် ၁၆ တောင့်ပါ ကျည်ဘောက်အသင့်တပ်ထားသော ကာဘိုင်သေနတ်တစ်လက်၊ အခန်းနံရံပေါင်ပေါ်မှ ခဲသီး ၁၅၀ ပါ အဖြူရောင်ကော်ဘူးတစ်ဘူး၊ ၂၂ တွင် တပ်ဆင်ပစ်ခတ်ရသည့် မှန်ပြောင်းအပိုတစ်ခု၊ အစိမ်းနုရောင် ကော်ဘူးဖြင့်ထည့်လျက် ပွိုင့် ၂၂ ကျည်တောင့်၂၀၊ ပျောက်ကျားအင်္ကျီ နှစ်စုံ၊ ၎င်းကိုင်ဆောင်သည့် ဂျင်းသားခါးပတ်အိတ်တစ်လုံးနှင့် ၎င်းအတွင်း စိတ်ကြွရူးသွပ်ဆေးပြား ၇၉ ပြား၊ အစိမ်းရောင်နှစ်ပြားတို့နှင့် ဆက်စပ်ပစ္စည်းများ၊ မူးယစ်ဆေးဝါးရောင်းဝယ်ရာတွင် အသုံးပြုသော CRV ယာဉ်တစ်စီး၊ MITSUBISHI ယာဉ်တစ်စီး၊ ဆိုင်ကယ်တစ်စီးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ဆက်လက်စစ်ဆေးရာ အဆိုပါလက်နက်များမှာ အိန္ဒဲကျေးရွာအုပ်စု ဘုရားလုံကျေးရွာနေ စောကလိုပုံ(ခ) စောကြည်လင်းထံမှ ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်၍ သွားရောက်ရှာဖွေရာ စောကလိုပုံ(ခ) စောကြည်လင်းမှာ ရော်ဘာခြံအတွင်းသို့ ထွက်ပြေးလွတ်မြောက်သွားပြီး ၎င်းနေအိမ်တွင် ရောက်ရှိနေသည့် စောကျော်လင်းခန့်(၂၄)နှစ် မူးကစိန်ကျေးရွာ ဘားအံမြို့နယ်နေသူအား တွေ့ရှိပြီး ရှာဖွေရာဆေးပြား ၁၂ ပြား၊ ဆေးရှူရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ သေနတ်အိတ်ဖြင့်ချိတ်ဆွဲထားသည့် ကိုးလုံးကျည်ဖြင့် ပစ်ခတ်ရသည့် သေနတ်တစ်လက်၊ အရှည်သုံးပေခန့် ပြောင်းချောသေနတ်တစ်လက်၊ ပျောက်ကျားဝတ်စုံတစ်စုံ၊ ဦးထုပ်တစ်လုံး၊ ခေါက်ပိုက်ဆံအိတ်တစ်လုံးနှင့် စောကလိုပုံ(ခ)စောကြည်လင်း (၂၈နှစ်)၏ နိုင်ငံသားစစ်ဆေးရေးကတ်တစ်ခု၊ အရှည်ခြောက်ပေခန့် ယမ်းထောင်းတူမီးတစ်လက်၊ ကိုးလုံးကျည် ၁၂ တောင့်ထည့်ထားသော ကျည်ခါးပတ်တစ်ခု၊ M -၁၆ကျည် တစ်တောင့်၊ M-၁၆ ကျည် ဘောက်အရှည်သုံးခု၊ ကျည်ဘောက် အိတ်သုံးခု၊ ဆင်းကတ်ပါ ဟန်းဆက်တစ်လုံး၊ ဆိုင်ကယ်တစ်စီးတို့အား ရှာဖွေသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

❖ ❖ ❖

## (၂၅)နှစ်မြောက် ငွေရတု ဗိုလ်သင်တန်းကျောင်းဆင်းအရာရှိများ၏ နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲနှင့် မိတ်ဆုံညစာစားပွဲ ဖိတ်ကြားခြင်း

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း၊ မော်ဘီတပ်မြို့ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၀) စည်သူတပ်ခွဲမှ ကျောင်းဆင်းအရာရှိများ၏ ၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၂၄ရက်တွင် ကျရောက်မည့် (၂၅)နှစ်မြောက် ငွေရတု နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲနှင့် မိတ်ဆုံညစာစားပွဲကို နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် မပျက်မကွက် တက်ရောက်နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေပြည်တော်
၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၂၂ရက်(စနေနေ့)နံနက် ၁၀း၀၀နာရီ
အုန်းတောပရိယတ္တိစာသင်တိုက်၊ ရွာကောက်ရပ်ကွက်
ရန်/မန်းလမ်း၊ ပျဉ်းမနားမြို့၊ နေပြည်တော်
မိတ်ဆုံညစာစားပွဲ ၁၉း၀၀နာရီ
မောဝ်ခမ်းနွံ၊ တောင်ပေါ်ရှမ်းစားသောက်ဆိုင်
သီးသန့်အအေးခန်း (သပြေကုန်း) နေပြည်တော်
(ဆက်သွယ်ရန်) အောင်မျိုးသူ ၀၉- ၄၉၂၀၁၂၇၄
(နေပြည်တော်) စိုးကိုကို ၀၉- ၅၄၁၉၇၈၉

ရန်ကုန်
၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၂၃ရက်(တနင်္ဂနွေနေ့)နံနက် ၉း၀၀နာရီ
ဒဂုံပရိယတ္တိစာသင်တိုက်၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်
မိတ်ဆုံညစာစားပွဲ ၁၈း၀၀နာရီ
**MY GARDEN RESTAURANT**
**SUMMIT PARK VIEW HOTEL** ၏ မျက်စောင်းထိုးမြောက်ဘက် ပြည်သူ့ဥယျာဉ်အတွင်း၊ အလုံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
(ဆက်သွယ်ရန်) ထိန်လင်း ၀၉-၇၈၈၂၉၉၃၉၄
(ရန်ကုန်)ဆလိုင်းကျော်ဇင်-၀၉-၄၃၀၉၁၈၂၉၊
ခင်မောင်ထွန်း-၀၉-၄၂၀၀၈၄၆၄၇၊ အောင်သိန်းဦး-၀၉-၈၆၂၇၉၅၆




## မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် ဟောပြောပွဲကျင်းပမည်

| | |
|---|---|
| ဟောပြောပွဲခေါင်းစဉ် | - ရန်ကုန်စတော့အိပ်ချိန်းတွင် မှတ်ပုံတင်၍ အစုရှယ်ယာ ရောင်းချခွင့်ပြုမည့် အများနှင့် သက်ဆိုင်သော ကုမ္ပဏီများ၏ အရည်အသွေး သတ်မှတ်ချက်"စံ"များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲ |
| ဟောပြောမည့်သူ | - ဒေါက်တာမောင်မောင်သိမ်း ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန ဥက္ကဋ္ဌ၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် |
| ကျင်းပမည့်ရက်နှင့်အချိန် | - ၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၂၂ရက် (စနေနေ့)၊ နံနက် ၁၀း၀၀နာရီ |
| ကျင်းပမည့်နေရာ | - ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်းခန်းမ၊ ၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ |
| ဆက်သွယ်ရမည့်သူ | - ဒေါ်ကြည်ကြည်ခင်ဆွေ၊ ဒုတိယညွှန်ကြားရေးမှူး ဖုန်း-၀၁-၃၇၀၁၀၀၊ ၀၁-၃၇၀၁၈၉၊ ၀၉-၂၅၀၈၆၃၇၈၃ |
| စာရင်းပေးသွင်းရမည့်နေရာ | - အမှတ်(၂၁-၂၅)၊ ဆူးလေဘုရားလမ်းနှင့်ကုန်သည်လမ်းထောင့်၊ မြန်မာ့စီးပွားရေးဘဏ်တိုင်းရုံး(ဒုတိယထပ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| နောက်ဆုံးမှတ်ပုံတင်ရမည့်နေ့ | - ၂၁-၈-၂၀၁၅ရက်(သောကြာနေ့) |

## ရာထူးမြင့်ဝန်ထမ်းကြီးများ၊ ဝန်ထမ်းများအလိုရှိသည်

အောင်မြင်တိုးတက်နေသော ထောက်ပံ့သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် ခန့်အပ်ရန် ရိုးသား၍ ကြိုးစားအလုပ်လုပ်ကိုင်လိုသော အရည်အချင်းမြင့် (ကျား/မ) ဝန်ထမ်းကောင်းများအလိုရှိသည်။ ဝန်ထမ်းများအတွက် အတွေ့အကြုံသစ်များစွာနှင့် အနာဂတ်အလားအလာကောင်းများ၊ လစာကောင်းနှင့် ဘဝအခြေအနေကောင်းများရရှိပါမည်။

ကိုယ်ရေးရာဇဝင်၊ မျှော်မှန်းလစာ၊ အရည်အချင်း (၎င်းစာရွက်စာတမ်းမိတ္တူများ)၊ လျှောက်ထားရသည့် ရည်ရွယ်ချက်နှင့် ရည်မှန်းချက် အပြည့်အစုံ စသည်တို့ဖြင့် လာရောက်လျှောက်ထားနိုင်ပါသည်။

| | | | |
|---|---|---|---|
| (၁) အထွေထွေမန်နေဂျာ | (မန္တလေး) | (ကျား/မ) | ၁ ဦး |
| (၂) မန်နေဂျာ | (မန္တလေး) | (ကျား/မ) | ၅ ဦး |

အင်္ဂလိပ်စာနှင့် ကွန်ပျူတာ ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်ရမည်။ ခေါင်းဆောင်မှု အရည်အချင်းမြင့်မား၍ လုပ်ငန်းများ တိုးတက်မြင့်မားအောင် စွမ်းဆောင်နိုင်စွမ်းရှိရမည်။ Distribution Centre လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

| | | | |
|---|---|---|---|
| (၃) Coordinator | (ရန်ကုန်) | (ကျား/မ) | ၃ ဦး |

အင်္ဂလိပ်စာနှင့်ကွန်ပျူတာကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်ရမည်။

| | | | |
|---|---|---|---|
| (၄) Warehouse Operation | (မန္တလေး) | (ကျား) | ၂၀ ဦး |
| (၅) Warehouse Documentation | (မန္တလေး) | (မ) | ၁၀ ဦး |
| (၆) Logistics Officer | (မန္တလေး/ရန်ကုန်) | (ကျား/မ) | ၅ ဦး |
| (၇) Logistics Assistant | (မန္တလေး/ရန်ကုန်) | (ကျား/မ) | ၂၀ ဦး |

အမှတ်စဉ်(၃)မှ(၇)အထိအတွက် ဤလုပ်ငန်းနှင့်ပတ်သက်သော အတွေ့အကြုံလုံးဝမရှိသူများ၊ တက္ကသိုလ်တက်ရောက်နေသည့် ထူးချွန်လူငယ်များလည်း လျှောက်ထားနိုင်ပါသည်။

အမှတ်-၁၉၀-၁၉၂၊ ရွှေဂုံတိုင်လမ်း၊ ၀၁-၀၁ ဒဂုံတာဝါ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁ ၅၄၂၇၈၈၊ ၅၄၃၁၉၈၊ ၅၄၄၁၃၈၊ ၅၄၄၃၄၀၊ ၅၄၄၃၄၁



## ရေဘေးသင့်အိမ်ထောင်စုများအား ဆန်အိတ်များနှင့် အိမ်သုံးပစ္စည်းများ သွားရောက်ထောက်ပံ့

**မြင်းမူ ဩဂုတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်အတွင်း မူးမြစ်ရေဝင်ရောက်ခဲ့သည့် ညောင်မြစ်ကျေးရွာမှ ရေဘေးသင့် အိမ်ထောင်စုများအား ဩဂုတ် ၁၇ ရက်က မန္တလေးမြို့ စေတနာရှင်စတုဒိသာအဖွဲ့နှင့် စစ်ကိုင်းမြို့ ရွာထောင်စက်ခေါင်းစက်ရုံ၊ သစ္စာရှင်သွေးလှူအသင်းတို့မှ ဆန်အိတ်များနှင့် အိမ်သုံးပစ္စည်းများ သွားရောက် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

မန္တလေးမြို့ မဏိရတနာဆရာတော် ဘဒ္ဒန္တနန္ဒိယဦးစီးသော စေတနာရှင်စတုဒိသာ အဖွဲ့ဝင်များသည် ညောင်မြစ်ကျေးရွာမှ ရေဘေးသင့် အိမ်ထောင်စုဝင်များအား နှစ်ပြည်ဝင် ဆန် ၁၅၅ အိတ်၊ ခေါက်ဆွဲ ၃၅၉ ထုပ်၊ စွပ်ကျယ်အင်္ကျီ ၁၀၈ ထည်၊ စတီးဇလုံ ၂၅၃ လုံး၊ အိပ်ရာခင်းအထည်၇၀၊ ခြင်ထောင် ၃၂ လုံး၊ ဖိနပ် အရံ ၉၀၊ ငါးပိကြော် ၁၀၅ ထုပ်၊ ငါးသေတ္တာ ၇၁ ဘူးနှင့် ဗွီဗွီအချိုရည် ၁၁၆ ဘူးကို သွားရောက်ထောက်ပံ့ပေးခဲ့သည်။

အလားတူ စစ်ကိုင်းမြို့ ရွာထောင်စက်ခေါင်းစက်ရုံ သစ္စာရှင်သွေးလှူအသင်းဝင်များကလည်း ညောင်မြစ်ကျေးရွာမှ ရေဘေးသင့် အိမ်ထောင်စုဝင်များအား ဆန် သုံးအိတ်၊ ခေါက်ဆွဲခြောက် ၁၀ ဖာ၊ အင်္ကျီအဝတ်အစား ၁၀ထုပ်၊ ဓာတ်ဆားခြောက်ဖာ၊ အချိုရည် ၁၀ ဖာ၊ သောက်ရေသန့်ကတ် ၇၀ ကို သွားရောက်ထောက်ပံ့ပေးခဲ့ပြီး ဆရာတော်များအတွက် သင်္ကန်းနှစ်စုံကိုလည်း လှူဒါန်းခဲ့ကြသည်။

အဆိုပါ မန္တလေးမြို့ မဏိရတနာဆရာတော် ဘဒ္ဒန္တနန္ဒိယ ဦးစီးသော စေတနာရှင်စတုဒိသာအဖွဲ့ဝင်များနှင့် စစ်ကိုင်းမြို့ ရွာထောင်စက်ခေါင်းစက်ရုံ သစ္စာရှင်သွေးလှူအသင်းဝင်များက ညောင်မြစ်ကျေးရွာသို့ ဆန်အိတ်များနှင့် အိမ်သုံးပစ္စည်းများ သွားရောက်ထောက်ပံ့နိုင်ရေးအတွက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် မြတ်သုခလူမှုကူညီရေးအသင်းတို့က စက်လှေများ စီစဉ်ပေးခဲ့ကြောင်း သိရသည်။

**အောင်စိုးဖေ**

## ရှမ်းပြည်နယ် အမျိုးသမီးငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲပြုလုပ်



**တောင်ကြီး ဩဂုတ် ၁၉**

အမျိုးသမီးငြိမ်းချမ်းရေးနှင့်လုံခြုံရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ဩဂုတ် ၁၇ ရက် နံနက် ၉ နာရီခွဲက ရှမ်းစာပေနှင့်ယဉ်ကျေးမှုခန်းမ၌ ပြုလုပ်ခဲ့ကြောင်းသိရသည်။

ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးချိစိန်က အမျိုးသမီးများအတွက် ငြိမ်းချမ်းရေးနှင့်လုံခြုံရေးဆိုင်ရာများကို ရှင်းလင်းပြောကြားခဲ့သည်။ အေးချမ်းမြန်မာ လူမှုဖွံ့ဖြိုးရေးအဖွဲ့မှ ဆလိုင်းအိုက်ဇက်ခင်က 'တစ်နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်ရေးစာချုပ် ချုပ်ဆိုချိန်နီးပြီးလော' ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံ၏ လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို လေ့လာသုံးသပ်၍ အသေးစိတ်ရှင်းလင်း ပြောကြားခဲ့သည်။

ယင်းဆွေးနွေးပွဲကို လီဆူးတိုင်းရင်းသူက အမျိုးသမီးနှင့်ပတ်သက်သည့် အချက်ကို မေးမြန်း၍ တက်ရောက်လာသူများကလည်း အသီးသီးမေးမြန်းခဲ့သည်။ ဆလိုင်းအိုက်ဇက်ခင်က အမျိုးသမီးများအကြောင်းနှင့်ပတ်သက်၍ ထပ်မံဖြည့်စွက်ဆွေးနွေးဖလှယ်ခဲ့ကြသည်။

တက်ရောက်လာသော ဧည့်ပရိသတ်များကလည်း ပါဝင်၍ တစ်ဦးနှင့်တစ်ဦးမေးမြန်းဖြေရှင်းခဲ့ကြကြောင်း သိရသည်။

အခမ်းအနားသို့ ကမ္ဘာဇလူငယ်အသင်းများ ဖယ်ခုံမြို့နယ်၊ တောင်ကြီးမြို့နယ်မှ လူမှုရေးအသင်းအဖွဲ့များနှင့် အမျိုးသမီးအဖွဲ့အစည်းများ ပြည်သူလူထုအမျိုးသမီးထုများ တက်ရောက်ခဲ့ကြသည်။ **စိုင်းသန်းကျော် (တောင်ကြီး)**

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြုပညာပေးသင်တန်းဖွင့်

**ရေး ဩဂုတ် ၁၉**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ကြီးကြပ်မှုဖြင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပညာပေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၈ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲတွင် ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးကြည်က အဖွင့်အမှာစကားများ ပြောကြားပြီး သင်တန်းသားများအား တာဝန်ရှိသူများက လက်သုံးကိရိယာများနှင့် သင်ထောက်ကူစာအုပ်များကို ပေးအပ်ကြသည်။

အဆိုပါ သင်တန်းတွင် လက်သမား၊ ပန်းရန်၊ စွပ်ကျယ်တံဆိပ်ရိုက်နည်း၊ ဆပ်ပြာနှင့် ခေါင်းလျှော်ရည်ချက်လုပ်နည်း၊ ငွေနှင်းမှိုစိုက်ပျိုးနည်း၊ မွေးမြူရေးအစားအစာဖြစ်ပွားတတ်သောရောဂါနှင့် ကာကွယ်ဆေးများအကြောင်း အတတ်ပညာဘာသာရပ်များအလိုက် သင်ကြားပေးရာတွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ကျွမ်းကျင်ပညာရှင်များက စာတွေ့ လက်တွေ့ပို့ချပေးသွားမည်ဖြစ်သည်။

ယင်းသင်တန်းကို ရှစ်ရက်ကြာဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ ယင်းသင်တန်းသို့ ချောင်းတောင် ကျေးရွာအုပ်စုမှ သင်တန်းသား၊ သင်တန်းသူ ၅၇ ဦး တက်ရောက်ကြောင်း သိရသည်။

**ထွန်းထွန်း (ရေး)**

## ဇမ္ဗူသီရိမြို့နယ်တွင် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု ဟောပြောပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၁၈**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်တွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ပူးပေါင်း၍ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု ဟောပြောခြင်းကို ဩဂုတ် ၁၇ ရက်က ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဇမ္ဗူသီရိမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်သူနာပြုအဆင့်(၁) ဒေါ်ငြိမ်းငြိမ်းလှက မိခင်နို့တိုက်ကျွေးခြင်းအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ်ကျန်းမာရေးအရာရှိ ဒေါက်တာသက်ထားအောင်က အာဟာရဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင်က အာဟာရဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဇမ္ဗူသီရိမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မော်မော်က ကိုယ်ဝန်ဆောင်မိခင်များ အာဟာရပြည့်ဝစေရေးအတွက် ကြက်ဥ၊ အိုင်အိုဒင်းဆား၊ ကုလားပဲနှင့် ငှက်ပျောသီးများကို ပေးအပ်ခဲ့ကြောင်းသိရသည်။

**သန့်မောင်**




## စမိုးချောင်းငယ် ကျိုးပေါက်မှုကြောင့် လယ်မြေများပျက်စီးခြင်းကို အမြန်ဆုံးပြန်လည်ဆောင်ရွက်မည်



**ရေတာရှည် ဩဂုတ် ၁၉**

ဇူလိုင်လနှင့် ဩဂုတ်လများအတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ ဘိုးတော်ကုန်းကျေးရွာအုပ်စုတွင် စမိုးချောင်းပိတ်ရေကာတန်း ကျိုးပေါက်ခဲ့သောကြောင့် စိုက်ပျိုးပြီးသည့် လယ်မြေဧက ၂၀ ကျော် ပျက်စီးသွားခဲ့ရာ အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရန် ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးကျော်နှင့် တာဝန်ရှိသူများ၊ ဆည်မြောင်းဦးစီးဌာနမှ အင်ဂျင်နီယာ ဦးအောင်ကျော်မြင့် နှင့်တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

အရှေ့မှ အနောက်သို့ စီးဆင်းသည့် အဆိုပါစမိုးချောင်းငယ်အား ဆည်မြောင်းဦးစီးဌာနက စက်ယန္တရားများဖြင့် ရေစီးရေလာကောင်းမွန်အောင်ဆောင်ရွက်ပေးခဲ့ပြီး မိုးအဆက်မပြတ်ရွာသွန်းသည့်အခါ ရေများလျှံတက်လေ့ရှိ၍ ပျက်စီးသွားသည့်ရေကာတန်းကို အချိန်မီဆောင်ရွက်ခြင်းဖြင့် ဘိုးတော်ကုန်းအုပ်စု၊ ကဲလင်းကုန်းကျေး ရွာဝန်းကျင်တွင် စိုက်ပျိုးပြီးသည့် လယ်မြေများ ပျက်စီးခြင်းမှကာကွယ်နိုင်မည်ဖြစ်ကြောင်း ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက ပြောသည်။ **ကိုလွင်(ဆွာ)**

## ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ မြင်းမူမြို့၌ဆွေးနွေး

**မြင်းမူ ဩဂုတ် ၁၉**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများကို ဩဂုတ် ၁၇ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ ရွှေပြည်သစ်ခန်းမ၌ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဝင်းကြည်က ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကြီးကို နိုဝင်ဘာ ၈ ရက်တွင် ကျင်းပရန် ထုတ်ပြန်ကြေညာထားပြီးဖြစ်ကြောင်း၊ အခြေခံမဲဆန္ဒရှင်စာရင်းများကို စနစ်တကျ မှန်မှန်ကန်ကန် ပြုစုထားကြရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်က ကြိုးစားဆောင်ရွက်လျက်ရှိပြီး ရပ်ကွက်နှင့် ကျေးရွာများအလိုက် အရပ်ဘက် လူမှုအဖွဲ့အစည်းများကလည်း ပူးပေါင်းပါဝင်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး မြင်းမူမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးတင်အောင်ဝင်းက အခြေခံမဲဆန္ဒရှင်စာရင်းများ ပြုစုထားရှိမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဝင်းကြည်က လိုအပ်သည်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။ **ဖိုးခါး**

## ဒေသဖွံ့ဖြိုးရေးအတွက် ရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ ပေးအပ်

**ကျုံပျော် ဩဂုတ် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများတွင်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် လွှတ်တော်ရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ ပေးအပ်ပွဲအခမ်းအနားကို ကျုံပျော်မြို့ ဧရာမင်းခန်းမ၌ ဩဂုတ် ၁၆ ရက် နံနက် ၁၁ နာရီက ပြုလုပ်ခဲ့ကြောင်းသိရသည်။


အခမ်းအနားတွင် ပြည်ထောင်စုလွှတ်တော်၏ တတိယအကြိမ်မြောက် ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၁၀၀၀ အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းနှင့်၊ ဖွံ့/ထောက်ကော်မတီဥက္ကဋ္ဌ ဦးမြင့်ဆွေတို့ထံသို့ ပေးအပ်ခဲ့သည်။

ယင်းနောက် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ ငွေများအား လွှဲပြောင်းပေးအပ်ပြီး အဆိုပါငွေများကို ရပ်ကွက်၊ ကျေးရွာအသီးသီးရှိ ပညာရေး၊ ကျန်းမာရေး၊ လမ်း၊ တံတား၊ ဆက်သွယ်ရေးအပါအဝင် ဖွံ့ဖြိုးရေးကဏ္ဍအသီးသီးတွင် မိမိဒေသ၏ လိုအပ်ချက်အပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နေဝင်းမြင့် (ပြန်/ဆက်)**

ဖတ်စရာ

# ကျန်းမာရေးအတွက် ခွေးလေးယားသီး(အနက်စေ့)လှော်စားပါ



à မင်းမင်း(မြစ်ကြီးနား)

ခွေးလေးယားသီးဆိုတာနဲ့ လူတိုင်းသိကြမှာပါ။ ခွေးလေးယားသီးပေါ်မှ အမွေးများသည် လူကိုမခံမရပ်နိုင်အောင် ယားသည်ဟု ကျွန်တော်တို့ငယ်စဉ်က ကြားသိခဲ့ရသည်။

ခွေးလေးယားသီး နှစ်မျိုးရှိသည်။ အယဉ်နှင့် အရိုင်းဟုခေါ်ဆိုသည်။ အရိုင်းအသီး၏အမွေးသည် ယားပြီး အယဉ်ပင်သည်ဆေးဖက်ဝင်ကြောင်း သိရသည်။ အယဉ်သည် ပဲမျိုးနွယ်ဖြစ်၍ လူများစားသုံးလျှင် အန္တရာယ်မဖြစ်နိုင်ပါ။ အချို့ကျေးရွာများတွင် ချက်၊ ပြုတ်၊ သုပ်၍ပင် စားကြပါသည်။

ယခုဆေးဖက်ဝင်သော ခွေးလေးယားအယဉ်သီး (အနက်စေ့)သည် ဆေးဖက်ဝင်အပင်ဖြင့် အသုံးပြုလာသည်။ ခွေးလေးယား (အနက်စေ့)ကိုစားလျှင် လေဖြတ်၊ သွေးတိုး၊ ဆီးချိုစသည့် အထွေထွေရောဂါပျောက်သကဲ့သို့ ခွေးလေးယားသီးအမြစ်သည်လည်း ဆေးဖက်ဝင်ပြီး ရောဂါပျောက်ကင်းကြောင်း သိရသည်။

ခွေးလေးယားသီး (အနက်စေ့)ကို စားသုံးပေးခြင်းဖြင့် လေမဖြတ်၊ လေဖြတ်နေလျှင်ပင် ပြန်ကောင်းလာသည်။ သွေးတိုး၊ ဆီးချိုကျပြီး အနာများ အသားနုတက်တာ မြန်စေသည်။ အဆစ်အမြစ်နာတာ သက်သာပျောက်ကင်းပြီး အာရုံကြောများ ပြန်ကောင်းလာစေသည်။

ခြေ၊ လက် မအေးတော့ဘဲ ကိုယ်ငွေ့ကောင်းပြီး အအေးခံနိုင်လာသည်။ အိပ်ပျော်စားဝင်ပြီး ဆီးကို ရှင်လန်းစေသည်။ အိပ်ရာထလျှင် ခေါင်းအမြဲကြည်လင်နေပြီး အညောင်းလည်း ပြေစေသည်။ အစာအိမ်ရောဂါရှိသူများလည်း သက်သာပျောက်ကင်းစေသည်။ ခွေးလေးယားသီးကို ပုံမှန်စားပါက ကျန်းမာရွှင်လန်းပြီး ခန္ဓာကိုယ်ပေ့ါပါး သွက်လက်ကာ စိတ်ကြည်လင်ရွှင်လန်းကြောင်း သိရသည်။

ခွေးလေးယားစေ့ (အနက်)ကို အမှုန့်ပြုလုပ်ပြီး ပျားရည်၊ ထောပတ်နှင့်ရော၍ လျက်သော် ပန်းနာပျောက်ကင်းသည်။ မြွေ၊ ကင်းကိုက်ခံရပါက အစေ့အစိမ်း ခုနစ်စေ့ခန့်ကို ဝါးစားပြုတ်သောက်ပြီး ဒဏ်ရာနေရာတွင် ခွေးလေးယား ဝါးဖတ်အုံပေးပါက အဆိပ်ပြေကြောင်း သိရသည်။

၎င်းအပင်၏ အမြစ်သည်လည်း ရေဖျဉ်း၊ လေရောဂါ၊ ဆင်ခြေထောက်၊ ငန်းဖျား၊ သွေးဝမ်း၊ လက်မောင်းသိမ်ခြင်းနှင့် မိခင်များ နို့ရည်မထွက်ပါက အရွက်ကိုတို့စားလျှင် မိခင်နို့ရည်ပြည့်ဝစွာထွက်ကြောင်း မြစ်ကြီးနားမြို့ ဈေးအနီး ခရိုင်ပြည်သူ့စာကြည့်တိုက်ရှေ့ သစ်သီးဆိုင်ပိုင်ရှင် ဒေါ်မြဝင်းက ပြောသည်။

လက်တွေ့ပျောက်ကင်းတဲ့ ရောဂါရှင်တွေလည်း အများကြီးပါ။ လက်တွေ့စားကြည့်ပါ၊ ခွေးလေးယားသီး (အနက်စေ့)တစ်ထုပ်လျှင် အလုံးကြီးအစေ့ ၁၀၀ ပါရှိပြီး တစ်ထုပ်လျှင် ငွေကျပ် ၂၅၀၀ ဖြင့် ရောင်းချကြောင်း သိရသည်။

မြစ်ကြီးနားမြို့ ဧရာရပ်ကွက် ၁၂၃ မှ အသက် ၄၀ အရွယ်ဒေါ်နွေးနွေးက "ကျွန်မ ဒီခွေးလေးယားသီး (အနက်စေ့)ကို စားတာ ၂၀၁၅ ခုနှစ် မေလပိုင်းမှစစားတာပါ။ အခုလက်ရှိအထိ ဆက်စားနေတုန်းပါ။ အစေ့ကို ဝါးစားတာ စားလို့လည်းကောင်းတယ်။ ဘေးဥပဒ်လည်း မရှိဘူးလေ" ဟု သူမ၏အတွေ့အကြုံကို ပြောသည်။

"ကျွန်မ အမြဲတမ်းသွားရည်ကျတယ်။ စကားပြောနေရင်းလည်း ကျတယ်။ အမြဲသတိထားနေရတယ်။ အိပ်ရင်ပိုဆိုးတယ်။ တဇောင်းအိပ်တော့လေ ခေါင်းအုံးမှာ သွားရည်တွေ စို့ရွဲနေတာပဲ။ အခု မကျတော့ဘူး။ သွေးတိုးလည်း မရှိတော့ဘူး။ ခါတိုင်းဆို သွေးက ၁၄၀/၉၀ အထိ ရောက်တယ်။ အခုဆိုရင် နေရထိုင်ရတာ ပေ့ါပါးပြီးအိပ်ပျော်တယ်။ ဆီးရွှင်လာတယ်"ဟု ဒေါ်နွေးနွေးက ဆက်ပြောသည်။

ယခုချိန်ခါတွင် ဈေးကွက်၌ ခွေးလေးယားသီး(အနက်စေ့) လှော်ကို ကျန်းမာရေးအထောက်အကူပြု ထုတ်ကုန်အဖြစ် မြင်နေရပြီဖြစ်သည်။ ကျန်းမာရေးကို အကျိုးပြုစေရုံသာမက စီးပွားရေးအတွက်လည်း အလွန်အသုံးဝင်သော ခွေးလေးယားသီး (အနက်စေ့)ဖြစ်သည်။

## မြန်အောင်မြို့နယ် ရွှေကျင်ကျေးရွာမြောက်ပိုင်းရပ်လမ်းအား မြစ်ကျောက်ခင်း၍လမ်းပြုပြင်



မြန်အောင် ဩဂုတ် ၁၉

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ရွှေကျင်ကျေးရွာမြောက်ပိုင်း ရပ်လမ်းအား ဩဂုတ် ၁၇ ရက်က မြစ်ကျောက်ခင်း၍လမ်းပြုပြင်ခြင်းကို ရွှေကျင်ရဲစခန်းမှတပ်ဖွဲ့ဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများ စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

အဆိုပါလမ်းထိပ်ရှိ ရွှေကျင်ဆိပ်ကမ်းသို့ မော်တော်၊ သင်္ဘောများကပ်၍ ကုန်တင်၊ ကုန်ချပြုလုပ်ခြင်းကြောင့် ကျေးရွာနေပြည်သူများ သွားလာရေး အဆင်ပြေစေရန် ရပ်ရွာမှပိုင်းဝန်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရွှေကျင်စခန်းမှ တပ်ဖွဲ့ဝင်များသည် ရွှေကျင်တိုက်နယ်၊ သပြေကုန်းတိုက်နယ်အတွင်းရှိ ရေဝင်ရောက်သည့်ကျောင်းများအား သန့်ရှင်းရေးဆောင်ရွက်ခြင်းကို ဒေသခံပြည်သူများနှင့်အတူ ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

ဝင်းမိုလ်(မြို့နယ်ပြန်/ဆက်)

## မကွေးမြို့နယ်ရှိ ကျေးရွာတချို့တွင် မိုးကြို နှမ်းများ ယခင်နှစ်ထက် အထွက်နှုန်းကျဆင်း

မကွေး ဩဂုတ် ၁၉

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ သန်းတောကုန်း၊ မကြီးကန်နှင့် ပုထိုးစမ်းကျေးရွာများအပြင် သပြေစမ်း၊ လျှောင်းတော်ဦးကျေးရွာများလည်း မိုးရာသီစိုက်ပျိုးသောနှမ်းများ မိုးအဆက်မပြတ်ရွာသွန်းခဲ့သဖြင့် နှမ်းများပွင့်ဖူးစဉ်၊ ခေါင်းလောင်းဆွဲချိန်မှ အသီးလိုက်ချိန်အထိ သုံးပတ်ခန့် မိုးရွာသွန်းမှု များလွန်းခဲ့သဖြင့် နှမ်းအထွက်နှုန်းသည် ယခင်နှစ်ကထက် ကျဆင်းခဲ့ကြောင်း ပုထိုးစမ်းကျေးရွာမှဒေသခံတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ကျေးရွာတွေ ယခုနှစ်နှမ်းအထွက်နှုန်းက မနှစ်ကထက် တော်တော်လေး နှမ်းအထွက်နည်းတယ်။ မနှစ်ကနှမ်းတစ်ဧကကို ၁၈ တင်းကနေ ၂၀ ကျော်အထိရကြတယ်။ နှမ်းစိုက်ပျိုးတာက မြေပဲစိုက်တာထက် အကုန်အကျသက်သာတာနဲ့ တောင်သူတွေ နှမ်းကိုအဓိကအားထားစိုက်ပျိုးကြတာ အထွက်နှုန်းက ယခင်နှစ်တွေကထက် တစ်ဝက်နည်းသွားတယ်။ နှမ်းက အပွင့်အဖူးမြိုင်မြိုင်လိုက်ချိန်နဲ့ အသီးအောင်ချိန်တို့မှာ မိုးရွာမှ အထွက်နှုန်းကောင်းတယ်။ မိုးရွာလွန်းများသွားရင်လည်း နှမ်းစိုက်တောင်သူတွေ အထွက်ကျဆင်းတာနဲ့ ကြုံရပြန်တယ်။ မြေပဲက မိုးများလွန်းလည်း အမှားခံတယ်။ ကျွန်တော်တို့ဒေသဘက်မှာ နှမ်းအဖြူ၊ အနီနဲ့ အနက်ဆိုပြီး သုံးမျိုးစလုံးစိုက်ပျိုးကြတယ်။ တောင်သူတွေလည်း လုပ်သားအငှားချပြီး ပေါင်ထိုး၊ မြက်နုတ် အကုန်အကျများကြတယ်။ အဓိကအချိန် မိုးပြတ်ပြီး နှမ်းထောင်ချိန်ကျမှ မိုးရွာတော့ နှမ်းခါချိန်မှာလည်း အလုပ်အကိုင် ပျက်ကြတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံပြီး မြေဆီမြေဩဇာကောင်းမွန်သော နိုင်ငံဖြစ်ပြီး သီဥတုကိုအမှီပြု၍ လယ်ယာစိုက်ပျိုးရေးကို လုပ်ကိုင်နေကြရသည်။ ဧရာဝတီ အနောက်ဘက်ဒေသများ၌ နိုင်ငံတော်မှ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအတွက် ဆည်ရေတင်စနစ် ဆောင်ရွက်ပေးသဖြင့် တစ်ရာသီလျှင် နှမ်း၊ စပါး၊ ပဲတီစိမ်း စိုက်ပျိုးနိုင်ကြသည်။ သို့သော်လည်း ယခုနှစ်တွင် မိုးရွာသွန်းမှုနောက်ကျခြင်း၊ နှမ်းထောင်ချိန် နှမ်းခါချိန်များ၌ မိုးရွာသွန်းမှုများခြင်းတို့ကြောင့် အပျက်အစီးအလေအလွင့်များလည်းရှိကြောင်း၊ ယခုနှစ်တွင် မကြုံဖူးသောအဖြစ်များနှင့်ကြုံတွေ့ခဲ့သဖြင့် စပါးများ၊ နှမ်းများအပြင် အခြားသီးနှံများလည်း အပျက်အစီးအဆုံးအရှုံးများခဲ့ကြောင်းဒေသခံများက ပြောသည်။

ခွဲထက်ရှင်

## တောင်သမန်အင်းရှိ မည်စည်ပင်ကိုင်းများ ဖယ်ရှားရှင်းလင်း

မန္တလေး ဩဂုတ် ၁၈

မန္တလေးမြို့ အမရပူရမြို့နယ် တောင်သမန်အင်းအတွင်းရှိ ဦးပိန်တံတားအနောက်ဘက်တွင် ရှိသောမည် စည်ပင်များမှ ခြောက်သွေ့ဆွေးမြည့်နေသော အကိုင်းအခက်များကို ခုတ်ထွင်ရှင်းလင်းဖယ်ရှားခဲ့ကြောင်းသိရသည်။

ဦးပိန်တံတားကြီးနှင့် မည်စည်ပင်တို့မှာ တောင်သမန်အင်း၏ ပြယုဂ်၊ မန္တလေးမြို့၏ ဂုဏ်ပုဒ်ဖြစ်သည်နှင့်အညီ ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပြီး သတ်တမ်းရင့်မည်စည်ပင်ကြီးများ၏ ဆွေးမြည့်မှုကြောင့် ဖြစ်ပေါ်လာသည့် အန္တရာယ်ကိုလည်း ကြိုတင်ကာကွယ်သည့်အနေဖြင့် အကိုင်းအခက်များ အားလိုအပ်သလို ခုတ်ထွင်ဖယ်ရှားရခြင်းဖြစ်ကြောင်း တောင်မင်းကြီးဘုရားဂေါပကအဖွဲ့မှ တွဲဖက်အတွင်းရေးမှူးဦးခင်မောင်ညွန့်ကပြောသည်။

မည်စည်ပင်ကြီးများမှ အကိုင်းအခက်များ ခြောက်သွေ့ကျိုးကျနေသဖြင့် အနီးအနားတွင်းဖွင့်လှစ်ရောင်းချ နေသည့်ဆိုင်များအတွက် အန္တရာယ်ရှိကြောင်း ဂေါပကအဖွဲ့၏ အကြောင်းကြားတင်ပြစာအရ သက်ဆိုင်ရာ သစ်တောဌာန၏ သဘောတူညီချက်ဖြင့် မြို့တော်ဝန်၏ ခွင့်ပြုချက်အရ ကိုင်းဖျားကိုင်းနားများကို သွားရောက် ခုတ်ထွင်ရှင်းလင်းပေးခြင်းဖြစ်သည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

## မြစိမ်းရောင်ကျေးရွာတိုးချဲ့ဖွဲ့စည်း

ကွမ်းခြံကုန်း ဩဂုတ် ၁၈

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊အသက်မွေးဝမ်းကြောင်းလုပ်ငန်းနှင့် အခြားဝင်ငွေတိုးလုပ်ငန်းများ ရင်းနှီးဆောင်ရွက်ခြင်းဖြင့် ဆင်းရဲမှုနှုန်းလျှော့ချရေးအတွက် ကျေးရွာတစ်ရွာလျှင် နိုင်ငံတော်ထောက်ပံ့ငွေကျပ်သိန်း ၃၀၀ ကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေအဖြစ် မတည်ပေးသော မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ခုစတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ယလခု ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာ ၁၀ ရွာ ထပ်မံတိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်သည်။

ယဉ်ယဉ်မွန် (ကျေးလက်)

## ကော့သောင်းတွင် Mobile Library လုပ်ငန်းများကွင်းဆင်းဆောင်ရွက်



ကော့သောင်း ဩဂုတ် ၁၉

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ပြန်/ဆက်ဦးစီးဌာနမှ ဝန်ဆောင်မှုပေးသည့် Mobile Library ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် ဩဂုတ် ၁၆ ရက် မွန်းလွဲပိုင်းက အောင်သုခရပ်ကွက် (ကြေးနန်းဝင်း) မူလတန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများ စာပေဖတ်ရှုနိုင်ရေး ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ပြည်သူ့ဗဟိုပြု နယ်လှည့်စာကြည့်တိုက်အဖြစ် သုတရသစာအုပ်စာပေများ လိုက်လံငှားရမ်းဖတ်ရှုစေခြင်းလုပ်ငန်းဆောင်ရွက်ပေးသဖြင့် ကျောင်းသား၊ ကျောင်းသူ ကလေးငယ်များအကြား စာဖတ်ခြင်းအလေ့အထရှင်သန်လာခြင်း၊ အသိဉာဏ်အမြော်အမြင် ကြွယ်ဝလာကာ အမှားအမှန် ဝေဖန်ပိုင်းခြားတတ်လာခြင်း၊ စာဖတ်သူဦးရေတိုးပွားလာကာ ဗဟုသုတအကြားအမြင်ကျယ်ပြန့်လာမည်ဖြစ်သည်။

ကျော်စိုး (ကော့သောင်း IPRD )

## မြစိမ်းရောင်ကျေးရွာများ ကော်မတီဖွဲ့စည်း၍ တာဝန်ပေးအပ်

ရေတာရှည် ဩဂုတ် ၁၉

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာ ၁၀ ရွာအား ယခု ဩဂုတ်လပထမပတ်မှစတင်ကာ မြို့နယ်ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် စီမံကိန်းနှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်းခြင်း၊ ကျေးရွာအလိုက် ရန်ပုံငွေကြီးကြပ်မှုကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီများကို ကွင်းဆင်းဖွဲ့စည်းခဲ့ပြီး ဖြစ်ကြောင်းသိရသည်။

မြို့နယ်ကျေးလက်ဦးစီးမှူး ဦးရန်နိုင်ညွန့်နှင့်တာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့တို့သည် ကျေးလက်ဒေသလူနေမှုဘဝများ မြှင့်တင်နိုင်ရေးအတွက် အကောင်အထည်ဖော်မည့် သစ်ပုပွင်၊ နတ်တောင်၊ ဆင်ငွေ့၊ ညောင်ပင်သာ၊ ပေါက်ချောင်း၊ သိုင်းဝ၊ ခင်တန်းကြီး၊ ကုန်းကြီး၊ ကွင်းကြီးကျေးရွာအုပ်စုများအတွင်းရှိ မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာ ၁၀ ရွာအား ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

ပြည်တွင်းရေးရာ

# စေတုတ္တရာမြို့နယ်တွင် သန့်ရှင်းသောသောက်သုံးရေရရှိရေးနှင့် ကျေးလက်လမ်းများ ကောင်းမွန်ရေး လုပ်ငန်းများ ဆောင်ရွက်

**စေတုတ္တရာ ဩဂုတ် ၁၉**

မကွေးတိုင်းဒေသကြီးအတွင်း ရေဘေးဒဏ်ခံခဲ့ရသည့် စေတုတ္တရာမြို့တွင် ဆက်သွယ်သွားလာရေးများ ကောင်းမွန်လာပြီဖြစ်ရာ သန့်ရှင်းရေးလုပ်ငန်းများ ရေမြောင်းတူးဖော်ခြင်းနှင့် သဲနုန်းများ ဖယ်ရှားခြင်းလုပ်ငန်းများကို တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့များ၊ စည်ပင်သာယာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းဆောင်ရွက်လျက်ရှိသည်။

စေတုတ္တရာမြို့နယ်အတွင်း ရေကြီးရေလျှံခဲ့မှုကြောင့် ရေဘေးဒဏ်ခံခဲ့ရသည့် ကျေးရွာ ၂၈ ရွာတွင် လက်တူးတွင်းကျယ် ၁၃၆ တွင်း၊ လက်နှိပ်တုံကင်တွင်း ၅၃ တွင်း နှင့် စက်ရေတွင် ငါးခု ရေနစ်မြုပ်ခဲ့သဖြင့် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာနက အဓိက လက်တူးတွင်းကျယ်များကို ဦးစားပေး ဆောင်ရွက်လျက်ရှိပြီး ဩဂုတ် ၁၄ ရက်အထိ လက်တူးတွင်း ၉၀ အား ပြီးစီးဆောင်ရွက်နိုင်ခဲ့သည်။ ရေမှုတ်ထုတ်ပြီးတွင်းများတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆေးခတ်ခြင်းလုပ်ငန်းများကိုလည်း တစ်ပြိုင်တည်း ဆောင်



ရွက်ခဲ့သည်။

ကျေးရွာများတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် လုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် ဒိုင်းရှင်းစက် (ရေမှုတ်ထုတ်စက်) ၁၀ လုံးဖြင့် တွင်းဆေးခြင်း၊ တွင်းမှုတ်ခြင်း၊ ဆေးခတ်ခြင်းများကို ဝန်ထမ်းအင်အား ၂၀ ကို အဖွဲ့ငါးဖွဲ့ခွဲ၍ လုပ်ငန်းများအားလုံး အမြန်ဆုံးပြီးစီးနိုင်ရေးကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည်။

အလားတူ ရေကြီးရေလျှံမှုကြောင့် အလယ်ဟန်ဒေါက်ရွာနှင့် ဘူးကျေးရွာ ဆက်သွယ်ထားသည့်လမ်းတွင် ရေကျော်လမ်းများ၊ တောင်များ ပြိုကျမှုကြောင့် လမ်းပိတ်ဆို့ပျက်စီးသွားသဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ အမြန်ဆုံးပြင်ဆင်ပြီးစီးနိုင်ရေးအတွက် ဩဂုတ်၁၂ ရက်မှစ၍ စက်ယန္တရားကြီးများအသုံးပြုကာ ပြုပြင်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ကျေးရွာချင်းဆက်လမ်းသည် ၁၆ မိုင် ၁ဖာလုံ ခန့်ရှိပြီး ကျေးရွာ ၂၉ ရွာတွင်နေထိုင်သည့် ပြည်သူများ အမှီသဟဲ ပြုနေသောလမ်းဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ဇဖဲ)**

## လမ်းဖောက်ရာတွင် ပျက်စီးခဲ့သည့် သီးနှံများအတွက် နစ်နာကြေး ပေးအပ်

**ဘိုကလေး ဩဂုတ် ၁၉**

ဘိုကလေး-မော်လမြိုင်ကျွန်း လမ်းသစ်ဖောက်လုပ်ရာတွင် ပျက်စီးသွားသည့် သီးနှံများအတွက် တောင်သူများအား နစ်နာကြေးပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၁၇ ရက် နံနက် ၁၀ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင်ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစန်းမောင်နှင့် ဦးစီးအရာရှိ မြို့ပြ (လမ်းဦးစီးဌာန) ဦးဝင်းနိုင်တို့က နိုင်ငံတော်အနေဖြင့် နစ်နာမှုရှိသော တောင်သူများအတွက် ယခုကဲ့သို့ ထောက်ပံ့ပေးခြင်းနှင့် လမ်းဖောက်လုပ်ရခြင်း ရည်ရွယ်ချက်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ နစ်နာမှုလျော်ကြေးရရှိသော သာပေါင်းကျေးရွာအုပ်စုမှ တောင်သူ ၂၄ ဦးနှင့် သပြုကုန်း ကျေးရွာအုပ်စုမှ တောင်သူ ၃၃ ဦးတို့၏ လယ်မြေသီးနှံဧက ၆၃ ဒသမ ၆၅ ဧကအတွက် တစ်ဧကလျှင် ကျပ် ၂၀၀၀၀၀ နှုန်းဖြင့် ကျပ် ၁၂၇၃၀၀၀၀ သိန်းတို့အား ဝန်ကြီးက သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

**အောင်မင်း (ဘိုကလေး)**

## ပိုလျှံသည့် ထောက်ပံ့ပစ္စည်းများအား ပျက်စီးမှုပိုမိုများပြားသည့်ဒေသသို့ တစ်ဆင့်ပြန်လည်လှူဒါန်း

**ပွင့်ဖြူ ဩဂုတ် ၁၉**

မုန်းချောင်းရေကြီးမှုကြောင့် ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိရာ မင်းဘူးခရိုင်အတွင်းရှိ ပွင့်ဖြူမြို့နယ် ဒေးဒရဲကျေးရွာနေ ရေဘေးသင့်ပြည်သူများက စေတုတ္တရာမြို့နယ်ရေဘေးသင့်ပြည်သူများထံသို့ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ပစ္စည်းများကို ဩဂုတ် ၁၇ ရက်က သွားရောက်လှူဒါန်းခဲ့သည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ မုန်းချောင်းအနီးဝန်းကျင်ကျေးရွာများသည် ကြီးအုံ၊ ကြီးဝရေလှောင်တမံ ရေပိုလွှဲပေါက်များမှ ရေထုတ်လွှတ်မှုများနှင့် သနဝချောင်းရေကြီးမှုများကြောင့် ဇူလိုင် ၃၀ ရက် ညနေပိုင်းတွင် မုန်းချောင်းရေများ လျှင်မြန်စွာဝင်ရောက်လာပြီး ရေဘေးကင်းလွတ်ရာနေရာများသို့ အမြန်ပြောင်းရွှေ့ခဲ့ရသည်။

ဩဂုတ် ၄ ရက်တွင် မုန်းချောင်းရေကြီးမှု ရပ်တန့်ကျဆင်းသွား၍ ကျေးရွာများသို့ ပြန်လည်ပြောင်းရွှေ့နေထိုင်ခဲ့ရာ မြန်မာနိုင်ငံအတွင်းရှိ စေတနာရှင်၊အလှူရှင်များက ရေဘေးကယ်ဆယ်ရေးပစ္စည်းများ၊ အစားအစာနှင့် သောက်ရေသန့်များကို လာရောက် လှူဒါန်းပေးဝေခဲ့သည်။ ဒေးဒရဲကျေးရွာသည် ပွင့်ဖြူ-စလင်း ကားလမ်းဘေးတွင်တည်ရှိပြီး အိမ်ထောင်စု ၆၅ စု၊လူဦးရေ ၂၇၅ ဦးနေထိုင်လျက်ရှိသည်။ မုန်းချောင်းရေကြီးမှုကြောင့် ရေဘေးသင့်ခဲ့ပြီး အများပြည်သူများမှ လှူဒါန်းသော ဆန်၊ ဆီ၊ ဆား၊ ပဲ၊ သောက်ရေသန့်၊ ခေါက်ဆွဲခြောက်ထုပ်များနှင့် အဝတ်အထည်များကို လက်ခံရရှိခဲ့ရာ အိမ်ထောင်စုအလိုက် အညီအမျှ ခွဲဝေပေးခဲ့သည်။

ပိုလျှံသည့်ပစ္စည်းများအား စုဆောင်းထားရှိပြီး စေတုတ္တရာမြို့နယ်ရှိ မုန်းချောင်းရေကြီးမှုကြောင့် ကျေးရွာလူနေအိမ်များပျက်စီးဆုံးရှုံးပျောက်ကွယ်သွားသည့် ငလဲကျေးရွာ၊ ပွင့်တောက်ကျေးရွာနှင့် အနီးဝန်းကျင် ကျေးရွာသုံးရွာရှိ ရေဘေးသင့်ပြည်သူများထံ ဆန် ၂၄ ပြည် ၅၇ အိတ်၊ဆီ ၁၅ ပိဿာ၊ သောက်ရေသန့် ၆၀ ကတ်၊ ခေါက်ဆွဲခြောက်နှင့် မုန့်မျိုးစုံ၊ အဝတ်အထည် ၉၆ အိတ်နှင့် ဆေးဝါးမျိုးစုံတို့အား ဩဂုတ် ၁၇ ရက်က သွားရောက်လှူဒါန်းပေးဝေခဲ့သည်။

ထောက်ပံ့ပစ္စည်းများ ပြန်လည်လှူဒါန်းရေးအဖွဲ့ဦးဆောင်သူ ဦးစန်းဝင်းမောင် (ရွှေဒေးလူငယ်ပရဟိတ အဖွဲ့၊ ဒေးဒရဲရွာ)က "ကျွန်တော်တို့ရွာက မုန်းချောင်းအဖျားဘက်ကျပြီး ရေဝင်တာမြန်တယ်။ ကျတာလည်း မြန်တယ်။ မုန်းရေမကြီးတာ ၂၆ နှစ်လောက်ရှိနေတော့ အတွေ့အကြုံမရှိလို့ ကြိုတင်ထုပ်ပိုးသိမ်းဆည်းမှုမရှိခဲ့ဘူး။ ပစ္စည်းတွေတော့ ရေထဲ မျှောပါလို့ပျက်စီးဆုံးရှုံးရပေမယ့် လူနေအိမ်တွေတော့ ဘာမှမဖြစ်ပါဘူး။ စိုက်ခင်းတွေတော့ အကုန်ပျက်စီးသွားတယ်။ စေတုတ္တရာမြို့က မုန်းချောင်းအထက်ဘက် မုန်းတမံနှင့် ကြီးအုံ-ကြီးဝတမံကြားမှာရှိတော့ မုန်းရေကြီးတာ ပိုများပြီး ပျက်စီးတာလည်း ပိုများတယ်။ ငလဲကျေးရွာဆို တစ်ရွာလုံး ရွှံ့ညွန်တွေနဲ့ပြည့်လို့ ရွာရွှေ့ပြောင်းတည်ရတော့မယ်။ ဒါကြောင့် ကျွန်တော်တို့ရထားတဲ့ပစ္စည်းတွေထဲက တချို့တစ်ဝက် စားသုံးဖို့ခွဲထား။ ပိုတာတွေစုပြီး လာရောက်လှူဒါန်းတာပါ" ဟု ပြောပြသည်။

**တင်ထွန်းဦး(မင်းဘူး)**

## ဘိန်းဖြူနှင့်စိတ်ကြွရူးဆေးပြားများ ဖမ်းဆီးရမိ၍ အရေးယူ

**မိုးကောင်း ဩဂုတ် ၁၉**

ကချင်ပြည်နယ် မိုးကောင်းမြို့ မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ထိန်လင်းအောင် ဦးစီးသောတပ်ဖွဲ့ဝင်များသည် သတင်းအရဩဂုတ် ၁၆ ရက်မွန်းလွဲ ၁၂နာရီ ၄၀ မိနစ်ခန့်တွင် ရေရှင်ကျေးရွာအုပ်စု လေးမိုင်ကျေးရွာရှိ ဦးအိုက်ကျန်(ခ) ဦးမောင်အိုက်၏နေအိမ်သို့ ဝင်ရောက်စစ်ဆေးရှာဖွေမှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းသို့ရှာဖွေစဉ် ၎င်းကို အသင့်တွေ့ရှိရပြီး ၎င်းဝတ်ဆင်ထားသည့် EXPRESS စာတန်းတံဆိပ်ပါ ဘောင်းဘီတို ဝဲဘက်အိတ်ကပ်ထဲမှ အပြာရောင်ကော်ဘူးဖြင့်ထည့်လျက် ဘိန်းဖြူဟုယူဆရသော ဖြူဝါရောင်အမှုန့် တစ်ဂရမ်ခန့်ပါတစ်ဘူး၊ နေအိမ်အောက်ထပ် အိပ်ခန်းအတွင်းရှိ သံသေတ္တာထဲမှ အပြာရောင်ပလတ်စတစ်ကပ်ခွာအိတ်ဖြင့်ထည့်လျက် ၈၈ စာတန်းပါ အနီရောင် စိတ်ကြွရူးသွပ်ဆေးပြား ၉၀ ပါ အထုပ်တစ်ထုပ် နေအိမ်အပေါ်ထပ် နောက်ဖက်အခန်းရှိ သံသေတ္တာထဲမှ မြင်းချေးရောင် ခါးပတ်အိတ်အတွင်း အပြာရောင်ကော်ဘူးဖြင့် ထည့်လျက် ဘိန်းဖြူဟုယူဆရသော ဖြူဝါရောင်အမှုန့် ၁၀ ဂရမ်ခန့်ပါတစ်ဘူးနှင့် အပြာရောင်ပလတ်စတစ်ကပ်ခွာအိတ်ဖြင့်ထည့်လျက် ၈၈ စာတန်းပါ အနီရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀ ပါ အထုပ်တစ်ထုပ် စုစုပေါင်းဘိန်းဖြူဟုယူဆရသော ဖြူဝါရောင်အမှုန့် အလေးချိန် ၁၁ ဂရမ်ခန့်နှင့် ၈၈ စာတန်းပါ အနီရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀ သိမ်းဆည်းရမိခဲ့သည်။

ဦးအိုက်ကျန်(ခ)ဦးမောင်အိုက်(၅၀)နှစ်အား မိုးကောင်းမြို့ မြို့မရဲစခန်းက မယ (ပ) ၂၃/၂၀၁၅ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅/၁၉ (က) အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(၄၉၉)**

## ပြည်သူ့ဝန်ဆောင်မှုရုံး တာချီလိတ်တွင် ဖွင့်လှစ်

**တာချီလိတ် ဩဂုတ် ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာချီလိတ်မြို့နယ်တွင် ပြည်သူတို့၏ အခြေခံလိုအပ်ချက်များဆောင်ရွက်ရာ၌ အဆင်ပြေချောမွေ့စေရန်၊ အချိန်နှင့်ငွေကြေး ကုန်ကျမှုသက်သာစေရန်၊ လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုများ တားမြစ်နိုင်ရန်၊ ပြည်သူများက အစိုးရနှင့် ဌာနဆိုင်ရာဝန်ထမ်းများအပေါ် အားကိုးယုံကြည်မှု တိုးပွားစေရန်၊ ဦးစီးဌာနအလိုက် အပြန်အလှန် ထိန်းကျောင်းမှုပြုနိုင်ရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန်ရည်ရွယ်၍ ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Shops) များ ဖွင့်လှစ်ခြင်းကို ဩဂုတ် ၁၇ ရက် ညနေ ၃ နာရီခွဲက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပြည်သူ့ဝန်ဆောင်မှုရုံး (OSS)တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးဌာန၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဌာနနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတို့ စုပေါင်းဖွင့်လှစ်ထားကြောင်းသိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**

## ကော့သောင်းမြို့တွင် အများပြည်သူ လျှပ်စစ်အန္တရာယ်ကင်းဝေးရေး ဆောင်ရွက်

**ကော့သောင်း ဩဂုတ် ၁၉**

ကော့သောင်းမြို့နေ လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေး ရည်ရွယ်၍ ဩဂုတ် ၁၇ ရက်က လျှပ်စစ်ဓာတ်အားလုပ်ငန်း ဝန်ထမ်းများ မြို့အနှံ့ ပို့လွှတ်နေသည့် ဓာတ်အားလိုင်းများရှိ ပေါက်ပြဲဆွေးမြည့်နေသည့် ကေဘယ်ကြိုးများအား အသစ်လဲလှယ် တပ်ဆင်ခြင်း၊ ဓာတ်အား လိုင်းကြိုးများနှင့် ထိမိကာ အန္တရာယ်ဖြစ်စေနိုင်သည့် လမ်းဘေးဝဲယာသစ်ပင်များမှ အကိုင်းအခက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ လမ်းမီးများ တပ်ဆင်အသစ်လဲလှယ်ခြင်း၊ လျှပ်စစ်အန္တရာယ် ကင်းဝေးစွာ ဓာတ်အားသုံးစွဲနိုင်ရေး



ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကော့သောင်းမြို့သည် မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်မြို့ဖြစ်သည်နှင့်အားလျော်စွာ မြို့နေပြည်သူများ လူနေမှု အဆင့်အတန်း မြင့်မားစွာ နေနိုင်ရေး ကုန်ထုတ်စွမ်းအား တိုးတက်ရေး၊ စီးပွားရေးလုပ်ငန်း ယန္တရားများ ပုံမှန်လည်ပတ်နိုင်ရေး ရည်ရွယ်ကာ လျှပ်စစ်ဓာတ်အားကို မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများအထိ မြန်မာလျှပ်စစ်ဓာတ်အား လုပ်ငန်းနှင့် ပုဂ္ဂလိက ပူးပေါင်းကာ ၂၄ နာရီ ဖြန့်ဝေပေးလျက်ရှိသည်။

**ကျော်စိုး(ကော့သောင်း-IPRD)**

**အခန်းဆက်ဝတ္ထုရှည်**



# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

**တက္ကသိုလ်ဘုန်းနိုင်**

*ရသစာပေသည် စာဖတ်ပရိသတ်များအား ညှို့ယူဖမ်းစားနိုင်၏။ ထိုစာပေကို ရသမြောက်အောင် ရေးဖွဲ့နိုင်ရန်မှာ စာရေးသူ၏ စာဖတ်ပရိသတ်အပေါ်ထားရှိသော စေတနာမှာ အရေးပါ၏။ ဆရာတက္ကသိုလ်ဘုန်းနိုင် မှာ စာဖတ်သူများအပေါ် အကျိုးအမြတ်မပါ။ ဆန္ဒစွဲမရှိ၊ ရိုးသားစွာဖြင့်ဘဝနှင့် ခံစားမှုတစ်ထပ်တည်းကျအောင် ရေးသားနိုင်သော စေတနာရှိ၏။ ထို့ကြောင့် ဆရာ၏ ရသစာပေများမှာ စာဖတ်ပရိသတ်များကြားဝယ် ယနေ့ထက်တိုင် တောက်ပနေဆဲဖြစ်၏။ ဆရာ၏ စာပေတွင် လူတို့၏ စရိုက်၊ လူတို့၏ ဘဝအမှန်တို့ကို သူတို့ဖြတ်သန်းရာခေတ်ကာလ အခြေအနေများနှင့် ထင်ဟပ်ဖော်ပြရာတွင် အရောင်အသွေးမရှိဘဲ ပကတိ အခြေအနေပေါ်လွင်အောင်ရေးဖွဲ့ထား၏။ ထို့ကြောင့်ခံစားမှုများနှင့်အတူ ဘဝအတွေးအခေါ်များလည်းရ၏။ အသိအမြင်များလည်း တိုး၏။ ခေတ်သမိုင်းကိုလည်း ထင်ဟပ်ရှုမြင်နိုင်၏။ ဤသည်ကား စာရေးသူ၏ စေတနာ အရင်းခံဖြစ်၏။ ယခု 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်' တွင်လည်း စာဖတ်ပရိသတ်များ ဤသို့ ရှုမြင်ခံစားနိုင်မည်ဟု ယုံကြည်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

ထိုအခါ အားလုံး ပျောက်ကွယ်သွားပြီး အားလုံး တိတ်ဆိတ်ငြိမ်သက်သွားကြ၏။

သက်သက်ကမူ ငါးပြုတ်ရည်အိုးကိုချပြီး ငါးပြုတ်များကို ဆန်ခါထက် ဆယ်ထည့်နေသည်။ ငါးပြုတ်ကို အအေးခံထားစဉ် မီးကျန်နှင့်ငံပြာရည်ကျို၏။

ငါးပြုတ်သည် လုံးဝမအေးမီ သက်သက်က စ ကိုင်ကာ အရိုးနှင့် အသားခွဲခြားနွှင်ပစ်နေ၏။

လုပ်နေကျအလုပ်ဖြစ်သောကြောင့် သက်သက်သည် စက်ရုပ်ကဲ့သို့ မမှားမယွင်း လုပ်နေနိုင်သော်လည်း သက်သက်၏ စိတ်များက လွန်ခဲ့သော ဆယ့်လေးနှစ်ဆီ ပြန်ရောက်နေ၏။

ထိုစဉ်က ဧရာဝတီမြစ်ထဲတွင် သက်သက်တို့ လှေလှော်နေကြသည်။ သက်သက်တို့ ဆိုသည်မှာ ကိုကို ကြီး၊ ကိုကိုလေး၊ ကိုစိုးခိုင်နှင့် သက်သက်ကိုယ်တိုင် ဖြစ်ကြသည်။

ကိုကိုကြီးက လှေဦးမှ လှော်သည်။ ကိုကိုကြီးနောက်မှ ကိုကိုလေး၊ ကိုကိုလေးနောက်မှ သက်သက်၊ အားလုံး နောက်ဆုံးမှ လှေပဲ့သူကား စိုးခိုင်။

ကိုကိုလေးက လှေလှော်ရင်း-

"လှေလှော်သားမို့ နှပ်ချေးထူသဗျ။ လှေပဲ့သူဟာ နောက်ပိုးကြီးပဲ"ဟု တကြော်ကြော် သီချင်းအော်ဆို လာသည်။

တစ်အိမ်လုံးက အလိုလိုက်ထားသဖြင့် ကိုကိုလေးတင် သော်သည်အလွန်ဆိုးသည်။ ကိုကိုကြီးကမူ သဘောကောင်း၏။

လှေသည် ရေနက်ရာ ရောက်သောအခါ ကိုကိုလေးသည် သက်သက်အော်ဟစ်ကန့်ကွက်နေရင်းကြားမှ "ကျော်ဟိုးကွ" ဟု အော်ရင်း လှေပေါ်မှ ရေထဲသို့ ဒိုင်ဗင်ထိုးချသည်။ လှေသည်လည်းမထိန်းနိုင် မသိမ်းနိုင်ဖြစ်ကာ မှောက်၏။

ရေမကူးတတ်သော သက်သက်ရေနစ်သည်။ကိုကိုလေးက ကြောက်အားလန့်အားနှင့်ဘာမျှ မကူဘဲ အော်ဟစ်နေသည်။

ကိုကိုကြီးနှင့် ကိုစိုးခိုင်ကသာ သက်သက်ကိုဆယ်ရန် အားထုတ်ကြ၏။ ကိုစိုးခိုင်က သက်သက်ကိုအရင်မိ သည်။ သက်သက်က ကြောက်အားလန့်အား ဖက်တွယ်သောကြောင့်နှစ်ဦးလုံး ထပ်နစ်ကြသည်။ အနီးရှိ လှေသမားများ အကူအညီနှင့်ကိုကိုကြီးက သူတို့နှစ်ဦးကို ကမ်းပေါ်သို့ ဆယ်ယူနိုင်သောအခါ သက်သက်သည် ဘာမျှမဖြစ်။ ကိုစိုးခိုင်ကမူ ရေမွန်း၍ သတိလစ်နေရှာခဲ့ရ၏။

နောင်အခါ သက်သက်သည် ဤကိစ္စနှင့် ပတ်သက်၍ ရင်ထုမနာနှင့်ဤသို့ ပြောတတ်သည်။

'ကိုစိုးသာ တစ်ခုခုဖြစ်သွားရင် သက်သက်တော့ တစ်သက်လုံး စိတ်ချမ်းသာနိုင်တော့မှာ မဟုတ်ဘူး'

ထိုအခါ ကိုစိုးခိုင်က မပြုံးမရယ် တည်ကြည်စွာနှင့် အေးအေးဖြေလေ့ရှိသည်။

'ကိုစိုးကရေမွန်းရုံကလေး မွန်းရတာပါ။ ကိစ္စမရှိပါဘူး။ သက်သက်ဘာမှ မဖြစ်တာကိုပဲ ကိုစိုးဝမ်းသာလှပါပြီ'

စောစောက သက်သက်၏သား သက်ခိုင်ကလည်း ဤစကားနှင့်စေတနာအရာတွင်သဘောချင်းထပ်တူ ညီသောစကားကိုပင် ပြောခဲ့၏။

'အဲဒါကတော့ မမနွယ် အကိုက်ခံရမှာစိုးလို့၊ မမနွယ် နာမှာစိုးလို့' ဆန်းပြားထွေလည်သော လှုပ်ရှားသည့် စိတ်မျိုးစုံကြောင့်သက်သက်သည် လုပ်မြဲအလုပ်ကို စက်ရုပ်သို့ လုပ်နေမိသော်လည်းသတိက ကင်းကွာနေသည်။

"သက်သက်ရေ . . . အေ . . သက်သက်"

အပြင်ဘက်မှ မတိုးမကျယ် ခေါ်သံပေါ်လာခါမှ သက်သက်မှာ သတိပြန်ဝင်လာ၏။

"ရှင် . . ဘယ်သူပါလဲ"

"တို့ပါ . . သက်သက်ရဲ့ဒေါ်အောင်က လွှတ်လိုက်လို့"




အသက် ၄၀ခန့် မိန်းမကြီးနှစ်ဦးက တဲတွင်း ဝင်လာကာ ထိုင်ကြ၏။

"ဩော် ဒေါ်ဒေါ်အုံနဲ့ ဒေါ်ဒေါ်စိုးတို့ပါလား၊ သခင်မဒေါ်အောင်က ဘာကိစ္စနဲ့ လွှတ်လိုက်လို့လဲ"

ဒေါ်အုံနှင့် ဒေါ်စိုးမှာ ရေနံချောင်းဈေးကြီးအတွင်းမှ တက်ကြွသောဈေးသည်ခေါင်းဆောင်များ ဖြစ်ကြသည်။

အသားညိုညို ပိန်ပိန်ရှည်ရှည် ဒေါ်စိုးက အသားလတ်လတ်နှင့်လုံးကြီးပေါက်လှဒေါ်အုံကို "ရှင်ပဲ ပြောတော့" ဟူသောအဓိပ္ပာယ်နှင့်မေးငေါ့ပြ၏။

ဒေါ်အုံက မပြောချင်သော စကားကို တာဝန်ယူ၍ ပြောရတော့မည့်ဟန်နှင့် သက်ပြင်းကြီးကို လေးလေးကြီးချပြီး စပြော၏။

"စိတ်မကောင်းတော့ မရှိနဲ့ သက်သက်ရေ၊ အဖမ်းခံရတဲ့ လူတွေစာရင်း ပြည့်ပြည့်စုံစုံရောက်လာပြီ။ ညည်းယောကျ်ား ကိုစိုးခိုင်လည်းပါသွားပြီ"

သက်သက်သည်မဆန်းလှသောသတင်း ဖြစ်သော်လည်း အနည်းငယ်မှ ခေတ္တငိုင်ကျသွား၏။ ထိုနောက်မှ စိတ်ပြန်တင်းကာ အေးချမ်းတည်ငြိမ်စွာပြန်မေး၏။

"သက်သက်ကလည်း ကြိုတင်ထင်ပြီးသားပါ ဒေါ်ဒေါ်အုံ၊ ဒါထက်သပိတ်တပ်ကြီးရဲ့ အခြေအနေကကော. . ."

"ခေါင်းဆောင်တွေမရှိတော့ ရှေ့ဆက် ချီတက်ဖို့ ခက်နေတယ်၊ အလျှော့တော့ မပေးကြဘူး၊ ဒီမှာလည်း တို့ဗမာအစည်းအရုံး အမှုဆောင်တွေ အစည်းအဝေး လုပ်နေတယ်၊ ဌာနချုပ်က ညွှန်ကြားချက်လည်း လာတော့မယ်တဲ့၊ အဲ. . . လောလောဆယ် လုပ်စရာကတော့. . ."

ဒေါ်အုံက ဒေါ်စိုးကို လှမ်းကြည့်သဖြင့် ဒေါ်စိုးက ဆက်ပြောပြသည်။

"သပိတ်တပ်ကြီး မကွေးမှာ ကြာရှည်သောင်တင်နေရင် စားစရာရိက္ခာနဲ့ ငွေကြေးအခက်အခဲ ပေါ်လာနိုင်တယ်၊ အဲဒါ မဖြစ်အောင် တို့တွေက ဒီကနေ အဆက်မပြတ် အကူအညီပေးဖို့ ရှိနေတယ်၊ ဒါတို့တာဝန်ပဲလေ"

သက်သက်က ခေါင်းညိတ်ပြသည်။

"စိတ်ချပါလေ၊ ကျွန်မဘက်က တာဝန်ကျေပါစေ့မယ်"

"ယုံပါတယ် သက်သက်ရယ်၊ တို့ လာတာက ကိုစိုးခိုင် အကြောင်း ပြောပြချင်လို့ပါ၊ ဒါထက် ညည်း မကွေးကို လိုက်သွားချင်လား"

သက်သက်က ခေါင်းခါ၏။

"ဟင့်အင်း. . . လိုက်သွားလို့လည်း ဘာအကြောင်းထူးမှာလဲ၊ တွေ့ခွင့်လည်းရမှာ မဟုတ်ဘူး၊ ရလည်း ဘာမှ တတ်နိုင်မှာ မဟုတ်ဘူး၊ အလုပ်ပျက် အကိုင်ပျက် ဖြစ်ရုံရှိမှာပဲ"

"အေးအေး. . . ဒါလည်း ဟုတ်တာပဲ၊ ကဲလေ. . . မနက်ကျမှ ထပ်တွေ့ကြသေးတာပေ့ါ၊ ဒေါ်ဒေါ်တို့ ပြန်မယ်"

ဒေါ်အုံနှင့် ဒေါ်စိုးတို့ ပြန်ထွက်သွားကြသည်။

သူတို့က မြင်းလှည်းနှင့် လာကြခြင်းဖြစ်သည်။

စောစောက မြင်းလှည်းဆိုက်သံလည်း မကြား၊ မီးရောင်ကိုလည်း မမြင်မိသည်မှာ မိမိအတွေးနက်၍ ဖြစ်ကြောင်း သက်သက်သည် သဘောပေါက်မိ၏။

သက်သက်သည် လှုပ်ရှားသွက်လက်လာပြီး အလုပ်များကို လက်စသတ်၍ သိမ်းဆည်းသည်။

အားလုံး ပြီးစီးသောအခါ သက်သက်က သက်ခိုင်ကို နှိုးသည်။

"သားရေ. . . သက်ခိုင် ထတော့၊ ပြန်ကြရအောင်"

သက်ခိုင်ထံမှ ထူးသံမကြားသောအခါ သက်သက် အံ့သြသွား၏။ ခါတိုင်းဆိုလျှင် သက်ခိုင်သည် အလွန်အအိပ်ဆတ်၏။

သက်သက်သည် သက်ခိုင်အနီး ကပ်သွားကာ စုံစမ်းသည်။

သမုဒ္ဒရာဝမ်းတစ်ထွာအတွက် နံနက်ခင်း၌ မုန့်ဟင်းခါးရောင်းခြင်းကိုမူ မရပ်ပစ်နိုင်။ သက်သက်တို့၏ ဘဝတူ သပိတ်မှောက်အလုပ်သမား အိမ်ထောင်စုများမှာလည်း ကိုယ့်ဒုက္ခပင်လယ်ဝေနေရကား သက်သက်တို့ မိသားစုကို အထူးအကူအညီမပေးနိုင်ကြ။ သူတို့သည်လည်း သူတို့ဝမ်းကို သူတို့နည်းနှင့် သူတို့ကျောင်းနေကြရရှာ၏။ သက်သက်၏စိတ်ဝယ် အထိခိုက်ဆုံးကား . . .

ပုဆိုးခြုံကွေးထားသော သက်ခိုင်၏ တစ်ကိုယ်လုံးမှာ ဆတ်ဆတ်တုန်နေ၏။ ပါးစပ်မှ ညည်းသံကလေးပင် ထွက်ပေါ်လာနေ၏။

သက်သက်က သား၏နဖူးကို ယုယစွာ စမ်းကြည့်သည်။ မီးခဲတမျှ ချစ်ချစ်တောက် ပူနေလေသည်တကား။

သက်သက်သည် သက်ပြင်းရှည်ကြီးကို ရှိုက်၍ချမိ၏။

တင်းဆည်ထားလျက်က မျက်ရည်တစ်ပေါက်သည်လည်း သက်ပြင်းနှင့်အတူ ကျမိလေသည်တည်း။

**မောင်နှင့်နှမ**

အစဉ်တစိုက် ဆိုင်ရောက်လာသော ရက်များအတွင်းဝယ် သက်သက်နှင့်သား သက်ခိုင်အတွက်ရော၊ တစ်ပြည်လုံးအတွက်ပါ စိတ်နှလုံး တုန်လှုပ်ဖွယ်၊ ချောက်ချားဖွယ်၊ နာကြည်းဖွယ်၊ မခံချင်ဖွယ် အဖြစ်အပျက်များ ဆက်တိုက်ပေါ်ပေါက်လာခဲ့သည်။

သက်ခိုင် အပြင်းဖျားနေသောကြောင့် သက်သက်ခမျာမှာ နေ့ခင်း၌ အကြော်ရောင်းခြင်းလုပ်ငန်းကို ရပ်ပစ်ခဲ့ရသည်။ သမုဒ္ဒရာဝမ်းတစ်ထွာအတွက် နံနက်ခင်း၌ မုန့်ဟင်းခါးရောင်းခြင်းကိုမူ မရပ်ပစ်နိုင်။ သက်သက်တို့၏ ဘဝတူ သပိတ်မှောက် အလုပ်သမား အိမ်ထောင်စုများမှာလည်း ကိုယ့်ဒုက္ခပင်လယ်ဝေနေရကား သက်သက်တို့ မိသားစုကို အထူးအကူအညီမပေးနိုင်ကြ။ သူတို့သည်လည်း သူတို့ဝမ်းကို သူတို့နည်းနှင့် သူတို့ကျောင်းနေကြရရှာ၏။ သက်သက်၏ စိတ်ဝယ်အထိခိုက်ဆုံးကား လုပ်အားရှိသမျှ မရှာဖွေနိုင်သောကြောင့် စေတနာရှိသမျှ သပိတ်တပ်ကြီး အတွက် ငွေကြေးအစွမ်းကုန် မကူညီနိုင်ခြင်းပေတည်း။

သက်ခိုင် အပြင်းဖျားစ တစ်ရက် နှစ်ရက်အတွင်း၌မူ သက်သက်သည် မုန့်ဟင်းခါးပင် မရောင်းနိုင်ခဲ့။

သက်သက်သည် သက်ခိုင်ကို ဘေးမဲ့ဘုရားကုန်းထိပ်ရှိ ခိုတောင် ဆေးပေးခန်းသို့ ခေါ်သွားခဲ့၏။ ခိုတောင်ဆေးပေးခန်းမှ ဆရာဝန်စသော တာဝန်ရှိသူအများသည် အလုပ်သမားများနှင့် အလုပ်သမား မိသားစုအပေါ်တွင် မောက်မာခြင်း၌ လည်းကောင်း၊ ရက်စက်ခြင်း၌လည်းကောင်း၊ အညွန့်ခူးခြင်း၌ လည်းကောင်း နာမည်ကြီး၏။ ဤသည်ကို သိလျက်နှင့် သက်သက်သည် ရင်သွေးအတွက် ဖြစ်သောကြောင့် သွားခဲ့ရ၏။

အချိန်ကြာမြင့်စွာ စောင့်ရပြီးမှ သက်သက်တို့ သားအမိသည် ဆရာဝန် ရှေ့တော်မှောက်သို့ ရောက်သွားကြ၏။ ဆရာဝန်ကား ဘိုလိုဝတ်၍ မြန်မာလိုမဝတ်သော ဘင်္ဂါလီကုလား ဖြစ်သည်။

"ကျွန်မ သားလေး ခွေးကိုက်ခံရလို့ပါ ဆရာကြီး"

သက်သက်သည် သူ့သား၏ ဝေဒနာကို ဤသို့ ရိုးသားစွာ တင်ပြလိုက်သည်နှင့်တစ်ပြိုင်နက် ဆရာဝန်၏ ဒေါသ ယမ်းအိုး ပေါက်ကွဲတော့သည်။

"မင်းတို့ အလုပ်သမားတွေဟာ အလုပ်မရှိ အလုပ်ရှာပြီး ဆေးခန်းကို လာဒုက္ခပေးနေတယ်၊ နည်းနည်းလေး ဖျားရင်လည်း လာတာပဲ၊ ဒူးလေးပြဲရင်လည်းလာတာပဲ၊ သံလေးစူးရင်လည်း လာတာပဲ၊ ကျွန်ုပ်အားကြီးအလုပ်ပျက်တယ်၊ မင်းသား ခွေးကိုက်တာကို ကျွန်ုပ်က ဘာလုပ်ပေးရမှာလဲ"

သက်သက်သည် မခံချင်စိတ်ကို ချိုးနှိမ်ပြီး ယဉ်ကျေးစွာ ပြန်ဖြေသည်။

"ခွေးကိုက်ခံရရုံလေးသက်သက်နဲ့တော့ မလာပါဘူး ဆရာကြီးရယ်၊ ကလေးက ဒဏ်ရာကြောင့် အဖျားလည်း ဝင်နေလို့ပါ"

သက်ခိုင်သည် အဖျားကြောင့် မဖွင့်ချင်သော မျက်လုံးများကို ဇွတ်ဖြဲကာ ဆရာဝန်ကို ကြည့်သည်။ ကိုယ်ကာယ အားနည်းနေစဉ်ဖြစ်ရကား စိတ်အားကလည်း ငယ်နေသည်။ အရာရာကို မကြောက်တတ်သော်လည်း သက်ခိုင်သည် ဆရာဝန်ဆိုသော သတ္တဝါကြီးကိုမူ အနည်းငယ်ကြောက်သည်။ သက်ခိုင် ကျင်လည်ရသော ဘဝပတ်ဝန်းကျင်တစ်ခုလုံး၌လည်း ဆရာဝန်ဆိုသည်မှာ စုန်းကြီး၊ ကဝေကြီး၊ တစ္ဆေကြီးများပမာ ဝိညာဉ်ကို နှုတ်ယူတတ်သော သတ္တဝါကြီးများအဖြစ် ထင်ရှားသည်။

သက်ခိုင်က တုန်လှုပ်စွာ ကြည့်နေစဉ် ဆရာဝန်ကြီး၏ ခက်မာသော အသံသည် ပြန်ပေါ်လာ၏။

"ဘာခွေး ကိုက်တာလဲ၊ ခွေးရူးလား . . . ခွေးကောင်းလား"

"ခွေးကောင်းပါ ဆရာကြီး"

"ခွေးကောင်းလို့ မင်း ဘယ်လိုလုပ်သိတာလဲ"

"ဒီလိုပဲ တွေ့နေကျ ခွေးသားအုပ်မို့ပါ ဆရာကြီး"

"မင်းတို့ အဲဒါ ခက်တာပဲ၊ မင်းတို့မှာ အသိဉာဏ် ဘာမှ မရှိဘူး၊ ခွေးကောင်းကိုက်တာဆိုရင် ကိစ္စမရှိဘူး၊ ခွေးရူးကိုက်ရင် သေမှာပဲ၊ ကျွန်ုပ်လည်း မတတ်နိုင်ဘူး၊ ရန်ကုန်မှာ ဆေးရုံရှိတယ်၊ အဲဒီခေါ်သွား ကျွန်ုပ်အခု ဆေးစာရေးပေးလိုက်မယ်"

ဆရာဝန်သည် စက္ကူတစ်ရွက်ပေါ်၌ ကလောင်တံဖြင့် လက်ရေးကဲ့များ ရေးပေးပြီး သက်သက်တို့အား လွှတ်လိုက်သည်။

ဆေးထည့်ခန်း၌ သက်ခိုင်၏ အနာကို တင်ချာထည့်ပေးသည်။

သက်သက်တို့သည် ကွန်ပေါင်ဒါထံသွားပြီး ဆေးလက်မှတ်နှင့် ဆေးထည့်ရန် ပုလင်းတစ်လုံးကို တင်ပြသည်။ ဆေးထည့်ရန် ပုလင်းကို အိမ်မှယူခဲ့ကြရသည်။ ပုလင်းမပါလျှင် ဆေးမပေး၊ ဆေးမပေးသည့်အပြင် မာန်လည်း လွှတ်တတ်၏။

မြန်မာလူမျိုး ကွန်ပေါင်ဒါသည် ဆေးလက်မှတ် ဖတ်ကြည့်ပြီး မျက်မှောင်ကြုတ်၍ ဆို၏။

"ဆေးလက်မှတ်ထဲမှာ သောက်ဆေးပေးဖို့ ဘာမှ မပါဘူး၊ ခင်ဗျားက ဘာလို့ဆေးပုလင်း လာတင်ရတာလဲ"

ဆက်လက်ဖော်ပြပါမည်။

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**

# မော်လမြိုင်တွင် မြန်မာအမျိုးသားမြေပုံစနစ် တည်ထောင်ခြင်းအပေါ် အကြံပြုဆွေးနွေး



**မော်လမြိုင် ဩဂုတ် ၁၉**

မြန်မာအမျိုးသားမြေပုံ စနစ် (One Map Myanmar) စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းများကို ဆက်စပ်ပတ်သက်သူများအားလုံးထံသို့ ဖြန့်ဝေတင်ပြရန်၊ မြေပုံစနစ်တွင်ပါဝင်မည့် မြေအသုံးချမှုဆိုင်ရာမြေပုံများနှင့် မြေပြင်ဆိုင်ရာကိန်းဂဏန်း အချက်အလက်များ စုစည်းကောက်ယူခြင်းတို့တွင် ဆက်စပ်ပတ်သက်သူများ ပါဝင်ဆောင်ရွက်နိုင်ရေး၊ ကိန်းဂဏန်းလိုအပ်ချက်နှင့် အကြံပြုဆွေးနွေးချက်များရယူနိုင်ရန်နှင့် မြန်မာအမျိုးသားမြေပုံစနစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆက်မည့် လုပ်ငန်းများဆောင်ရွက်ရာတွင် အထောက်အကူပြုစေရန် ရည်ရွယ်၍ မြန်မာအမျိုးသားမြေပုံစနစ်တည်ထောင်ခြင်းစီမံကိန်းအပေါ် မွန်ပြည်နယ်အတွင်းရှိ လူမှုအဖွဲ့အစည်းများ၊ ဒေသခံများက အကြံပြုဆွေးနွေးပွဲကို ဩဂုတ် ၁၇ ရက်က မော်လမြိုင်မြို့ ရွှေမြင့်မိုရ်ထွန်းဟိုတယ်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် Land Care Group ဥက္ကဋ္ဌ ဦးရွှေသိန်းက မြန်မာအမျိုးသား မြေပုံစနစ် တည်ထောင်ခြင်းစီမံကိန်းအား မိတ်ဆက်ပြီး သစ်တောဦးစီးဌာနရုံး၊ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်မြတ်စုမွန်က စီမံကိန်းအကြောင်းအရာများအား ရှင်းလင်းကာ တက်ရောက်လာသူများက မေးမြန်းအကြံပြုဆွေးနွေးခဲ့ကြသည်။

One Map Myanmar စီမံကိန်း ဆောင်ရွက်ရာတွင် ကနဦးအဆင့် (၂၀၁၅ ဇွန်လမှ နိုဝင်ဘာလအထိ ငါးလ) အဆင့်-၁ စတင်တည်ထောင်ခြင်းအဆင့်၊ (၂၀၁၅ နိုဝင်ဘာလမှ ၂၀၁၇ ဇွန်လအထိ၊ ၁၉ လ) အဓိကအဆင့်-၂ တိုးချဲ့တည်ထောင်ခြင်း၊ (၂၀၁၇ ဇွန်လ အကုန်မှ ၂၀၂၁ ဇွန်လအထိ လေးနှစ်)၊ အဓိကအဆင့်-၃ အခိုင်အမာတည်ထောင်ခြင်း (၂၀၂၁ ဇွန်လကုန်မှ ၂၀၂၃ ဇွန်လအထိ နှစ်နှစ်) ဖြင့် စုစုပေါင်းလျာထားပြီး၊ ဆောင်ရွက်မည့် လုပ်ငန်းများတွင် အဓိက အခန်းကဏ္ဍ(၃)ဖြစ်သည့် တိကျခိုင်မာသော Spatial Data Information များရရှိရန်စုစည်းဆောင်ရွက်ခြင်း၊ ပြန်လည်ဖြန့်ဝေရန် Open – Access Data Platform တည်ထောင်ခြင်း၊ စီမံကိန်းအကောင်ထည်ဖော်မည့်သူများ၏ စွမ်းဆောင်ရည် မြှင့်တင်ခြင်းတို့ပါဝင်ပြီး၊ One Map Myanmar စီမံကိန်းမှရရှိမည့် Spatial Data/Information များ အသုံးပြု၍ Knowledge Products for Policy Making ပြုလုပ်နိုင်ရန် ဆောင်ရွက်ခြင်းနှင့် Spatial Data/Information အား ပြန်လည်အသုံးပြုမည့်သူများ၏ သိရှိနားလည်မှု မြှင့်တင်ခြင်းလုပ်ငန်းများလည်း ပါဝင်မည်ဖြစ်သည်။

ယင်းစီမံကိန်း ဆောင်ရွက်ခြင်းဖြင့် ဌာနအသီးသီးမှ နေရာဒေသနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များ Spatial Data/Information များကို တစ်နေရာတည်းတွင် စံစနစ်တစ်ခုအဖြစ် စုစည်းထားရှိနိုင်ပြီး၊ အင်တာနက်ကွန်ရက်မှတစ်ဆင့် ပြန်လည်ဖြန့်ဝေနိုင်မည်ဖြစ်၍ အချိန်၊ ငွေနှင့်လုပ်ငန်းအင်အားသက်သာနိုင်ခြင်း၊ မြေပြင်ဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များအား Decision Makers/ Policy Makers များမှ အလွယ်အကူ ဆန်းစစ်သရုပ်ခွဲနိုင်ခြင်းနှင့် ပြည်သူလူထုမှလည်း မျှဝေအသုံးပြုနိုင်ခြင်းကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်သည်။

အဆိုပါစီမံကိန်းကို အမျိုးသားမြေအရင်းအမြစ် စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ဦးဆောင်မှုဖြင့် Swiss Agency for Development and Cooperation (SDC) နှင့် Land Care Group တို့က ပူးပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။ **ဆက်နေမင်းအောင်**

## မြောင်းမြမြို့တွင်ပြည်သူ့ဝန်ဆောင်မှုရုံးခန်း (One Stop Shop) ဖွင့်လှစ်ဆောင်ရွက်

**မြောင်းမြ ဩဂုတ် ၁၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်၌ ပြည်သူ့ဝန်ဆောင်မှုရုံးခန်း One Stop Shop (OSS) ဖွင့်ပွဲကို ဩဂုတ် ၁၇ ရက် နံနက်က မြောင်းမြမြို့ မြရွှေဝါခန်းမ၌ကျင်းပရာ မြောင်းမြခရိုင် အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်က အမှာစကားပြောကြားပြီး အဖွဲ့ရုံးတာဝန်ခံ မြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးကျော်ထွန်းက လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ငါးလုပ်ငန်းဦးစီးမှူးတို့က ပြည်သူ့ဝန်ဆောင်မှုရုံးခန်းအား ဖွင့်လှစ်ပေးခဲ့ကြောင်းသိရသည်။

ပြည်သူတို့၏ အခြေခံလိုအပ်ချက်များအား အဆင်ပြေချောမွေ့စေသည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ရန် အဂတိလိုက်စားမှုများကို တားမြစ်၍ ထိရောက်သော ဝန်ဆောင်မှု အလေ့အကျင့်များ ပြုစုပျိုးထောင်ပေးနိုင်ရန်၊ ပြည်သူများက အစိုးရနှင့်ဌာနဆိုင်ရာဝန်ထမ်းများအပေါ် အားကိုးယုံကြည်မှု တိုးပွားစေရန် နှင့် တာဝန်ထမ်းဆောင်နေသောဝန်ထမ်းများ၊ ဦးစီးဌာနများအလိုက် အပြန်အလှန် ထိန်းကျောင်းမှုပြုနိုင်ရေး အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ (One Stop Shop) (OSS) ရုံးခန်းများ ထူထောင် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ရုံးအဖွဲ့တာဝန်ခံ ငါးလုပ်ငန်းဦးစီးမှူး ဦးကျော်ထွန်း၏ ပြောကြားချက်အရ သိရသည်။

အဆိုပါ One Stop Shop (OSS) မြောင်းမြမြို့နယ်ရုံးတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အခွန်ဦးစီးဌာန၊ လယ်ယာမြေစာရင်းအင်းဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ အမျိုးသားမှတ်ပုံတင် ဦးစီးဌာန၊ မြို့နယ်လျှပ်စစ်၊ မြို့နယ်စည်ပင်သာယာရေး ဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက မိမိဌာနအလိုက် ပြည်သူများ၏ လိုအပ်ချက်များအား အချိန်နှင့်တစ်ပြေးညီ ဝန်ဆောင်မှုပေး၍ ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မင်း(ပြန်/ဆက်)**

## စဉ့်ကိုင်မြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

**စဉ့်ကိုင် ဩဂုတ် ၁၉**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ကျန်းမာရေးဦးစီးဌာနသည် မိုးရာသီတွင် ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများကို ရပ်ကွက်၊ ကျေးရွာ၊ တပ်ရင်းတပ်ဖွဲ့များတွင် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၈ ရက် နံနက် ၉ နာရီက စဉ့်ကိုင်မြို့နယ် လေကြောင်းရန်ကာကွယ်ရေး ဆက်သွယ်မှုတပ်ရင်း(၇) တွင် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ယင်းသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် စဉ့်ကိုင်မြို့နယ် ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာတင်ချိုကိုကိုနှင့်ဝန်ထမ်းများသည် လေကြောင်းရန်ကာကွယ်ရေး ဆက်သွယ်မှုတပ်ရင်း(၇)တွင်သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရန်အတွက် ခြင်ဆေးများမှုတ်ခြင်း၊ ခြင်ဆေးဖျန်းခြင်း၊ အဘိတ်ဆေးခတ်ခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်တင်ထွေး(စဉ့်ကိုင်)**

## မော်လူးတွင် အိမ်မြေဂရန်ပြုလုပ်နိုင်ရန်အတွက် အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်စာရင်း စိစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်

**မော်လူး ဩဂုတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတွင် အိမ်ဂရန်ပြုလုပ်နိုင်ရန်အတွက် အိမ်ထောင်စုနှင့် မှတ်ပုံတင်စာရင်းများကိုစနစ်တကျ စိစစ်ဆောင်ရွက်ပေးနိုင်ရန် ဩဂုတ် ၁၈ ရက် နံနက် ၉ နာရီမှစတင်ကာ အင်းတော်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာနမှ နေ့ချင်းပြီးလုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

“အခုလို မော်လူးစံပြကျေးရွာကြီးဟာ မြို့အင်္ဂါရပ်နှင့်အညီ အိမ်မြေဂရန်တွေကို စနစ်တကျ စိစစ်ပြီးတော့ လုပ်ဆောင်ပေးနေတာကို ကျွန်တော်တို့က ဝမ်းမြောက်ဝမ်းသာကြိုဆိုပါတယ်။ ဒါမှလည်း အိမ်မြေတွေ အာမခံချက်ရှိလာတော့မှာပါ။ ဒါဟာဖြစ်သင့်တဲ့အရာပါပဲ” ဟု မော်လူးမြို့ မြမာလာရပ်ကွက်နေ ဦးမြင့်ဦးက ပြောသည်။

ယင်းသို့ဆောင်ရွက်ရာတွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ၏ ခွင့်ပြုချက်အရအိမ် မြေဂရန်ပြုလုပ်နိုင်ရေးအတွက် အင်းတော်မြို့နယ် လ-ဝ-ကဦးစီးမှူး၏ အနီးကပ်ကြီးကြပ် လမ်းညွှန်မှုဖြင့် မြို့နယ်ဒု လ-ဝ-က ဦးစီးမှူး ဦးတင့်ဆွေဦးနှင့် အဖွဲ့က အိမ်ထောင်စုနှင့်နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပြီးပြည့်စုံနိုင်ရေးအတွက် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ စုစုပေါင်းအိမ်ထောင်စုဝင် ၁၀၀၀ ခန့်ကိုစိစစ်ကာနေ့ချင်းပြီးဆောင်ရွက်ပေးနိုင်ရန် မော်လူးကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးဝင်းစိန်နှင့် ဆယ်အိမ်စုမှူးများ၊ အုပ်စုစာရေး(၁) ဒေါ်ခင်ဝင်းတာနှင့် အဖွဲ့တို့ကဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသည်။ **နီတိုး**

## ပခုက္ကူမြို့အရန်သားဖွားသင်တန်း(၁/၂၀၁၅)ဆင်း

**ပခုက္ကူ ဩဂုတ် ၁၉**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အရန်သားဖွားသင်တန်း (၁/၂၀၁၅)ဆင်းပွဲကို ဩဂုတ် ၁၅ ရက် နံနက် ၁၀ နာရီက မြို့နယ်ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းဆင်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး ပခုက္ကူမြို့ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဘုန်းမော်က သင်တန်းဖွင့်လှစ်ပို့ချရခြင်းနှင့် ပတ်သက်၍ အကျယ်တဝင့်ရှင်းလင်းပြောကြားကာ ဆေးရုံအုပ်ကြီးမှ သင်တန်းဆင်း အရန်သားဖွားဆရာမများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

ယင်းနောက် ဒုတိယ ခရိုင်ကျန်းမာရေးဦးစီးမှူး ဒေါက်တာတင်မောင်ထွေးက အရန်သားဖွားသင်တန်းဆင်းများအား အရန်သားဖွား (Kit) ပုံးများပေးအပ်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက သင်တန်းတွင် ပထမရရှိသူ မပပဝင်းအားလည်းကောင်း၊ ပခုက္ကူမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာစိုးက ဒုတိယရရှိသူ မတင်မိုးနွယ်အားလည်းကောင်း၊ မြို့နယ်ကျန်းမာရေးအရာရှိ ဒေါက်တာ ဇင်ဝေချိုက တတိယရရှိသူ မသန်းသန်းမော်အားလည်းကောင်းဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြသည်။

ပခုက္ကူမြို့နယ် ပြည်သူ့ဆေးရုံကြီးမှ အရန်သားဖွားသင်တန်းဆင်းပြီးသူ ၂၆၄ ဦးရှိပြီး သင်တန်းဆင်းဆရာမများက မိခင်လောင်းများနှင့်ကလေးသူငယ်များ ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ဖွားသေနှုန်းလျှော့ချရေးနှင့် ငါးနှစ်အောက်ကလေးသေနှုန်း လျှော့ချရေးလုပ်ငန်းများကို တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်လျက်ရှိကြကြောင်း သိရသည်။ **အောင်ကျော်မြင့်**

## အာမခံအကြောင်း သိကောင်းစရာ အသိပညာပေးဟောပြော

**မကွေး ဩဂုတ် ၁၉**

မကွေးတိုင်းဒေသကြီး မကွေးမြို့ မြန်မာ့အာမခံလုပ်ငန်း အစည်းအဝေးခန်းမ၌ ဩဂုတ် ၁၇ ရက် နံနက် ၁၀ နာရီက အာမခံအကြောင်း သိကောင်းစရာ အသိပညာပေးဟောပြောပွဲ ကျင်းပရာ တိုင်းဒေသကြီး မြန်မာ့အာမခံလုပ်ငန်း တာဝန်ခံ ဦးကျော်မျိုးဆွေက မီးနှင့်အမျိုးမျိုး အာမခံလုပ်ငန်းများ အကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဟောပြောပွဲသို့ လုပ်ငန်းလေ့လာသူ ၅၀ တက်ရောက်ကြပြီး တက်ရောက်လာသူများက အာမခံလုပ်ငန်းနှင့် ပတ်သက်၍ ၎င်းတို့သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ရာ တိုင်းဒေသကြီး တာဝန်ခံမှ ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## ရေဘေးသင့်ပြည်သူများသို့ ငွေကျပ် သိန်း ၅၀ လှူဒါန်း

**မန္တလေး ဩဂုတ် ၁၉**

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းမှ သဘာဝဘေးအန္တရာယ် ကျရောက်လျက်ရှိသော ဒေသများရှိ ရေဘေးသင့် ပြည်သူများအတွက် အလှူငွေ လှူဒါန်းခြင်းကို ဩဂုတ် ၁၈ ရက် ညနေ ၄ နာရီက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန ဝန်ကြီးဦးအောင်ဇံက တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းမှ လှူဒါန်းသည့် အလှူငွေကျပ် သိန်း ၅၀ ကို လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့သည်။ ယင်းနောက် လှူဒါန်းမှုနှင့်ပတ်သက်ပြီး ကျေးဇူးတင်စကား ပြောကြားခဲ့သည်။ **ဖြိုးဝေ(ဆင်တဲ)**



# ပြည်ပအလှူရှင်များ၏ထောက်ပံ့ရေးပစ္စည်းများ ရေဘေးသင့်ပြည်သူများထံ အမြန်ရောက်ရှိရေး ပို့ဆောင်ပေးရန် ဆောင်ရွက်

**မန္တလေး ဩဂုတ် ၁၉**

မြန်မာနိုင်ငံအတွင်း မိုးသည်းစွာရွာသွန်းမှုကြောင့် နေရာဒေသအချို့တွင် ရေကြီးရေလျှံမှုများဖြစ်ပွားကာ ရေဘေးသင့်ခဲ့ရသော ပြည်သူများအတွက် တရုတ်နိုင်ငံ ယူနန်ပြည်နယ်အစိုးရနှင့် တက်ဟုန်းပြည်နယ်ခွဲ ပြည်သူ့အစိုးရတို့မှ လှူဒါန်းထားသော ထောက်ပံ့ရေးပစ္စည်းများကို မန္တလေးမြို့ (မြို့ဟောင်း) ကုန်သိုလှောင်ရုံနှင့် တံတားဦးမြို့ အင်းဝခန်းမတို့တွင် လက်ခံထားရာ ရေဘေးသင့်ဒေသများရှိပြည်သူများ လက်ဝယ်အမြန်ဆုံး ရောက်ရှိရေး ပို့ဆောင်ပေးလျက်ရှိရာ ဩဂုတ် ၁၈ ရက်က မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်များသို့ ကားများဖြင့် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ကယ်ဆယ်ရေးနှင့် ပြည်လည်နေရာချထားရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် မန္တလေး (မြို့ဟောင်း) သိုလှောင်ရုံ (ဂိုထောင် အမှတ်-၅) တွင် လက်ခံထားသည့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်အစိုးရမှ ထောက်ပံ့လှူဒါန်းထားသော ပစ္စည်းများထဲမှ ၂၅ ကီလို အလေးချိန်ရှိ ၁၂ ပြည်ပါ ဆန်အိတ်ပေါင်း ၆၀၀ နှင့် ခေါက်ဆွဲခြောက်ဖာ ၆၀၀ တို့ကို ဩဂုတ် ၁၈ ရက် နံနက် ၉ နာရီခွဲတွင် ကုန်းလမ်းပို့ဆောင်ရေးက ကားသုံးစီးဖြင့် ချင်းပြည်နယ်အတွင်းရှိ ရေဘေးသင့် ပြည်သူများထံသို့ ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ တရုတ်နိုင်ငံ တက်ဟုန်းပြည်နယ်ခွဲ ပြည်သူ့အစိုးရမှ ထောက်ပံ့လှူဒါန်းကာ တံတားဦးမြို့နယ် အင်းဝခန်းမတွင် လက်ခံထားရှိသော ထောက်ပံ့ရေးပစ္စည်းများဖြစ်သော ဆန်၊ ဆား၊ ဆီ၊ ဘီစကွတ်၊ မိုးကာစ၊ ရွက်ဖျင်တဲ၊ ရွက်ဖျင်စ၊ ဆပ်ပြာမှုန့်၊ ဆပ်ပြာခဲ၊ ခြင်ထောင်၊ လုံချည်၊ ပုဆိုး၊ အိပ်ရာခင်း၊ စောင်များ၊ ဒန်အိုး၊ ဒယ်အိုး၊ ဇလုံကြီး၊ ဆေးဝါးအစုံ၊ ဆိုလာဓာတ်မီး၊ ငါးသေတ္တာ၊ မြေထောက်ပဲများကို မကွေးတိုင်းဒေသကြီးအတွက် ကားခြောက်စီးဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွက် ကားလေးစီးဖြင့်လည်းကောင်း၊ ချင်းပြည်နယ် မတူပီ၊ မင်းတပ်မြို့နယ်အတွက် ကား တစ်စီးဖြင့်လည်းကောင်း စုစုပေါင်း ကား ၁၄ စီးဖြင့် ရေဘေးသင့်ပြည်သူများ ထောက်ပံ့ရန်အတွက် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ထောက်ပံ့ရေးပစ္စည်းတွေကို ရေဘေးသင့်ပြည်သူတွေ လက်ထဲအမြန်ဆုံးရောက်အောင် ကားတွေ၊ ရထားတွေနဲ့ ပို့ဆောင်ပေးပါတယ်။ နေ့တိုင်းတော့ မပို့ပါဘူး။ ဌာနရဲ့ အစီအစဉ်နဲ့ ဂိုဒေါင်မှာရှိတဲ့ ပစ္စည်းအပေါ်မူတည်ပြီး ပို့နေတာပါ၊ ဒီနေ့ကတော့ ဒီဂိုထောင်ကနေ ဆန်အိတ် ၆၀၀ နဲ့ ခေါက်ဆွဲခြောက်ဖာ ၆၀၀ ကို ပို့ပေးသွားမှာပါ။ တံတားဦးက အင်းဝခန်းမမှာ လက်ခံထားတဲ့ ပစ္စည်းတွေကိုလည်း ဒီနေ့ပဲ ပို့ဆောင်မှာပါ" ဟု ကယ်ဆယ်ရေးနှင့်ပြည်လည်နေရာချထားရေးဦးစီးဌာနက တာဝန်ကျဝန်ထမ်းတစ်ဦးက ပြောသည်။ **ထွန်းထွန်းနိုင်(ကျောက်ဆည်)**

# ရဲစခန်းထောက်ခံစာ အတုပြုလုပ် သုံးစွဲသူများအား ဖော်ထုတ်အရေးယူ

**ရန်ကုန် ဩဂုတ် ၁၉**

မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဝေဘာဂီနယ်မြေရဲစခန်း၏ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာများကို အတုပြုလုပ်ကာ တစ်စောင်လျှင် ငွေကျပ် ၁၅၀၀ ဖြင့် ရောင်းချနေကြောင်းသတင်းရရှိသည့် မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်ရှိ ဦးကျော်စိုးရင်၊ (၅၇) နှစ်၏နေအိမ်သို့ ဩဂုတ် ၁၆ ရက် ညနေ ၅ နာရီ မိနစ် ၅၀ ခန့်က ဝင်ရောက်ရှာဖွေရာ ဝေဘာဂီနယ်မြေ ရဲစခန်းတံဆိပ်တုံးအတုနှင့် စခန်းမှူး တံဆိပ်တုံးအတုတို့အားသုံးစွဲထားပြီး ဒုရဲအုပ်အရာရှိတစ်ဦး၏ လက်မှတ်အတုရေးထိုးထားသော ရက်စွဲမပါသည့် ရဲစခန်းထောက်ခံစာကိုးရွက်နှင့် ငွေကျပ် ၁၅၀၀ တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်းသိရသည်။

ယင်းကဲ့သို့ ရဲစခန်းထောက်ခံစာအတုများ ပြုလုပ်သုံးစွဲသူ ဦးကျော်စိုးရင်နှင့် ပတ်သက်ဆက်နွယ်သူများကို ဝေဘာဂီနယ်မြေရဲစခန်းမှ (ပ)၃၉၁/၂၀၁၅၊ပြစ်မှုပုဒ်မ ၄၂၀/၄၆၈/၁၁၄ ဖြင့် အမှုဖွင့်အရေးယူခဲ့ပြီး စစ်ဆေးဖော်ထုတ်ခဲ့ကာ စစ်ဆေးချက်များအရ ဦးကျော်စိုးရင်သည် အဆိုပါတွေ့ရှိသည့် ရဲစခန်းထောက်ခံစာများကို မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်နေ ဦးငွေလှ(၆၇)နှစ်ထံမှ တစ်စောင်လျှင်ငွေကျပ် ၈၀၀ နှုန်း ဖြင့် ရယူခဲ့ကြောင်း၊ ဦးငွေလှမှလည်း မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်နေ ဦးခင်မောင်ဦး၊ (၆၄)နှစ်ထံမှ တစ်စောင်လျှင်ငွေကျပ် ၄၀၀ နှုန်းဖြင့်ရယူခဲ့ကြောင်း ပေါ်ပေါက်ခဲ့ပြီး ဦးခင်မောင်ဦးထံက ဝေဘာဂီရဲစခန်းတံဆိပ်တုံးတစ်ခု၊ စခန်းမှူးတံဆိပ်တုံးတစ်ခု၊ ဒုရဲအုပ်အရာရှိတစ်ဦး၏ လက်မှတ်အတုထိုးထားသော ရဲစခန်းထောက်ခံချက်သုံးစောင်နှင့် အပေါင်စာရွက်ပျောက်ဆုံးကြောင်းထောက်ခံချက်တစ်စောင်၊ အင့်ပက်တစ်ခုတို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ဦးကျော်စိုးရင်ပါသုံးဦးအား အမှုဖြင့် ဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့)**

# တောင်ဒဂုံဆီအုန်းစီမံကိန်းဆုဖလား မိုးရာသီဘောလုံးပြိုင်ပွဲကျင်းပ

**ဘုတ်ပြင်း ဩဂုတ် ၁၉**

ဘုတ်ပြင်းမြို့နယ် တောင်ဒဂုံဆီအုန်းစီမံကိန်း ဆုဖလား ရပ်ကွက်၊ ကျေးရွာပေါင်းစုံ မိုးရာသီဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားအား ဩဂုတ် ၁၆ ရက် ညနေပိုင်းက ဘုတ်ပြင်းမြို့မအားကစားကွင်းတွင်ကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး ဦးအောင်ကျော်ကျော်ဦးနှင့် ဌာနဆိုင်ရာများ၊ တောင်ဒဂုံဆီအုန်းစီမံကိန်းမှ တာဝန်ရှိသူများ၊ တက်ရောက်ခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် ဘောလုံးပြိုင်ပွဲအား ကျင်းပရာ ဖွင့်ပွဲနေ့ပြိုင်ပွဲအဖြစ် တောင်ဒဂုံအသင်းနှင့် ရွှေဘုံသာ ရပ်ကွက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည်။

အဆိုပါ ဘောလုံးပြိုင်ပွဲအား ပြိုင်ပွဲဝင် အသင်း ၁၅ သင်းဖြင့် စက်တင်ဘာ ၃ ရက်အထိ ပတ်လည်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **ဘုတ်ပြင်း(ပြန်/ဆက်)**

# လူသုံးဦး ငါးကန်ထဲကျသေဆုံး

**ကျောင်းကုန်း ဩဂုတ် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ ကံကလေးကျေးရွာအုပ်စု ကံကလေးကျေးရွာ ဦးစိုင်းရီ၏ ငါးကန်တွင် ရေနစ်သေဆုံးမှုဖြစ်ပွားခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁၇ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်ခန့်တွင် မနွယ်နွယ်စန်း(၂၆)နှစ်၊ မဂျူးဂျူး(၆)နှစ်၊ မစန်းစန်းထွေး(၆)လတို့ သုံးဦးသည် နေ့လယ်စာစားရန် ငါးကန်မှ တဲသို့အပြန် ကန်ပေါင်လမ်းမှ ခြေချော်ပြီး ငါးကန်ထဲပြုတ်ကျသေဆုံးခဲ့သည်။

ဖြစ်စဉ်အား ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ် ကျောင်းကုန်းမြို့မ ရဲစခန်းမှ သေမှုသေခင်းအမှတ် (၁၀)ဖြင့် အမှုဖွင့် ဆောင်ရွက်လျက်ရှိသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

# ဆင်ပေါင်ဝဲမြို့နယ် ရေဝင်ကျေးရွာ ပြည်သူများအား မန္တလေး ဆေးတက္ကသိုလ်မှ ဆေးကျောင်းသားများက ကျန်းမာရေး အခမဲ့ကွင်းဆင်း ကုသဆောင်ရွက်ပေး

**မန္တလေး ဩဂုတ် ၁၉**

'ဝေဠုကျော်' ဖောင်ဒေးရှင်းနှင့် 'မြတ်ပါရမီ' သွေးလှူရှင်များအသင်းတို့၏ အစီအစဉ်ဖြင့် ဩဂုတ် ၁၇ ရက်၌ ဆင်ပေါင်ဝဲမြို့နယ် ရေဝင်ကျေးရွာ ပြည်သူများအား ကျန်းမာရေး အခမဲ့ကွင်းဆင်းကုသပေးရာတွင် မန္တလေးဆေးတက္ကသိုလ်မှ ဆေးကျောင်းသား ကိုးဦးပါဝင်သော အဖွဲ့သည် အင်းမကျေးရွာ၌ လူနာ ၁၅၀ တို့အား အထွေထွေရောဂါကျန်းမာရေး အခမဲ့ကြည့်ရှုကုသပေးခဲ့ပြီး အသက် ၉၀ ကျော်အဘိုး၊ အဘွားလေးဦးအား တစ်ဦးလျှင် ကျပ် ၂၅၀၀၀ နှုန်း ကန်တော့ခဲ့ကြသည်။

ယင်းနေ့တွင် ကထိက ဒေါက်တာဝင်းကျော်သူပါ မန္တလေးဆေးတက္ကသိုလ်မှ ဆေးကျောင်းသား၊ ကျောင်းသူ ရှစ်ဦးပါဝင်သော အဖွဲ့သည်လည်း ကျောက်ချက်ကျေးရွာ၌ ပြည်သူ ၆၈ ဦးတို့အား အထွေထွေကျန်းမာရေး အခမဲ့ကြည့်ရှု ကုသပေးခဲ့ကြပြီး မန္တလေးဆေးတက္ကသိုလ်မှ ဆေးကျောင်းသား၊ ကျောင်းသူ ၁၀ ဦး ပါဝင်သော အဖွဲ့သည်လည်း လက်ပန်ငူကျေးရွာတွင် ပြည်သူ ၁၃၂ ဦးအား အထွေထွေကျန်းမာရေးအခမဲ့ ကြည့်ရှုကုသပေးခဲ့ကြသည်။

အဆိုပါ ကျန်းမာရေး ကြည့်ရှုကုသခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ဆယ်အိမ်မှူးများ၊ ကျေးရွာလူမှုရေးအသင်းအဖွဲ့များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြသည်။ **(မြို့နယ်ပြန်/ဆက်)**



# KBZ BANK
## ကမ္ဘောဇဘဏ်လီမိတက်

### ရန်ကုန်ဘဏ်ခွဲ (၅၁)
### တက္ကသိုလ်ရိပ်သာလမ်းဘဏ်ခွဲ (၂)

အမှတ်(၁၃၀)၊ တက္ကသိုလ်ရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း(၀၁)၅၀၁၉၂၄၊ ၅၀၁၄၇၆၊ ၅၀၁၉၃၆၊ ဖက်စ်(၀၁)၅၀၁၂၄၅၊ ၅၀၁၄၉၅

### ရန်ကုန်ဘဏ်ခွဲ (၅၂)
### တောင်ဥက္ကလာပ – သုမင်္ဂလာလမ်းဘဏ်ခွဲ

အမှတ်(၁၅၁/ခ)၊ သုမင်္ဂလာလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း(၀၁)၈၅၀၀၈၂၃/ ၂၄/ ၂၅၊ ဖက်စ်(၀၁)၈၅၀၀၈၁၉/ ၂၀/ ၂၁

### ရန်ကုန်ဘဏ်ခွဲ (၅၃)
### ၉ – မိုင်ဘဏ်ခွဲ၊ ပြည်လမ်း

အမှတ်(၁၄၇)၊ Airport View Tower(B)၊ ပြည်လမ်း၊ (၉)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း(၀၁)၆၆၄၄၅၄၊ ၆၆၅၄၇၃၊ ဖက်စ်(၀၁)၆၅၂၆၁၈၊ ၆၅၁၇၀၃

တို့ကို ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ် ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း မိဘပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

**သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်**

www.kbzbank.com

## အင်းပေါက်ဝကုမ္ပဏီလီမိတက်

**ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ရှိ မြောက်ဦးနဝရတ်ဟိုတယ်တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိသည်။ (နေထိုင်ရေး ဟိုတယ်မှ စီစဉ်ပေးမည်။)**

၁။ Hotel Manager ကျား/မ(၁)
- Certificate (သို့) Diploma (သို့) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူ
- Hotel Manager အတွေ့အကြုံရှိသူ၊
- စီမံခန့်ခွဲကြီးကြပ်နိုင်သူ၊ English စကားပြောဆိုနိုင်သူ၊ E-mail အသုံးပြုနိုင်သူ။
- ဆက်ဆံရေးပြေပြစ်သူ၊ ရေရှည်လုပ်ကိုင်နိုင်သူ။

၂။ Chef ကျား/မ(၁)
- Certificate (သို့) Diploma (သို့) သက်ဆိုင်ရာအသိအမှတ်ပြုလက်မှတ်ရရှိထားသူ
- လုပ်ငန်းအတွေ့အကြုံ(၂)နှစ်ရှိသူ
- ဆက်ဆံရေးပြေပြစ်သူ၊ ရေရှည်လုပ်ကိုင်နိုင်သူ။

၃။ Receptionist ကျား/မ(၁)
- အသက်(၁၈)နှစ်နှင့်အထက်
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူ ဖြစ်ရမည်၊ English စကားပြောဆိုနိုင်သူ။
- ဆက်ဆံရေးပြေပြစ်သူ၊ ရေရှည်လုပ်ကိုင်နိုင်သူ

လျှောက်လွှာပေးပို့လိုပါက မွေးမှန်းလစာနှင့်တကွ CV အား Email:innpaukwa@gmail.com (သို့) Fax.(01)202587သို့ ဤကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း လျှောက်ထားနိုင်ပါသည်။ လူကိုယ်တိုင်လျှောက်ထားလိုပါက အင်းပေါက်ဝကုမ္ပဏီလီမိတက်၏ ရန်ကုန်ရုံး-အမှတ်(၂၆)၊ ၄၃လမ်း (အောက်ဘလောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၀၂၅၄၀၊ ၂၉၈၉၄၃သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

**ရွှေပုပ္ပါး**

**တောင်ပြုံးမင်းနှစ်ပါးချီတော်ရေသုံးပွဲ**
မန္တလေး၊ တောင်ပြုံး၊ ပြင်ဦးလွင် ၂ ည ၃ရက်
တည်းခိုစရိတ်ငြိမ်း ၄၅၀၀၀ိ/ကျပ်
၂၄-၈-၂၀၁၅ရက်တွင် ထွက်မည်။
ဖုန်း-၀၉-၄၂၀၂၀၁၀၈၃၊ ၀၉-၄၂၅၀၁၇၀၈၉၊ ၀၉-၇၃၀၂၈၅၉၇၊ ၀၉-၂၆၀၄၀၄၃၆၀

**ကိုသန့်ဇင် CAR RENTAL**
ကားမျိုးစုံကို ခရီးစဉ် လချုပ် အချိန်ပိုင်း ငှားသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
ဖုန်း-၀၉-၄၃၁၁၇၆၈၀၊ ၀၉-၅၀၅၉၈၂၀

**GOLDEN STAR Travels & Tours**
* တောင်ပြုံး-မန္တလေး-ပြင်ဦးလွင် Aug-24
* ကျိုက်ထီးရိုး/ချောင်းသာ/ငွေဆောင်
ကားမျိုးစုံ ငှားရမ်းပေးသည်။
Ph :544383, 209200, 430480, 703448, 705968

### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ၆၆ကေဗွီ ဓာတ်အားလိုင်းများအတွက် လိုအပ်သော ACSR 397.5 MCM (Ibis) နှင့် ACSR 605 MCM(Duck) အမျိုးအစားများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၀-၈-၂၀၁၅ ရက်
တင်ဒါပိတ်မည့်ရက် - ၄-၉-၂၀၁၅ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀နာရီ

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၀၉**

### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများအတွက် Inlet Air Filter များကို နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၈-၈-၂၀၁၅ ရက်
တင်ဒါပိတ်မည့်ရက် - ၈-၉-၂၀၁၅ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀ နာရီ

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၀၉**

## ကုန်စည်ပို့ဆောင်ရေးအာမခံ

ယုံကြည်အားထား IKBZ အာမခံစွမ်းအား

IKBZ Insurance

**ကုန်စည်သယ်ယူပို့ဆောင်ရေးအာမခံအမျိုးအစား**

ရေကြောင်းကုန်စည်အာမခံ( Marine Cargo Insurance)
ကုန်းလမ်းကုန်စည်အာမခံ( Inland Transit Cargo Insurance)

**အာမခံအမျိုးအစား**

ပြည်တွင်း၌ကုန်ပစ္စည်းများတစ်နေရာမှ တစ်နေရာသို့သယ်ယူသည့် ခရီးစဉ်တစ်ခေါက်အတွက် အာမခံထားရှိခြင်းဖြစ်ပါသည်။

**လုံးဝဆုံးရှုံးမှုအကာအကွယ်**

ကုန်ပစ္စည်းများတင်ဆောင်သည့် ယာဉ်သည် သဘာဝဘေးအန္တရာယ်ကြောင့်သော်၎င်း၊ မတော်တဆထိခိုက်မိ၍သော်၎င်း၊ မီးလောင်၍သော်၎င်း၊ သယ်ယူပို့ဆောင်သည့်ယာဉ် လုံးဝဆုံးရှုံးသွား၍ ကုန်ပစ္စည်းများ ပျက်စီးသွားသည့် ဆုံးရှုံးမှုကိုပေးလျော်ပါသည်။ သို့ရာတွင် ယာဉ်လုံးဝဆုံးရှုံးမှုဘေးမှ ကင်းဝေးအောင်ဆောင်ရွက်ရသည့် စရိတ်များ အလုပ်သမားခများကို ပေးလျော်ရန်တာဝန်ယူပါသည်။ (မှတ်ချက်။ ။တစ်စိတ်တဒေသပျက်စီးဆုံးရှုံးမှုအကျုံးမဝင်ပါ။)

**အာမခံတန်ဖိုး**

အာမခံတန်ဖိုးအားကုန်ပစ္စည်းတန်ဖိုးပေါ်တွင် ၁၀% ပိုမို၍ ထားရှိနိုင်ပါသည်။



**အကာအကွယ်အမျိုးအစားများ**

(က) လုံးဝနစ်မြုပ်ဆုံးရှုံးမှုအကာအကွယ် ( Total Loss Only )

**ရေလမ်း/ကုန်းလမ်း ကုန်ပစ္စည်းပို့ဆောင်ခြင်းအတွက် IKBZ Insurance မှ ၁-၈-၂၀၁၅ မှ စတင်၍ အာမခံကိစ္စရပ်များအားတာဝန်ယူဆောင်ရွက်နေပြီဖြစ်ပါကြောင်း။**

Unit#102(A),Ground Fl,Strand Square,No.(53),Merchant Rd,(Corner of Merchant Rd & Bosonpat St),\Pabedan Township, Yangon.
Tel : 01-378842,2307000 E-mail : info@i-kbz.com Fax : 01-2307128 facebook : www.facebook.com/ikbzinc

**Mingalar Cinemas** www.facebook.com/mingalarcinemas

| | | | |
|---|---|---|---|
| သမ္မတ | သွင် | မင်္ဂလာ(၁) | မင်္ဂလာစံပြ |
| မင်္ဂလာ ဝဇီရာ (လှိုင်သာယာ) | ဝင်းလိုက် | မြို့မ | မင်္ဂလာထွန်းသီရိ |

ကြိုတင်လက်မှတ်ရောင်းပြီ

၂၁၊၈၊၂၀၁၅ ရက်မှစတင်၍ တစ်ပြိုင်တည်းပြသမည်။

ပြမိ



ကြော်ငြာ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်ကလေးဆေးရုံကြီး(ဒဂုံမြို့နယ်)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ကလေးဆေးရုံကြီးတွင် အောက်ဖော်ပြပါလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လုပ်ငန်းအပ်နှံလိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာတင်သွင်းမည့် ကုမ္ပဏီများအား တင်ဒါများတင်သွင်းရန်ခေါ်ယူအပ်ပါသည်။

(က) အရေးပေါ်နှင့်ပြင်ပလူနာဌာနဝင်ပေါက်မှ (၁၆)ခန်းတွဲအရာထမ်းအိမ်ရာအထိ လမ်းပြုပြင်ခြင်းလုပ်ငန်း

(ခ) တိုးချဲ့ဆောင်(၂)ပြုပြင်မွမ်းမံခြင်းလုပ်ငန်း။

(ဂ) လူနာစောင့်နားနေဆောင်မှ Mortuaryထိ စကြံလမ်းပြုပြင်ခြင်းလုပ်ငန်း။

(ဃ) စာသင်ဆောင်ရှေ့ Car Parking ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း၊

(င) (၆)ခန်းတွဲ အရာထမ်းအိမ်ရာရှေ့ ကားဂိုဒေါင်ပြုပြင်မွမ်းမံခြင်းလုပ်ငန်း၊

(စ) တိုးချဲ့ဆောင်(၁)ပြုပြင်မွမ်းမံခြင်းလုပ်ငန်း

(ဆ) အမှိုက်ကန်ပြုပြင်ခြင်းလုပ်ငန်း

(ဇ) အထူးကြပ်မတ်ကုသဆောင် ပြုပြင်မွမ်းမံခြင်းလုပ်ငန်း

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် -၁၉-၈-၂၀၁၅ရက်
တင်ဒါပိတ်ရက်/အချိန် -၉-၉-၂၀၁၅ရက်၊ ညနေ ၄နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး၊ ရန်ကုန်ကလေးဆေးရုံကြီး**
**အမှတ်(၂)၊ ပြည်ထောင်စုရိပ်သာလမ်း၊ ဒဂုံမြို့နယ်။**

## အသိပေးကြေညာချက်

ဂျပန်နိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V DREAM ANGEL V. 31A သင်္ဘောသည် ၂၀-၈-၂၀၁၅ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှ ချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

**အမည်ပြည့်စွက်** မြစ်ကြီးနားမြို့၊ အထက(၁)၊ ဒသမတန်း(G₁)မှ (ဘ)ဦးဖော်ဒွတ်လဆွတ်၏သမီး မဆွတ်ဂျာခေါန်အား မဖော်ဒွတ်ဆွတ်ဂျာခေါန်ဟု ဖြည့်စွက်ခေါ်ပါရန်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
## ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်
## နေပြည်တော်အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနား ဖိတ်ကြားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၏ နေပြည်တော် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို အောက်ပါအစီအစဉ် အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းသားများကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂၉. ၈. ၂၀၁၅(စနေနေ့)
ကျင်းပမည့်အချိန် - မွန်းလွဲ ၁း၀၀ နာရီမှ ၃း၀၀ နာရီထိ
ကျင်းပမည့်နေရာ - ကုန်သည်စက်မှုအသင်းချုပ်အဆောက်အအုံသစ် ကျိုင်းတုံလမ်းသွယ်၊ ဥတ္တရသီရိလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်

ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လိုသူများအတွက် ကုန်သည်စက်မှုအသင်းချုပ်မှ နေပြည်တော်သို့ ၂၉. ၈. ၂၀၁၅(စနေနေ့) နံနက် ၆ နာရီတွင် ကားများစတင်ထွက်ခွာမည်ဖြစ်ပါသဖြင့် အသင်းသားများအနေဖြင့် ၂၅. ၈. ၂၀၁၅(အင်္ဂါနေ့) နောက်ဆုံးထား၍ အသင်းသားရေးရာဌာန၊ ဖုန်း ၀၁-၂၁၄၃၄၄~၄၉ (လိုင်းခွဲနံပါတ် - ၃၀၁၊ ၁၁၈၊ ၁၃၁) သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ကုန်သည်စက်မှုအသင်းချုပ်**

**ရွှေလမ်းခရီး...မှ မင်းနှစ်ပါးပွဲတော်သို့**
* ရွှေတောင်ပြူး၊ မန္တလေး(သီးသန့်) * ရွှေတောင်ပြူး၊ မန္တလေး၊ ပြင်ဦးလွင် ဘုရားစုံဖူး။
* ရွှေတောင်ပြူး၊ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ
* ရွှေတောင်ပြူး၊ မန္တလေး၊ ပြင်ဦးလွင်၊ မိုးကုတ်

**ခရီးစဉ်တိုင်း (၂၄-၈-၂၀၁၅)ထွက်မည်**

* ရွှေတောင်ပြူး၊ မန္တလေး၊ ပြင်ဦးလွင်၊မုံရွာ၊ပုဂံ(စွယ်တော်လေးဆူ)၊ညောင်ဦး၊ပုပ္ပါး၊ပခုက္ကူ
* ရွှေတောင်ပြူး၊ မန္တလေး၊ ပြင်ဦးလွင်၊ တောင်ကြီး၊ မွေတော်ကက္ကူ၊ အင်းလေး၊ ပင်းတယ
* ရွှေတောင်ပြူး၊ ပြင်ဦးလွင်၊ မုံရွာ၊ ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ

**အာဘာဘောင်မင်းဖေါင် ထွက်ရပ်ပူဇော်ပွဲ ကြိုတင်ရောင်းပြီ။**
အမှတ်(၃၁၇)၊ပန်းဆိုးတန်းလမ်း(အထက်) 095124678,09401589907,098627170

**သန်းငွေးနှင့်ရောင်းရင်းများ ၇ ရွှေတောင်ပြူးသို့**
★ ရွှေတောင်ပြူး၊မန္တလေး(သီးသန့်)(၃)ရက်။၊ပြင်ဦးလွင်ပါ(၅)ရက်။
★ ရွှေတောင်ပြူး၊မန္တလေး၊မုံရွာ၊ပြင်ဦးလွင်(၆)ရက်(တောင်ကြီး၊ အင်းလေး)(ပုဂံ၊ညောင်ဦး၊ပုပ္ပါး)(၇၊၈)ရက်၊အားလုံးပါ(၁၁)ရက်။
★ ရွှေတောင်ပြူး၊မန္တလေး၊ပြင်ဦးလွင်၊လားရှိုး၊မူဆယ်၊ရွှေလီ(၇)ရက်။
AUG-23/24 ထွက်မည်။
★(ပုဂံ၊ညောင်ဦး၊ပုပ္ပါး)(တောင်ကြီး၊အင်းလေး၊ပင်းတယ)(မန္တလေး၊မုံရွာ၊ပြင်ဦးလွင်)(၄)ရက်။(သောကြာနေ့တိုင်း)
★လွန်း။(နေပြည်တော်)(ပြည်အကောက်တောင်၊နဂါးရစ်ဆရာတော်ဘုရား)(စနေ၊တနင်္ဂနွေ)
★ဘီးလင်းမဲလုံးဆံတော် ရှင်၊ကျိုက်ထီးဆောင်း(နေ့ချင်းပြန်)ကျိုက်ထီးရိုး၊ရွှေသာလျောင်း(အင်္ဂါ၊သောကြာ)
★အဘဘွတ်ထိုနာခေါင်ပွဲ(28.9.15)ရက်အတွက် (ကြိုတင်လက်မှတ်ရောင်းပြီ)
ပင်ရင်း(၄၂၄)ရွှေဘုံသာလမ်း(အထက်) Ph-01241863,380141,0943043109,0973251422



ကြော်ငြာ

## Ministry of Energy
## Myanma Petrochemical Enterprise
## Invitation Tenders for Consultancy and Advisory Services for Five Joint Venture Projects

1. Myanma Petrochemical Enterprise (MPE), a State-owned Enterprise of the Republic of the Union of Myanmar under the Ministry of Energy announces Invitation Tenders for consultancy and advisory services from local or foreign consultant firms for the following five Joint Venture Projects:

| Sr No. | Tender N0. | Description |
|---|---|---|
| 1 | 1(TP)/Consultant for CPMDD JV/ HQ/MPE/2015-2016 | Coastal Tankers, River Crafts and Barges under Crude and Petrochemical Movement and Distribution Department(CPMDD) |
| 2 | 2(TP)/Consultant for KZ JV/HQ/ MPE/2015-2016 | No.3 Fertilizer Factory (Kyawzwa) |
| 3 | 3(TP)/Consultant for Laboratory/ HQ/MPE/2015-2016 | Laboratory Services for analyzing the specification and qualification of the Petroleum Products |
| 4 | 4(TP)/Consultant for LPG Supply Chain/HQ/MPE/2015-2016 | New Construction of LPG Terminal and Jetty in N0(1) Refinery (Thanlyin) |
| 5 | 5 (TP)/Consultant for MLT/HQ/ MPE/2015-2016 | LPG Importation, Storage, Distribution and Marketing by using the existing facilities of Myanmar Liquefied Terminal (MLT) in No(1) Refinery (Thanlyin) |

2. Each tender document can be purchased by 50,000 Kyats (Fifty Thousand Kyats) at the Finance Department, MPE during office hours commencing from 25th Aug,2015
3. Applicants shall submit the proposals in accordance with the specifications set forth in the Tender Documents to the following address not later than 24th Sept, 2015 at 12:00 noon.
4. Submission of proposals from an applicant shall not be allowed for more than two out of five joint venture projects. If the proposals submitted are more than two projects from an applicant, all proposals shall not be considered.
5. For more information, please contact the following address:
   Managing Director
   Myanma Petrochemical Enterprise
   Building N0.44,Nay Pyi Taw, Myanmar
   dplmpe@energy.gov.mm,mpeict@gmail.com
   Fax:+95 67 411124,+95 67411126
6. Late inquiry or inquiries via telephone will not be answered.

Y.E.S. Since 1994
B.A.(Hons.)(English), M.A.(ESL)(Hawaii, USA)
International English Language Centre
တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများအောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို ဘွဲ့ရများအတွက်

Basic Spoken English
Mon to Thurs-5:30-7:00 pm 3 Aug
Sat & Sun - 9:00-12:00 am 8 Aug
Mon to Thurs-7:30-9:30 am 10 Aug
Mon to Thurs-10:00-12:00am 10,24Aug
Sat & Sun - 12:30-3:30 pm 15 Aug
MontoThurs 1:00-3:00-5:00pm 17,24Aug
Mon to Thurs-7:30-9:30 am 24 Aug
Pre-Intermediate English
Mon to Thurs-10:30-12:30 am 10 Aug
Sat & Sun - 12:30-3:30 pm 22 Aug
MontoThurs 1:00-3:00pm 24 Aug
Mon to Thurs-5:00-7:00 pm 24 Aug
Intermediate English
Mon to Thurs-1:00-3:00 pm 10 Aug
Grammar Foundation Course
Sat & Sun - 9:00-12:00am 15 Aug
Mon to Thurs - 1:00-2:30 pm 31 Aug
Mon to Thurs - 3:30-5:00 pm 31 Aug
Structure & Written Expression
Mon to Thurs-4:00-5:30pm 3 Aug
Mon to Thurs-5:30-7:00pm 10 Aug
Sat & Sun - 3:30-6:30pm 15 Aug
Mon to Thurs - 1:00-3:00 pm 24 Aug
Basic Writing Course
San & Sun - 12:30 - 3:30 pm 8 Aug
TOEFL,SAT,IELTS,API,AWC,VEC
No.190, 2nd Flr.,28th St(Upper), Pabedan Tsp. Ph: 01-243950, 248010

နိုင်ငံတကာအသိအမှတ်ပြု ဖွံ့ဖြိုးမှု(၅)ခုကို အခြေခံသည့် မူကြိုပညာရေး



nurture preschool
"A member of GETC"
Pre-school
Emotional Development(EQ) | Intellectual Development(IQ) | Moral Development | Physical Development | Social Development
www.nurturepreschoolmm.com
စမ်းချောင်း 09262963774/5
လှိုင် 530097, 09254148005
တာမွေ 549590, 09254148006

LMA လွင်မြင့်အောင် မြင်းခွာရွက်ဆေးရည်
Certificate TH09/3125
ISO 9001:2008 နှင့် GMP လက်မှတ်ရ Lwin Myint Aung Industrial Co.,Ltd.
Certificate TH06/3966.02

PUN HLAING SILOAM HOSPITALS





Care with Compassion
facebook Pun Hlaing Siloam Hospitals
CALL US - 01 68 44 33
Appointment
Email : bdd.phsh@spa-mm.com

Winner Super Diamond Pile Co., Ltd.
W.S.D GROUP



W.S.D Pile




Bored Pile
Add: အမှတ်(၅၆)၊ မြေညီထပ်၊ ၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
Ph: 09-73131288, 09-73150482, 09-73196888, 09-5026793,
Off: Ph- 09-250 288811, FAX: 01-381964, Email: wsd - pile @ myanmar.com.mm

ကြော်ငြာ



# STRATEGY FIRST INSTITUTE

## ICM *single subject diplomas in* business & management



1. **Marketing Management** | Session 1: Wed - 6:00 to 8:30 pm + Sun - 8:30 to 11:30 am | Session 2: Sat - 6:00 to 8:30 pm + Sun -12:00 to 3:00 pm (Twice a week)
2. **Marketing Research & Quantitative Methods for Managers** | Thursday & Saturday – 6:00 to 8:30 pm (Twice a week)
3. **Business Management & Administration** | (Session-1) Sunday – 3 to 5:30 pm | (Session-2) Tuesday – 6 to 8:30 pm | (Session-3) Thursday – 6 to 8:30 pm
4. **Human Resource Management** | (Session 1) Monday - 6:00 to 8:30 pm | (Session -2) Sunday - 6:00 to 8:30 pm
5. **Management of Travel and Tourism Operation** | Sunday – 3:00 to 5:30 pm
6. **Sales & Sales Management** | Tuesday – 6 to 8:30 pm
7. **Financial Management** | Sunday – 10:00 to 1:00 pm
8. **Strategic Management** | Sunday – 3:00 to 5:30 pm
9. **Project Management** | Thursday – 600 to 8:30 pm
10. **Maritime Operations** | Thursday – 6:00 to 8:30 pm
11. **Logistics & Supply Chain Management** | Tuesday – 6:00 to 8:30 pm
12. **International Business Communications** | Sunday – 1:00 to 3:00 pm

အချိန်ရွေးချယ်ရသော လုပ်ငန်းရှင်များ မန်နေဂျာများ
အရာရှိများအတွက် (၅) လခွဲ သင်တန်းများ

**September-March Term**
**စက်တင်ဘာ (၁၄) ရက် စမည်။**

**Single Module Fees: 395,000 kyats for Marketing Mgt & Marketing Research Modules | 365,000 kyats for other modules**
**ICM Registration Fees - 45 USD per year | Exam Fees: 60 USD per module**

အတန်းသစ်များစက်တင်ဘာလ(၁၄) ရက်တွင် စတင်ပြီး ၂၀၁၆ ဖေဖော်ဝါရီလကုန် တွင်ပြီးဆုံးပါမည်။ မိမိအတွက် လိုအပ်သော ဘာသာရပ် တစ်ခုချင်းသော ရွေးချယ် တက်ရောက်နိုင်ပြီး Institute of Commercial Management (ICM, UK) မှ တိုက်ရိုက်စစ်ဆေးသော စာမေးပွဲကို ဖြေဆိုအောင်မြင်ပါက Single Subject Diploma များရရှိပါမည်။

CIM CAM FOUNDATION

CIM - CAM Diploma in Marketing Communications (Batch-1) Chartered Institute of Marketing မှ တည်ထောင်ထားသော Communication Advertising Marketing Foundation, UK မှ စစ်ဆေးသော စာမေးပွဲများအောင်မြင်ပါက **CIM-CAM Diploma in Marketing Communications** ကို ရရှိပါမည်။

1. **Marketing & Consumer Behaviour (Assignment)** | ICM Marketing Mgt + Consumer Behaviour Module | Program Fees: 495,000
2. **Direct Marketing and Sales Promotion (Exam)** | The module will be offered in December 2015 | Program Fees: 365,000
3. **Integrated Media (Assignment)** | Thursday – 6:00 to 8:30 pm | Program Fees: 365,000
4. **Public Relations (Exam)** | Friday – 6:00 to 8:30 pm | Program Fees: 365,000
5. **Advertising (Exam)** | Monday – 6:00 to 8:30 pm | Program Fees: 365,000

CAM Diploma စာမေးပွဲများအတွက် Assessment Fees မှာတစ်ဘာသာလျှင် 65 GBP ဖြစ်ပြီး Assignment Fees မှာ တစ်ဘာသာလျှင် 85 GBP ဖြစ်ပါသည်။ Member Registration Fees မှာ 144 GBP ဖြစ်ပါသည်။ Advertising, PR, Consumer Behaviour & Consumerism ဘာသာရပ်များအတွက် CAM မဟုတ်ဘဲ ICM မှ စစ်ဆေးသော စာမေးပွဲများဖြေဆိုပြီး Single Subject Diploma များ ရယူနိုင်ပါသည်။ အတန်းများအားလုံး ၂၀၁၆ ဖေဖော်ဝါရီ နောက်ဆုံးပတ်တွင် ပြီးပါမည်။ စာမေးပွဲ ဖြေဆိုလိုပါက ၂၀၁၆ မတ်လတွင် ဖြေဆိုနိုင်ပါသည်။



သတိပြုရန် - ဆေးလိပ်၊ အရက်၊ ဘီယာလုပ်ငန်းများ၊ အချို့ MLM လုပ်ငန်းများနှင့်၎င်းတို့၏ဝန်ထမ်းများကို ဝန်ဆောင်မှုမပေးပါ။

Ground Floor, Panchan Tower, Myaynigone, Sanchaung Tsp, Yangon

**CALL NOW: (09) 250 7171 66 ~ 68**

Hot Line No-0930500100

# စစ်ဘက်၊ အရပ်ဘက်ဆက်ဆံရေး ပိုမိုကောင်းမွန်စေရန် လုပ်ဆောင်လျက်ရှိ

နေပြည်တော် ဩဂုတ် ၁၉

တပ်မတော်အနေဖြင့် ယခင်က Leading Role တွင် နေရာယူခဲ့ကြောင်း၊ ယခုအခါ တပ်မတော်သည် အမျိုးသားနိုင်ငံရေးတွင် ပါဝင်ထမ်းဆောင်နေခြင်းသာဖြစ်ကြောင်း၊ တပ်မတော်သားများသည် ပြည်သူများမှပေါက်ဖွားလာခြင်းဖြစ်၍ ပြည်သူနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်ကြောင်း၊ စစ်ဘက်၊ အရပ်ဘက်ဆက်ဆံရေးတွင်လည်း ယခင်ကအမိန့်ပေးသည့်စနစ် ဖြစ်ခဲ့သော်လည်း ယခုအရပ်ဘက်မှလုပ်ဆောင်နေသည်များကို တပ်မတော်ကကူညီနေခြင်းသာဖြစ်ကြောင်း၊ သို့ဖြစ်၍ အရပ်ဘက်ဌာနဆိုင်ရာများနှင့် တပ်မတော်အကြား ရင်းနှီးသည့် ဆက်ဆံမှု၊ ပူးပေါင်းဆောင်ရွက်မှုရှိရမည်ဖြစ်ကြောင်း၊ မြို့မိမြို့ဖများနှင့်လည်း ထိတွေ့ဆက်သွယ်၍ မြို့၏ကောင်းရာကောင်းကြောင်း အကြံဉာဏ်ပေးမှု၊ ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိကြောင်း၊ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများတွင် ယင်းသို့ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှု ရလဒ်ကောင်းများစွာရရှိခဲ့ကြောင်း၊ စစ်ဘက်၊ အရပ်ဘက်ဆက်ဆံရေး ပိုမိုကောင်းမွန်စေရန် လုပ်ဆောင်လျက်ရှိကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E. Mr. Andrew Silas Patrick အား လက်ခံတွေ့ဆုံရာတွင် ထည့်သွင်းပြောကြားသည်။

စာမျက်နှာ ၄ ကော်လံ ၃ သို့ ☆

## ပစိဖိတ်သမုဒ္ဒရာတွင် တိုင်ဖုန်းမုန်တိုင်း ဆက်လက်တည်ရှိနေ

နေပြည်တော် ဩဂုတ် ၁၉

ပစိဖိတ်သမုဒ္ဒရာ အနောက်ပိုင်းတွင် ဩဂုတ် ၁၁ ရက်မှ စတင်ဖြစ်ပေါ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်းဂိုနီ (Cyclone Goni)နှင့် ဩဂုတ် ၁၂ ရက်မှ စတင်ဖြစ်ပေါ်ခဲ့သော အက်ဆာနီ (Atsani) တို့သည် ဆက်လက်တည်ရှိနေပြီး ပစိဖိတ်သမုဒ္ဒရာ၏ အနောက်၊ အနောက် မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

တိုင်ဖုန်း ဂိုနီ၏ ဗဟိုလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၁၀၀ ခန့်

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❖




သတင်းဆောင်းပါး - နေသန်
ဓာတ်ပုံ - ဇာနည်စိုး

မနှစ်ကရောက်ခဲ့သော နေရာဖြစ်သည်။ ရှေ့ကပိတ်နေသော ချုံပင်ကို ဓားဖြင့်ရမ်း၍ ရှေ့တိုးပြီး ပတ်ဝန်းကျင်ကိုကြည့်လိုက်သည်။ မျက်စိရှေ့မှ တောင်ကုန်းသုံးခုစလုံး ဘာပင်မျှမရှိ၊ ဓားရိုးကိုဆုပ်ကိုင်ထားသော လက်က အားလျော့လျက်။ လာရာလမ်းတို့၏ ချုံပင်အောက်မှ ဆိုင်ကယ်ရှိရာသို့ ပြန်ခဲ့ရသည်။ နောက်တစ်နေရာရှာဖို့ ခရီးဆက်ရဦးမည်။ မိသားစုလေးဦး၏ ဝမ်းရေးမို့ ကြိုးစားရှာဖွေရပေမည်။

သူတို့၏ရွာမှာ နေပြည်တော်နယ်နိမိတ်အတွင်းမှာ ရှိပါသည်။ လယ်မရှိ၊ ယာမပိုင် ဘယ်ချိန်က စဆင်းရဲခဲ့သည်ကိုလည်း မမှတ်မိနိုင်တော့။ ရွာမှာ အလုပ်အကိုင် အဆင်မပြေ၍ ဘဝတူမိသားစုသုံးစုတိုင်ပင်ကာ ရွာမှထွက်ခဲ့ကြသည်။ ကားလမ်းမကြီးနှင့်မနီးမဝေး ရှမ်းရိုးမတောင်စွယ်၏

စာမျက်နှာ ၁၂ ကော်လံ ၄ သို့ ✪

## ရှုံး/ထွက် ဗိုလ်လုပွဲသို့ ရတနာပုံအသင်း ပထမဆုံးအကြိမ်တက်ရောက်

သတင်းနှင့်ဓာတ်ပုံ - ရှိုင်းထက်ဇော်

၂၀၁၅ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက် ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ် ဒုတိယအကျော့(ပထမနေ့)ပွဲစဉ်ကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ကျင်းပရာ ရတနာပုံအသင်းက နှစ်ကျော့စလုံးအနိုင်ရရှိခဲ့သည်။

**(သုဝဏ္ဏကွင်း)**
**ရတနာပုံ - နှစ်ဂိုး**
**မကွေး - ဂိုးမရှိ**

၂၀၁၄ ရှုံး/ထွက်ပြိုင်ပွဲတွင် ဆီမီးအဆင့်မှ ထွက်ခဲ့ရသည့် ရတနာပုံအသင်းမှာ ယခုအကြိမ်တွင် မကွေးအသင်းကို နှစ်ကြိမ်စလုံးအနိုင်ယူကာ ဗိုလ်လုပွဲသို့ ပထမဆုံးအကြိမ် တက်ရောက်နိုင်ခဲ့သည်။ ရတနာပုံအသင်းမှာ ပထမအကျော့တွင် ခြောက်ဂိုးပြတ်အနိုင်ရထားသလို ယခုပွဲတွင်လည်း နှစ်ဂိုးပြတ်အနိုင်ရရှိပြီး နှစ်ကျော့ပေါင်းရလဒ် ရှစ်ဂိုးပြတ်ဖြင့် မကွေးအသင်းကို ကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၁၂ ကော်လံ ၄ သို့ ◯


မကွေးနှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

ယ ‌ေ နေ့ မာတိကာ


စိုက်ပျိုးရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု မြန်မာနှင့် အစ္စရေးအတွက် အရေးကြီး
စာမျက်နှာ » ၁၁

AFF U-19 Championships 2015 ဘောလုံးပြိုင်ပွဲများ တိုက်ရိုက်ထုတ်လွှင့်ပြသမည်
စာမျက်နှာ » ၁၂

ရေးဟောင်းပစ္စည်းများ အိုင်အက်စ်တို့ ဖျက်ဆီးမှုဘေးမှ ဆီးရီးယား ကာကွယ်စောင့်ရှောက်ထား
စာမျက်နှာ » ၁၃




themirror.npt@gmail.com
www.facebook.com/themirrordaily